# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ နယုန်လပြည့်ကျော် (၆)ရက် ၊ သောကြာနေ့ ၊ (5-6-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၀၃၆)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## ကျွန်တော်တို့မြန်မာနိုင်ငံကို လာပြီး ရင်းနှီးမြှုပ်နှံပြီးတော့မှ ကုန်ထုတ်လုပ်မှုတွေလုပ်၊ ပြီးလို့ရှိရင် မြန်မာနိုင်ငံက ဈေးကွက်ကိုလဲရောင်း၊ မြန်မာနိုင်ငံရဲ့ အိမ်နီးနားချင်း တိုင်းပြည်တွေဖြစ်တဲ့ လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ် စတဲ့ နိုင်ငံတွေကိုလဲရောင်း၊ မြန်မာနိုင်ငံဈေးကွက်တစ်ခုထဲ မဟုတ်ဘူး။ မြန်မာနိုင်ငံက လူဦးရေ သန်း ၅၀ လောက်ပဲရှိတဲ့ ဈေးကွက်ပါ။ ဒါပေမဲ့ ဟိုဘက်နိုင်ငံတွေနဲ့ ပေါင်းလိုက်ရင် လူပေါင်းသန်းနှစ်ရာနီးပါးလောက် ဈေးကွက်တစ်ခု ထပ်ရလာနိုင်စရာရှိတယ်

နေပြည်တော် ဇွန် ၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် အိန္ဒိယနိုင်ငံသို့ တရားဝင်ခရီးစဉ်ရောက်ရှိနေစဉ်အတွင်း Doordarshan (DD India News)သတင်းဌာနက သိရှိလိုသည့်မေးမြန်းမှုများကို လက်ခံဖြေကြားခဲ့ပြီး အဆိုပါ မေးမြန်းဖြေကြားချက်အပြည့်အစုံကို အောက်ပါအတိုင်း ဖော်ပြလိုက်ပါသည် -

မေး။ သမ္မတကြီးအနေနဲ့ အိန္ဒိယနိုင်ငံကို ပထမဆုံး ပြည်ပနိုင်ငံခရီးစဉ်အဖြစ် ရွေးချယ်ခဲ့တာဖြစ်ပါတယ်။ အိန္ဒိယနဲ့ မြန်မာနှစ်နိုင်ငံဟာ လူမှုယဉ်ကျေးမှုဆိုင်ရာ အပြန်အလှန်ထိတွေ့ဆက်နွယ်မှုရှိကြတဲ့ နိုင်ငံတွေဖြစ်ကြပါတယ်။ အဆွေတော် သမ္မတကြီးအနေနဲ့ နှစ်နိုင်ငံအကြား ဆက်ဆံရေးနဲ့ပတ်သက်ပြီး ဖော်ပြမယ်ဆိုရင် ဘယ်လိုဖော်ပြမလဲသိချင်ပါတယ်။

ဖြေ။ ပထမ ကျွန်တော်လာမယ့်အစီအစဉ်ကတော့ အိန္ဒိယနိုင်ငံက ဦးစီးဆောင်ရွက်မယ့် အပြည်ပြည်ဆိုင်ရာကြောင်သတ္တဝါကြီးများညီလာခံကို တက်ဖို့ဖြစ်ပါတယ်။ သို့သော်လည်းပဲ ဒီညီလာခံက

စာမျက်နှာ ၁၆ ကော်လံ ၁



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် Doordarshan (DD India News)၏ မေးမြန်းမှုများကို လက်ခံဖြေကြားစဉ်။



## တီးတိန်မြို့၊ ဖလမ်းမြို့တို့တွင် ဌာနဆိုင်ရာရုံးများ ပျက်စီးမှုအခြေအနေအသေးစိတ်စိစစ်မှု ကြည့်ရှုစစ်ဆေး

ဟားခါး ဇွန် ၄

ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ သန်းစိုး ဦးဆောင်သော အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် တီးတိန်မြို့ပေါ်၌ အကြမ်းဖက်သောင်းကျန်းသူများ၏ တိုက်ခိုက်မှုကြောင့် မီးလောင်ပျက်စီးခဲ့သည့် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း၊ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း သင်တန်းကျောင်းတို့ရှိ အဆောက်အအုံများ၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနရုံးများ၏ ပျက်စီးမှုအခြေအနေကို

စာမျက်နှာ ၂၃ ကော်လံ ၁

## အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် ရှမ်းနီအမျိုးသားများညီညွတ်ရေးအဖွဲ့တို့ တွေ့ဆုံဆွေးနွေး

စာမျက်နှာ - ၂၂

## ကချင်ပြည်နယ်အတွင်း မြစ်ကြီးနား-မိုးကောင်း-မိုးညှင်း မီးရထားခရီးစဉ် တိုးချဲ့ပြေးဆွဲနိုင်ရန် လမ်းပိုင်းပြုပြင်ခြင်းလုပ်ငန်းများကို ဇူလိုင်လအတွင်း အပြီးဆောင်ရွက်မည်



မြစ်ကြီးနား ဇွန် ၄

မြန်မာ့မီးရထားအနေဖြင့် ကချင်ပြည်နယ်အတွင်း မြစ်ကြီးနား-မိုးကောင်း၊ မိုးကောင်း-မြစ်ကြီးနားခရီးစဉ်သာ ပြေးဆွဲနိုင်ခဲ့ရာမှ မြစ်ကြီးနား-မိုးကောင်းမှ မိုးညှင်းမြို့ထိ မီးရထားခရီးစဉ် ဆက်လက်တိုးချဲ့ပြေးဆွဲနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ လမ်းပိုင်းပြုပြင်ခြင်းလုပ်ငန်းများကို လာမည့် ဇူလိုင်လအတွင်း အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း


စာမျက်နှာ ၂၂ ကော်လံ ၁

## ချီဖွေငယ်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံရှိ ဓာတ်အားပေးစက် သုံးလုံးကို အလှည့်ကျရပ်တန့်၍ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်ခြင်း သတင်းထုတ်ပြန်

နေပြည်တော် ဇွန် ၄

ချီဖွေငယ်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် ကချင်ပြည်နယ် ချီဖွေမြို့ အနောက်တောင်ဘက် ခြောက်မိုင်ခန့်အကွာ ချီဖွေချောင်းပေါ်တွင် တည်ဆောက်ထားပြီး တပ်ဆင်အင်အား ၃၃ မဂ္ဂါဝပ်ရှိသော

စာမျက်နှာ ၁၆ ကော်လံ ၁



ရတနာပုံ
၂၀၂၆ ခုနှစ် ဇွန် ၅ ရက်
အယ်ဒီတာ့အာဘော်

## ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ဖို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့

ဇွန် ၅ ရက်(ယနေ့)သည် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ဖြစ်သည်။ ယနေ့ကမ္ဘာကြီးတွင် အပူချိန်မြင့်တက်လာခြင်း၊ မိုးခေါင်ခြင်း၊ ရေကြီးခြင်း၊ အပူလှိုင်းဖြစ်ပေါ်ခြင်းနှင့် လေထုညစ်ညမ်းမှုများကို ပိုမိုတွေ့ကြုံလာရသည်။ ပူပြင်းလာသောရာသီဥတု၊ အသက်ရှူရခက်ခဲစေသောမီးခိုးမြူများနှင့် မိုးရွာသွန်းမှုပုံစံများ ပြောင်းလဲလာခြင်းများသည် ရာသီဥတုပြောင်းလဲမှု၏ ဆိုးကျိုးသက်ရောက်မှုများပင် ဖြစ်ပေသည်။

၂၀၂၆ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့၏ဆောင်ပုဒ်ဖြစ်သော "ရာသီဥတု ပြောင်းလဲမှုတိုက်ဖျက်ဖို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့ A Global Call For Climate Action"သည် ရာသီဥတုပြောင်းလဲမှုကို ကမ္ဘာတစ်ဝန်းပူးပေါင်းတိုက်ဖျက်ရန် နှိုးဆော်ထားခြင်းဖြစ်ပေသည်။

ရာသီဥတုပြောင်းလဲမှုကို လျှော့ချရန်နှင့် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ရန်ဆောင်ရွက်သောလုပ်ငန်းများသည် ရာသီဥတုဆိုင်ရာလှုပ်ရှားမှုများဖြစ်ပြီး ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အသုံးပြုခြင်း၊ လျှပ်စစ်စွမ်းအင်ချွေတာသုံးစွဲခြင်း၊ သစ်ပင်စိုက်ပျိုးခြင်းနှင့် လေထုညစ်ညမ်းမှုလျှော့ချခြင်းတို့သည် ရာသီဥတုဆိုင်ရာလှုပ်ရှားမှု၏အရေးကြီးသော အစိတ်အပိုင်းများဖြစ်သည်။ ထို့ပြင် ရေကိုချွေတာသုံးစွဲခြင်း၊ ပလတ်စတစ်အသုံးပြုခြင်း၊ ပြန်လည်အသုံးပြုနိုင်သောပစ္စည်းများကို အသုံးပြုခြင်း၊ စွန့်ပစ်ပစ္စည်းများကို စနစ်တကျခွဲခြားစွန့်ပစ်ခြင်း၊ သဘာဝသစ်တောများနှင့် ဇီဝမျိုးစုံမျိုးကွဲများကို ကာကွယ်ထိန်းသိမ်းခြင်းတို့ သည်လည်း ရာသီဥတုဆိုင်ရာလှုပ်ရှားမှုတွင်ပါဝင်ပေသည်။

ရာသီဥတုဆိုင်ရာလှုပ်ရှားမှု၏ အရေးကြီးသောအချက်တစ်ချက်မှာ ရာသီဥတုပြောင်းလဲမှုကို လျှော့ချပေးရုံသာမက လူတို့၏ကျန်းမာရေး၊ စီးပွားရေး၊ စိုက်ပျိုးရေးနှင့် လူမှုဘဝအတွက်ပါ အကျိုးကျေးဇူးများစွာကို တစ်ပြိုင်နက်ရရှိစေခြင်းဖြစ်သည်။ ရာသီဥတုဆိုင်ရာလှုပ်ရှားမှုသည် စီးပွားရေးနှင့် စိုက်ပျိုးရေးကဏ္ဍများအတွက်လည်း အရေးကြီးသောအကျိုးကျေးဇူးများရရှိစေပါသည်။ လူသားတို့ကျန်းမာလာသောကြောင့် အလုပ်ပျက်ကွက်မှုလျော့နည်းလာပြီး လုပ်ငန်းခွင်တွင် အလုပ်လုပ်နိုင်စွမ်းများ တိုးတက်လာနိုင်သည်။ ရာသီဥတုဆိုင်ရာလှုပ်ရှားမှုများကြောင့် ရေကြီးခြင်း၊ မိုးခေါင်ခြင်းနှင့် အပူလှိုင်းဖြစ်ပေါ်မှုများကို လျှော့ချနိုင်ပါက သဘာဝဘေးအန္တရာယ်ဆိုင်ရာကုန်ကျစရိတ်များကိုလည်း သက်သာစေနိုင်ပါသည်။

ရာသီဥတုဆိုင်ရာလှုပ်ရှားမှုသည် အစိုးရများနှင့်အဖွဲ့အစည်းများ၏တာဝန်သာမက လူတိုင်း၏နေ့စဉ်ဘဝတွင် ပါဝင်ဆောင်ရွက်ရမည့်တာဝန်တစ်ရပ်လည်းဖြစ်သည်။ ထို့ကြောင့် ရာသီဥတုပြောင်းလဲမှုကို တိုက်ဖျက်ရန်ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ခြင်းသည် ကမ္ဘာကြီးအတွက်သာမက လူတို့၏ကျန်းမာရေး၊ မိသားစုဘဝ၊ စီးပွားရေးနှင့်အနာဂတ်မျိုးဆက်သစ်များအတွက်ပါ အရေးကြီးသောရင်းနှီးမြှုပ်နှံမှုတစ်ခုပင်ဖြစ်သည်။ သန့်ရှင်းသောလေထုဖြစ်စေရေးအတွက် လုပ်ဆောင်မှုတိုင်းသည် ရာသီဥတုကို သမမျှတစေပြီး သဘာဝပတ်ဝန်းကျင်ကိုကာကွယ်ပေးနိုင်ကာ ကျန်းမာသောလူ့အဖွဲ့အစည်းကို တည်ဆောက်ပေးနိုင်ပေမည်ဖြစ်သည်။

သို့ဖြစ်ရာ "ရာသီဥတုပြောင်းလဲမှုတိုက်ဖျက် ဖို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့"ဟူသောဆောင်ပုဒ်နှင့်အညီ စွန့်ပစ်ပစ္စည်းများကို စနစ်တကျခွဲခြားစွန့်ပစ်ခြင်း၊ သဘာဝသစ်တောများနှင့်ဇီဝမျိုးစုံမျိုးကွဲများကို ကာကွယ်ထိန်းသိမ်းခြင်း စသည့်ရာသီဥတုဆိုင်ရာလှုပ်ရှားမှုများတွင် လူတိုင်းပူးပေါင်းပါဝင်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပေသည်။

## ၁၁ ကြိမ်မြောက် သူနာပြု-သားဖွားဒီပလိုမာအောင်လက်မှတ်အပ်နှင်းပွဲသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် တက်ရောက်





**မန္တလေး ဇွန် ၄**

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန သူနာပြုသိပ္ပံ(မန္တလေး)၊ သူနာပြု-သားဖွားဒီပလိုမာသုံးနှစ်သင်တန်း (၄/၂၀၂၃) သင်တန်းသား၊ သင်တန်းသူများ၏ ၁၁ ကြိမ်မြောက် သူနာပြု-သားဖွား ဒီပလိုမာအောင်လက်မှတ် အပ်နှင်းပွဲကို ဇွန် ၃ ရက် နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်တာဝန်ရှိသူများ၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ သူနာပြုတက္ကသိုလ်(မန္တလေး)မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ(ဌာနမှူး)များနှင့် ဆရာ၊ ဆရာမများ၊ ဆေးရုံအုပ်ကြီးများ၊ သူနာပြုအုပ်ကြီးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ပြည်သူလူထုကို ကျန်းမာရေး စောင့်ရှောက်မှုပေးသည့်နေရာတွင် သူနာပြုများသည် အလိုအပ်ဆုံး၊ အားအထားရဆုံး လူ့စွမ်းအားစုများ ဖြစ်ကြောင်း၊ နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှုများ၊ အရှိန်မြင့်တင်မှုလုပ်ငန်းများတွင် ပြည်သူလူထုအတွက်ဦးတည်ပြီး ကျင့်ဝတ်သိက္ခာများနှင့်အညီ သစ္စာရှိရှိ တာဝန်ကျေကျေဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် သူနာပြုသိပ္ပံ(မန္တလေး) ဒုတိယကျောင်းအုပ်က သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

ဆက်လက်၍ သူနာပြုသိပ္ပံ(မန္တလေး)၏ စီမံခန့်ခွဲရေးအဖွဲ့နှင့် ပညာရေးအဖွဲ့ဝင်များက သူနာပြု-သားဖွားဒီပလိုမာ သုံးနှစ်သင်တန်း သင်တန်းသား၊ သင်တန်းသူ ၁၂၁ ဦးကို ဒီပလိုမာအောင်လက်မှတ်များ အပ်နှင်းခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

## ကျောက်ဆည်မြို့နယ်တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးထားသော နွေစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ



**ကျောက်ဆည် ဇွန် ၄**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ်တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့်စိုက်ပျိုးထားသော နွေစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း ကျောက်ဆည်မြို့နယ် သမဝါယမဦးစီးဌာနမှ သိရသည်။

အဆိုပါ နွေစပါးစိုက်ခင်းများကို အရှေ့ရွာနန်းနှင့် တောင်ပလူ စိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမ အသင်းသား ၆၄ ဦးက ၂၇၇ ဧက၊ ပင်တလည်နှင့် ထားဝယ်စိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမ အသင်းသား ၁၅ ဦးက ဧက ၂၅၀၊ ပုထိုးနီစိုက်ပျိုးရေးနှင့် ထုတ်လုပ်ရေးသမဝါယမအသင်းသား ၁၅ ဦးက ဧက ၉၀၊ ရွှေလေးစိုက်ပျိုးရေးနှင့်အထွေထွေသမဝါယမအသင်းသား ၁၄ ဦးက ဧက ၆၀၊ ဇရပ်ဖြူ စိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမ အသင်းသားသုံးဦးက ဧက ၃၀ စိုက်ပျိုးထားကြောင်း သိရသည်။

"နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေနဲ့ နွေစပါးတွေ စိုက်ပျိုးရာမှာ တောင်သူတွေ အဆင်ပြေစေဖို့ နိုင်ငံတော်က စပါးတစ်ဧကကို ငွေကျပ် နှစ်သိန်းခွဲနဲ့ညီမျှတဲ့ သွင်းအားစုတွေ ပံ့ပိုးပေးထားပါတယ်။ သွင်းအားစုတွေ ပြည့်ပြည့်ဝဝ ထည့်သွင်းအသုံးပြုနိုင်တဲ့အတွက် စပါးတစ်ဧကအထွက်နှုန်း ပိုမိုတိုးတက်လာစေမှာဖြစ်ပါတယ်"ဟု ကျောက်ဆည်မြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်ထွန်းအောင်က ပြောပြသည်။

စပါးကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း ဦးစီးအရာရှိ ဦးဇော်ထွန်းအောင်က ပြောပြ၍ သိရသည်။

**သက်မောင်(ကျောက်ဆည်)**

## ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ငါးရှဉ့်ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ဓနုဖြူ ဇွန် ၄**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ငါးရှဉ့်ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဓနုဖြူမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်တင်အေးက ပြောပြ၍ သိရသည်။

ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်းက ငါးရှဉ့်ပိဿာချိန် ၄၀၀၀၀ သာ တင်ပို့ရောင်းချခဲ့ပြီး မေလအတွင်း ငါးရှဉ့်ပိဿာချိန် ၄၅၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ငါးရှဉ့်များအရောင်းအဝယ် ကောင်းလာခြင်းသည် ရန်ကုန်ဈေးကွက်က ငါးရှဉ့်များကို အဝယ်လိုက်နေခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့မေလ ပထမပတ်လောက်ကတည်းက ငါးရှဉ့်တွေ သိသိသာသာကို တင်ပို့အားကောင်းခဲ့ပါတယ်။ ဒေသထွက်ငါးရှဉ့်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိက တင်ပို့ ရောင်းချတာဖြစ်ပါတယ်။ ငါးရှဉ့်တွေကို ရန်ကုန်ဈေးကွက်အပြင် အခြားဒေသတွေကိုလဲ တင်ပို့ရောင်းချနေပါတယ်" ဟု ဓနုဖြူမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်တင်တင်အေးက ပြောပြသည်။

ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် တစ်လအတွင်း တင်ပို့ရောင်းချခဲ့ရသည့် ငါးရှဉ့် ၁၀ ပိဿာလျှင် ငွေကျပ် ၁၈၅၀၀၀ မှ ၂၀၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

အဆိုပါငါးရှဉ့်များ အရောင်းအဝယ် ကောင်းမွန်သောကြောင့် ငါးရှဉ့်မွေးမြူသူများ၊ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း အဆင်ပြေလျက်ရှိကြောင်း ဓနုဖြူမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်တင်တင်အေးက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# သဲကုန်းမြို့နယ် မအူကန်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**သဲကုန်း ဇွန် ၄**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် သဲကုန်းမြို့နယ် မအူကန်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ဇွန် ၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နတ်တလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဌေးလွင်စိုး၊ သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထက်နောင်နှင့် တာဝန်ရှိသူများက မအူကန်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးဌေးလွင်စိုးက ဆောင်ရွက်ပြီး လုပ်ငန်းများကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ကြရန်နှင့် အကျိုးရှိစွာ အသုံးပြုကြရန် ဆွေးနွေးမှာကြားခဲ့သည်။

မအူကန်ကျေးရွာ၌ ဂါလန် ၅၀၀၀ ဆံ့ ရေစုကန် နှစ်ကန် တည်ဆောက်ခြင်းနှင့် အခြားဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ခြင်းကို တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေကျပ် ၃၂ သန်းဖြင့် သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆ ခုနှစ် ဧပြီလ ဒုတိယပတ်မှစတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှုကြောင့် မအူကန်ကျေးရွာရှိ ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေကို ဖူလုံစွာသုံးစွဲနိုင်ကာ အဆင်ပြေလျက်ရှိကြောင်း သိရသည်။ **အေးမြတ်**

# ရေနံချောင်းမြို့နယ် ဘဲဆိပ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ရေနံချောင်း ဇွန် ၄**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ရေနံချောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဘဲဆိပ်ကျေးရွာအုပ်စု ဘဲဆိပ်ကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ဇွန် ၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ချောက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မေသက်နိုင်၊ ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးထွန်းမင်းနှင့်ဝန်ထမ်းများက ဘဲဆိပ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၅၂ ဒသမ ၃ သန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့် တွေ့ဆုံကာ လိုအပ်သည်များ မှာကြားခဲ့သည်။

ဘဲဆိပ်ကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်က စတင်ဆောင်ရွက်ခဲ့ပြီး ယခုအခါ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေး၊ အရောင်းအဝယ် လုပ်ငန်းနှင့် ရေလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၄ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၅၂ ဒသမ ၃သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။ **နေဘ်လူး**

# ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၆၁၉၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ပွင့်ဖြူ ဇွန် ၄**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၆၁၉၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၆၇၇၁ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၆၁၉၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်မှာ ပဲတီစိမ်း ၆၇၇၁ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ ပဲတီစိမ်းကို မေလပထမပတ်က စတင်စိုက်ပျိုးခဲ့ပါတယ်။ ဒီနေ့မှာ ပဲတီစိမ်း ၆၁၉၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်း စိုက်ပျိုးမှုနဲ့ပတ်သက်ပြီး စိုက်ဧကတွေတိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေ ရွေးချယ်စိုက်ပျိုးဖို့ စတဲ့ အသိပညာပေးလုပ်ငန်းတွေကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ပဲတီစိမ်းစိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များ ရရှိစေရန်၊ စိုက်နည်းစနစ်များ မှန်ကန်စေရန်၊ ပိုးမွှားကျရောက်မှု မရှိစေရန် စသည့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေး လုပ်ငန်းများကို ကွင်းဆင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကိုပါ ရောင်းချနိုင်သဖြင့် ဝင်ငွေတိုးပွားပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို ဒေသမရွေး ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

# မင်းဘူးမြို့နယ် ပုဂံစစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းဘူး ဇွန် ၄**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပုဂံစစ်ကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ် ရန်ပုံငွေထုတ်ချေးခြင်းကို ဇွန် ၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းဘူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မာဝင်းက မြစိမ်းရောင် ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါညွှန်ကြားချက်များ၊ စီမံကိန်း ဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ ငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါအကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ပုဂံစစ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၆ ဦးကို ငွေကျပ် ၄၅၅ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၇ ဦးကို ငွေကျပ် ၂၄၄ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၃ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၆၉၉ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ဇင်မာ**

# ဇလွန်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း နှံ့ကားစပါးတင်းရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ဇလွန် ဇွန် ၄**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း နှံ့ကားစပါးတင်းရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဇလွန်မြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သီရိက ပြောပြသည်။

ဇလွန်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်းက နှံ့ကားစပါးတင်းရေ ၃၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မေလအတွင်းနှံ့ကားစပါးတင်းရေ ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ နှံ့ကားစပါးအမျိုးအစား တင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၅၅၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ပြီးခဲ့တဲ့ မေလအတွင်း နှံ့ကားစပါးတင်းရေ တော်တော်များများတင်ပို့ရောင်းချခဲ့ရပါတယ်။ ဒီဘက်က လယ်ယာထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကိုပဲ အဓိက တင်ပို့ရောင်းချနေပါတယ်။ နှံ့ကားစပါးအမျိုးအစားက ဆန်ကြမ်းအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစားဖြစ်တယ်။ ဆန်ကြမ်းဆိုပေမဲ့လဲ လူအများစု ကြိုက်နှစ်သက်တဲ့ စပါးဖြစ်ပါတယ်။ ရန်ကုန်ဈေးကွက်က လက်ရှိမှာလဲ နှံ့ကားစပါး အမျိုးအစားကို အများအပြားဝယ်ယူဖို့ ကမ်းလှမ်းမှုတွေရှိနေပါတယ်။ တင်ပို့ရောင်းချတဲ့အခါမှာလဲ အခက်အခဲမရှိပါဘူး။ အခုလို နှံ့ကားစပါးတွေ အရောင်းအဝယ်ကောင်းလာတော့ လယ်ယာထွက်ကုန် တင်ပို့တဲ့လုပ်ငန်းနဲ့ ဆက်စပ်သူတွေ အဆင်ပြေလာပါတယ်" ဟု ဇလွန်မြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သီရိက ပြောပြသည်။

ဇလွန်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နှံ့ကားစပါး အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ခြင်းကြောင့် စပါးစိုက်တောင်သူများ၊ ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင် အခွင့်အလမ်း အဆင်ပြေလျက်ရှိကြောင်း ဇလွန်မြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သီရိထံမှ သိရသည်။

**ကျော်ကျော်လင်း**



# သက်ရှိလောကတည်မြဲဖို့ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့

မောင်ငြိမ်းသူ(ကြို့ပင်ကောက်)

**❖ အယ်နီညို၏အန္တရာယ်ကို ကြိုတင်ကာကွယ်နိုင်ရန်အတွက် အပူဒဏ်ကိုကာကွယ်နိုင်စွမ်းရှိပြီး ရာသီဥတုကိုမျှတသာယာစေသော သစ်ပင်များ၊ တောအုပ်များနှင့် ဝေဆာနေကြသောတောတောင်များပေါ်များ ဖွံ့ဖြိုးတိုးတက်တည်တံ့လာစေရန်ဝိုင်းဝန်းကြိုးစားကြရပေမည်။ ထို့ကြောင့် ဥတုရာသီတောကိုမှီ၊ သစ်ပင်စိုက်ပါတို့ကမ္ဘာ၊ သာယာလှပစိမ်းမြမြ၊ သစ်တောနှင့်သစ်ပင်၊ ချစ်ခင်တဲ့လူမျိုး၊ သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး၊ သစ်ပင်စိုက်လျှင်တို့ဝန်းကျင် စိမ်းစိုလှပကြည်နူးရ၊ သက်ရှိလောကတည်မြဲဖို့ သဘာဝတောတွေကို ထိန်းသိမ်းစို့၊ ဇီဝမျိုးစုံမျိုးကွဲတွေကြွယ်ဝဖို့ သစ်ပင်စိုက်ပျိုးကြပါစို့ဟူသောဆောင်ပုဒ်များကိုထုတ်ကာ သစ်ပင်စိုက်ပျိုးကြရန် လှုံ့ဆော်နေခြင်းဖြစ်သည်။ ❖**

မိုးဦးကျလေပြီ။ မိုးရာသီ(အကြို)စုပေါင်းသစ်ပင်စိုက်ပျိုးပွဲများကို နိုင်ငံအနှံ့အပြားတွင် ကျင်းပတော့မည်ဖြစ်သည်။

နေ့စဉ်ထုတ် နိုင်ငံတော်သတင်းစာများတွင်လည်း **"နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့"** **"သက်ရှိလောကတည်မြဲဖို့ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့"** **"ဥတုရာသီတောကိုမှီ"**ဟူသောဆောင်ပုဒ်များကို ထုတ်ပြန်ကာ လှုံ့ဆော်သမှုပြုနေကြသည်။

မြန်မာနိုင်ငံ၏ရာသီဥတုသဘာဝအခြေအနေအရ နှစ်စဉ်ဇွန်လနှင့် ဇူလိုင်လတို့တွင် သစ်ပင်များစိုက်ပျိုးလအဖြစ်သတ်မှတ်ကာ၊ သစ်ပင်(ပျိုးပင်)မျိုးစုံကို စိုက်ပျိုးနေခဲ့ကြသည်။ **"ကမ္ဘာ့သစ်ပင်စိုက်ပျိုးရေးနေ့"**ကလည်း ဇူလိုင် ၇ရက်နေ့ဖြစ်နေလေရာ မြန်မာနိုင်ငံရာသီဥတုနှင့်လည်း ကိုက်ညီနေသည်။ ထို့ပြင် ဇွန် ၅ ရက် **ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့**ကို အကြောင်းပြု၍ နှစ်စဉ် ထိုနေ့နှင့်ထိုနေ့ဝန်းကျင်တွင် သစ်ပင်စိုက်ပျိုးရေးပွဲတော်နှင့် ဟောပြောပွဲများကို ကျင်းပကြလေ့ရှိသည်။

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး စတင်ဖောက်လုပ်ခါစက လမ်းဘေးဝဲယာတွင် အရိပ်ရကုက္ကိုပင်ပေါင်း ၃၀၀၀၀ ကျော်ကို စိုက်ပျိုးခဲ့သည်။ ထို့ကြောင့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးဝန်းကျင်တွင် အရိပ်ရအပင်များနှင့် စိမ်းလန်းစိုပြည်ကာ ခရီးသွားလာသူအပေါင်းကို စိတ်ချမ်းမြေ့စေသည့်အပြင် အပူဒဏ်ကိုလည်း လျှော့ချပေးနိုင်သည်။

၁၉၇၂ ခုနှစ် ဇွန်၅ရက်က ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့၌ နိုင်ငံပေါင်း ၁၁၃ နိုင်ငံမှ ကိုယ်စားလှယ်ပေါင်း ၁၂၀၀ ကျော် တက်ရောက်ခဲ့ကြသည့် လူ့ပတ်ဝန်းကျင်ဆိုင်ရာညီလာခံကြီးမှ နှစ်စဉ် ဇွန် ၅ ရက်ကို **"ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့"**အဖြစ် သတ်မှတ်ကျင်းပနေခြင်းဖြစ်သည်။

ယခုဇွန်လမှစတင်၍ အားအနည်းငယ်ရှိသော အယ်နီညိုအခြေအနေသို့ ရောက်ရှိနိုင်ပြီး ၂၀၂၆ ခုနှစ် ကုန်ပိုင်းတွင် အားကောင်းသောအခြေအနေသို့ ရောက်ရှိနိုင်သည်ဟု နိုင်ငံတကာမိုးလေဝသက သတိပေးလှုံ့ဆော်ထားသည်။

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများမှာ သစ်ပင်များ၊ သစ်တောများ၊ ချောင်း၊ မြစ်၊ ပင်လယ်နှင့်သမုဒ္ဒရာများ၊ တိရစ္ဆာန်များ၊ မြေအောက်သယံဇာတများ၊ နေအိမ်အဆောက်အအုံများနှင့် လူသားမျိုးနွယ်စုများကို ထိန်းသိမ်းစောင့်ရှောက်ကြရေးပင်ဖြစ်သည်။

ထိုလုပ်ငန်းများကို ထိခိုက်စေသော အယ်နီညိုနှင့် ကမ္ဘာ့လူသားများ မလွဲမရှောင်သာဘဲ ထိပ်တိုက်ကြုံတွေ့လာခဲ့ရသည်။ စပိန်ဘာသာစကားဖြစ်သော အယ်နီညိုကို မြန်မာလို **"ရေနွေးစီးကြောင်း"**ဟုခေါ်သည်။ ၁၅၅၀ ပြည့်နှစ်ခန့်မှစ၍ ရေနွေးစီးကြောင်းရောက်လာချိန်တွင် ငါးများရှားပါးလာလေ့ရှိသည်ကို ရေလုပ်သားများက သတိထားခဲ့မိကြရာမှ အယ်နီညိုဖြစ်စဉ်ကို သိလာခဲ့ကြသည်။ ထိုအချိန်က အယ်နီညိုကို ငါးများရှားပါးစေသော သာမန်ဖြစ်စဉ်ဟုသာ ထင်မှတ်ထားခဲ့ကြသည်။ ၁၉၈၂ ခုနှစ်သို့ ရောက်ရှိမှသာ အယ်နီညိုသည် ကမ္ဘာ့ရာသီဥတုကိုလွန်စွာထိခိုက်စေသော အန္တရာယ်ဖြစ်မှန်းသိခဲ့သည်။

၁၉၈၂-၁၉၈၃ ခုနှစ်တွင် အယ်နီညိုသည် ရေပြင်မှာသာမကတော့ဘဲ အထက်လေထုအတွင်းကိုပါ ထိုးဖောက်ဝင်ရောက်လာခဲ့သည်။ လေထုနှင့်ရေထုသည် အပြန်အလှန်အကျိုးသက်ရောက်မှုရှိနေလေရာ အယ်နီညိုကြောင့် ရာသီဥတုမှာ ပုံမှန်မဟုတ်တော့ဘဲ ဖောက်ပြန်လာသည်။ အယ်နီညိုဖြစ်စဉ်ကာလမှာ တစ်နှစ်ခန့်အချိန်ကြာလေ့ရှိရာ ထိုကာလအတွင်း (၁) မိုးရွာသွန်းမှုလျော့နည်းတတ်ခြင်း၊ (၂) အပူချိန်တိုးမြင့်တတ်ခြင်း၊ (၃) မိုးခေါင်တတ်ခြင်း၊ (၄) မုတ်သုံအဝင်နောက်ကျတတ်ခြင်း၊ (၅) မုတ်သုံအထွက် စောတတ်ခြင်း၊ (၆) မုတ်သုံမိုးနည်းတတ်ခြင်း၊ (၇) မိုးလယ်ကာလ မိုးလျော့နည်းတတ်ခြင်း၊ (၈) မုန်တိုင်းများ မူမမှန်ခြင်း စသည့်ရာသီဥတုပြောင်းလဲမှုဒဏ်များကို ကြုံတွေ့ကြရလေ့ရှိသည်။

အယ်နီညိုနှင့်ပတ်သက်၍ ကမ္ဘာ့သမိုင်းမှတ်တမ်းဝင် အဆိုးရွားအပြင်းထန်ဆုံး ၁၂ နှစ်ရှိခဲ့ကြောင်း၊ ၁၂ နှစ်တာကာလမှာ ၁၉၈၀ ပြည့်နှစ်မှ ၂၀၀၀ ပြည့်နှစ်ကာလအတွင်းဖြစ်ကြောင်း၊ ထိုကာလအတွင်း ၁၉၉၇-၁၉၉၈ ခုနှစ် အယ်နီညိုဖြစ်စဉ်သည် အဆိုးရွားဆုံးစံတင်ခဲ့ကြောင်း၊ တစ်ကမ္ဘာလုံးအတိုင်းအတာအရ စီးပွားရေး၊ လူမှုရေးလုပ်ငန်းများ၏ဆုံးရှုံးမှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၄ ဘီလီယံကျော်ခဲ့ကြောင်း၊ လူဦးရေ ၁၄၀၀၀ ကျော်သေဆုံးခဲ့ပြီး လူ ၁၁၁ သန်းကျော် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း၊ အိုးအိမ်များကို စွန့်ပစ်ပြောင်းရွှေ့ခဲ့ရသူ ခြောက်သန်းကျော်ရှိခဲ့ပြီး စိုက်ပျိုးရေးမြေဧက ၅၆ သန်းကျော် ထိခိုက်ဆုံးရှုံးခဲ့ကြောင်း ကမ္ဘာ့ကုလသမဂ္ဂမှ ထုတ်ပြန်ကြေညာချက်အရ သိခဲ့ရသည်။

၁၉၉၇-၁၉၉၈ ခုနှစ် အယ်နီညိုဖြစ်စဉ်ကို မြန်မာနိုင်ငံလည်း ခံစားခဲ့ရသည်။ အနယ်နယ်အရပ်ရပ်တွင် အပူဒဏ်ကြီးသောကြောင့် သက်ကြီးရွယ်အိုများနှင့် ကလေးသူငယ်များ သေဆုံးခဲ့ကြရသည်။ တချို့လည်း အပူလျှပ်ဒဏ်ခံကြရပြီး လေဖြတ်ဝေဒနာခံစားခဲ့ကြရသည်။ တောင်သူလယ်သမားများလည်း များစွာသော ထိခိုက်မှုဒဏ်ကို ခံခဲ့ကြရသည်။

အယ်နီညို၏အန္တရာယ်ကို ကြိုတင်ကာကွယ်နိုင်ရန်အတွက် အပူဒဏ်ကိုကာကွယ်နိုင်စွမ်းရှိပြီး ရာသီဥတုကို မျှတသာယာစေသောသစ်ပင်များ၊ တောအုပ်များနှင့် ဝေဆာနေကြသောတောတောင်များပေါ်များ ဖွံ့ဖြိုးတိုးတက်တည်တံ့လာစေရန် ဝိုင်းဝန်းကြိုးစားကြရပေမည်။ ထို့ကြောင့် **ဥတုရာသီတောကိုမှီ၊ သစ်ပင်စိုက်ပါတို့ကမ္ဘာ သာယာလှပစိမ်းမြမြ၊ သစ်တောနှင့်သစ်ပင် ချစ်ခင်တဲ့လူမျိုး၊ သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး၊ သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပကြည်နူးရ၊ သက်ရှိလောကတည်မြဲဖို့ သစ်ပင်စိုက်ပျိုးကြပါစို့၊ ဇီဝမျိုးစုံမျိုးကွဲတွေကြွယ်ဝဖို့ သဘာဝတောတွေကို ထိန်းသိမ်းစို့**ဟူသောဆောင်ပုဒ်များကိုထုတ်ကာ သစ်ပင်စိုက်ပျိုးကြရန် လှုံ့ဆော်နေခြင်းဖြစ်သည်။

**သစ်တောများပြုန်းတီးရခြင်းအကြောင်းရင်း**

တရားမဝင်သစ်ခုတ်မှုများ၊ သယံဇာတတူးဖော်မှုများ၊ လယ်ယာမြေသစ်တိုးချဲ့မှုနှင့် ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးမှုများ၊ ကျေးလက်နေပြည်သူအများစုက ထင်းလောင်စာအဖြစ် အသုံးပြုနေကြမှုများ၊ အိမ်ရာဆောက်လုပ်ရန်နှင့် ပရိဘောဂပစ္စည်းများသုံးစွဲရေးအတွက် အသုံးပြုနေမှုများ၊ လမ်းသစ်များဖောက်လုပ်မှုများ၊ လျှပ်စစ်ဓာတ်အားလိုင်းများနှင့် မလွတ်ကင်းသဖြင့် ခုတ်ထွင်ရှင်းလင်းမှုများ၊ စက်မှုဇုန်များ တိုးချဲ့တည်ဆောက်မှုများ စသည့်အကြောင်းရင်းများကြောင့် သစ်တောများပြုန်းတီးနေကြရခြင်းဖြစ်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏မှတ်တမ်းများအရ-

- မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုဧရိယာသည် ၂၀၂၀ပြည့်နှစ်တွင် နိုင်ငံဧရိယာ၏ ၄၂ ဒသမ ၁၉ ရာခိုင်နှုန်းဖြစ်ကြောင်း
- ၂၀၁၀ပြည့်နှစ်နှင့် ၂၀၂၀ ပြည့်နှစ်အတွင်း နှစ်စဉ်ပျမ်းမျှသစ်တောပြုန်းတီးမှုသည် နိုင်ငံဧရိယာ၏ သုည ဒသမ ၉၆ ရာခိုင်နှုန်းရှိပြီး နှစ်စဉ်ပျမ်းမျှဧက ခုနစ်သိန်းကျော် ပြုန်းတီးနေကြောင်း၊ ထို့ကြောင့် နိုင်ငံအနှံ့တွင် သစ်ပင်စိုက်ပျိုးရန် လိုအပ်နေကြောင်း မစိုက်ပျိုးပါက သဘာဝဘေးအန္တရာယ်များဒဏ်ကို ခံကြရမည်ဖြစ်ကြောင်း သိရသည်။

စိုက်ပျိုးသူကတစ်ယောက်၊ တောခုတ်သူက တစ်ထောင်ဖြစ်နေသော လက်ရှိအခြေအနေအရဆိုပါမူ ကြာလျှင်သစ်ပင်ရှားပါး၊ တောရှားပါးပြီး ရာသီဥတုဖောက်ပြန်မှုဒဏ်ကို နာလန်မထူနိုင်အောင် ခံစားကြရပေလိမ့်မည်။

မြန်မာနိုင်ငံရှိလူဦးရေအချိုးအစားအရ ထင်းလိုအပ်ချက်မှာ တစ်နှစ်လျှင် ကုဗတန် သန်း ၂၀ ကျော်ရှိနေကြောင်း၊ နိုင်ငံလူဦးရေ၏ ၈၅ ရာခိုင်နှုန်းသည် ထင်းလောင်စာကိုသာအသုံးပြုနေကြောင်း၊ သစ်တောပြုန်းတီးမှုဖြစ်ပေါ်ရခြင်းမှာလည်း ထင်းလောင်စာများကြောင့်ဖြစ်ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးဝန်ကြီးဌာနမှ ပြောကြားချက်အရ သိရသည်။

**အမျိုးသားစာဆိုကြီး ဆရာဇော်ဂျီက "တောပင်တွေ တော်တော်ခုတ်ကြ၊ တောပြုတ်လိမ့်နောင့်နောင်။ တောခုတ်လို့တောပြောင်၊ မိုးခေါင်တော့မှာပဲ။ မိုးခေါင်လို့ ရေမကြွယ် သဲပင်လယ်ဖြစ်လေ့မလွဲ"**ဟု စပ်ဆိုသတိပေးခဲ့သလို **အာဆီယံကဗျာဆုရှင် မောင်စိန်ဝင်း(ပုတီးကုန်း)**ကလည်း **"ဥတုရာသီ"** ဟူသောခေါင်းစီးဖြင့် **"တစ်တောလုံးညို့မှ တစ်မြို့လုံးမိုးရွာခဲ့။ တစ်တောလုံးပြောင်၊ တစ်တောင်လုံးလင်းတဲ့နှစ်မှ မြို့တွင်းမှာ ပင်လယ်ဖြစ်၊ ရေနစ်သတဲ့"**ဟု စပ်ဆိုသတိပေးခဲ့သည်။

စာရေးသူသည် ယူနန်ပြည်နယ်ထဲသို့ စာပေတာဝန်ဖြင့် ၂၀၀၇ ခုနှစ် ၂၀၀၉ ခုနှစ်များက နှစ်ကြိမ်ရောက်ဖူးခဲ့ရာ ထူးထူးခြားခြား ဘာမျှမတွေ့ခဲ့ရပါ။ ထို့နောက် ၂၀၁၄ ခုနှစ် ဇွန်လဆန်းက စာပေဟောပြောပွဲသို့သွားရင်းက တတိယအကြိမ်ရောက်သွားသောအခါ အံ့အားသင့်ဖွယ်ကောင်းလှသည့် ထူးခြားဆန်းကြယ်မှုများကို ရင်သပ်ရှုမောဖွယ်တွေ့မြင်ခဲ့ရသည်။

ရွှေလီမြို့ထဲတွင် **"နာဂစ်တောအုပ်နှင့် နီကယ်တောတန်း"**အပြင် အခြားတောအုပ်ငယ်လေးများကို လေ့လာခွင့်ရခဲ့သည်။ မြန်မာနိုင်ငံတွင် နာဂစ်တုန်းက လဲကျခဲ့ကြသော ကုက္ကိုပင်ကြီးများအပါအဝင် သစ်ပင်ကြီးများကိုဝယ်ယူသယ်ဆောင်လာခဲ့ကြပြီး ပြန်လည်အသက်သွင်းစိုက်ပျိုးထားကြသည်။

အမြစ်အထက်နားမှ ဖြတ်တောက်ထားသော သစ်လုံးကြီးများကို ကရိန်းများဖြင့်ထောင်မတ်ပြီး ရေများထည့်ထားသော တွင်းနက်ကြီးများထဲသို့ထည့်ကာ ဆေးဖျန်းပေးကြသည်။ တစ်လခန့်အကြာတွင် အမြစ်အဖြူလေးများ ထွက်လာကြသည်။ ထိုအမြစ်အဖြူလေးများသန်မာလာသောအခါ အောက်ဆီဂျင်ဆေးထိုးပေးကြသည်။အမြစ်လက်တက်ပွားလေးများ မြေကြီးထဲစိုက်ဝင်သွားပြီး ပင်စည်ကိုထိန်းနိုင်ပြီဟု စိတ်ချရသည့်အချိန်မှ ကရိန်းများကိုဖယ်ရှားလိုက်ကြသည်။ ပင်စည်ထိပ်ဖျားမှလည်း အခက်အညွှန့်များ ထွက်ပေါ်လာကြသည်။ ခေတ်မီသိပ္ပံနည်းကျပြောင်းရွှေ့စိုက်ပျိုးနည်းဟုခေါ်သည်။

ထိုမျှသာမကသေးပေ။ ကျယ်ဂေါင်မြို့လယ်လမ်းဘေးတစ်လျှောက်၌ ယခင်က ပန်းပင်လှလှလေးများကိုသာ အလှစိုက်ပျိုးထားခဲ့ကြရာမှ ယခုဆိုလျှင် အသီးအခိုင်များ ပြွတ်ခဲနေကြသော ပိန္နဲပင်များက တန်းစီနေရာ ယူထားကြလေပြီ။

စာရေးသူတို့မြန်မာလူမျိုးများထဲတွင် သစ်ပင်စိုက်ခြင်းသည် ဇရပ်လှုဒါန်းခြင်း ထာဝရကုသိုလ်ဟု ခံယူပြီး သစ်ပင်စိုက်လှုဒါန်းနေကြသူများ များစွာရှိကြသည်။ "သစ်တစ်ပင်ကောင်း၊ ငှက်တစ်သောင်းနားရ" "ဘုရားရိပ်၊ တရားရိပ်၊ သံဃာရိပ်၊ မိဘရိပ်၊ သစ်ရိပ်ဝါးရိပ်"ဟူသော စကားပုံများထဲတွင်လည်း သစ်ပင်၏ကျေးဇူးတရားများပါရှိသည်။

ဥတုရာသီ၊ တောကိုမှီနေသည်ဖြစ်ရာ သစ်ပင်များ၊ သစ်တောများလျော့နည်းပျောက်ကွယ်သွားခြင်းမရှိစေရေးအတွက် **"ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ"**ကို ပါဝင်ကူညီနေကြကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး၏အကျိုးစီးပွားအတွက် ပါဝင်ထမ်းဆောင်ရာရောက်သည်။

**တစ်သက်တာ ထာဝရပျော်ချင်ရင် သစ်ပင်စိုက်ပါ**ဟူသောစကားအတိုင်း မြန်မာများက အချိန်ရှိခိုက်လုံ့လစိုက်ထုတ်ကြကာ တက်ညီလက်ညီဝိုင်းဝန်းကူညီကြစေချင်ပါကြောင်း ရေးသားလိုက်ရပါသည်။

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ ကြွက်သားတွေကလည်း ပိုမို အဆီပိုတွေ မရှိတော့ဘူးဆိုရင် ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။

ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

## ထိန်းသိမ်းအစဉ် တို့ဝန်းကျင်

- ရေမြေတောတောင် ရစ်ပတ်နှောင်၍
  လျှိုမြောင်စိမ့်စမ်း အေးအေးချမ်းပင်
  သစ်စိမ်းပင်တို့ ရှင်ဖူးသည်။

- တောပျော်သားရဲ ကျေးငှက်ဝဲကာ
  လျှံမြငှက်တေး တေးသံပေးလျက်
  မနေးဆူသံညံဖူးသည်။

- ချောင်းမှသည်မြစ် မြစ်မှပင်လယ်
  ရေပြင်ကျယ်သား ပုစွန်ငါးတို့
  ဟင်းစားရိက္ခာဖြာဖူးသည်။

- ယခုအခါ လူ့ကမ္ဘာတွင်
  မှန်စွာဆောင်ကြဉ်း ပူရှိန်ပြင်းကာ
  ယိုယွင်းပျက်ရ သဘာဝသည်
  မမျှဝန်းကျင် မှန်တိုင်းဆင်လျက်
  သစ်ပင်တောပြုန်း တောင်ကတုံးနှင့်
  ရှောင်ပုန်းသားရဲ ငှက်မမြဲပါ
  မလန်းဖြာမို့ မဟာလူသား
  လူ့စွမ်းအားဖြင့် ဖွံ့ထွားစည်ပင်
  လှဝန်းကျင်ကို တို့လျှင်ကြိုးပမ်း
  သာစခန်းဆီ တက်လှမ်းချီရေး
  စဉ်မနေးဘဲ အလေးပေးကာ ထိန်းကြစို့။ ။

မန်းတင့်မော်

# ရွှေဘိုခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စွန်တာပြာပဲ ၁၀၁၄၅ ဧက စိုက်ပျိုးမည်



ယခင်နှစ်က စွန်တာပြာပဲစိုက်ခင်းကို တွေ့ရစဉ်။

**ရွှေဘို ဇွန် ၄**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စွန်တာပြာပဲ ၁၀၁၄၅ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စွန်တာပြာပဲ စိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ရွှေဘိုမြို့နယ်တွင် ၁၈၃၄ ဧက၊ ဝက်လက်မြို့နယ်တွင် ၅၈၅၄ ဧက၊ ကျောက်မြောင်းမြို့နယ်ခွဲတွင် ၂၄၅၇ ဧက စုစုပေါင်း ၁၀၁၄၅ ဧကတို့ဖြစ်ပြီး အဆိုပါစိုက်ပျိုးမှုကို ယခုနှစ် ဇွန်လဒုတိယပတ်မှ စတင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ရွှေဘိုခရိုင်မှာ စွန်တာပြာပဲ ဧက ၁၀၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးမယ်။ စွန်တာပြာပဲ စိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ ပညာပေးတာတွေရှိပါတယ်" ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြသည်။

ယခုနှစ် ရွှေဘိုခရိုင်တွင် စွန်တာပြာပဲစိုက်တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေသြဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စွန်တာပြာပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ စွန်တာပြာပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြ၍ သိရသည်။ (၂၀၆)

# တံတားဦးမြို့နယ် ရွှေမိုးမြေကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**တံတားဦး ဇွန် ၄**

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွှေမိုးမြေကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တံတားဦးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မာစန်း၊ တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ချောယဉ်စုနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများသည် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဒေါ်ခင်မာစန်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၅၀ ကို ငွေကျပ် ၁၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၈၀ ကို ငွေကျပ် ၁၆ သန်း၊ အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူဦးရေ ၁၁၀ ကို ငွေကျပ် ၁၆ ဒသမ ၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၂၄၀ အတွက် ရန်ပုံငွေကျပ် ၄၇ ဒသမ ၅ သန်းကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ချောယဉ်စုထံမှ သိရသည်။ **အောင်ရဲကျော်**

# ပေါင်းတည်မြို့နယ် နဘဲတုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ပေါင်းတည် ဇွန် ၄**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ပေါင်းတည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက နဘဲတုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု အခြေအနေများကို ဇွန် ၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပေါင်းတည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန္တာဦးရွှေနှင့်ဝန်ထမ်းများက နဘဲတုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီများနှင့်တွေ့ဆုံကာ လိုအပ်သည်များကို ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

နဘဲတုန်းကျေးရွာ၌ လမ်းအရှည်ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၁၄ ဒသမ ၁ သန်းဖြင့် ဦးစီးဌာနမှဝန်ထမ်းများ၏ နည်းပညာကူညီပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ယခုနှစ်မေလပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှုကြောင့် ကျေးရွာနေပြည်သူများ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာပြီး ကျေးရွာမှ ထွက်ရှိလာသော ထုတ်ကုန်ထွက်ကုန်များကို ဈေးကွက်သို့ အချိန်နှင့်တစ်ပြေးညီ ပေးပို့နိုင်ပြီဖြစ်ပြီး ယခင်ကထက် လူနေမှုအဆင့်အတန်း ပိုမိုမြင့်မားတိုးတက်လာမည် ဖြစ်ကြောင်း ပေါင်းတည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန္တာဦးရွှေက ပြောပြ၍ သိရသည်။ **အေးမြတ်**

## နိုင်ငံတကာ သတင်းများ

# နေတိုးအဖွဲ့ထိပ်သီးညီလာခံသို့ အမေရိကန် သမ္မတ ဒေါ်နယ်ထရမ့် တက်ရောက်မည်

နယူးယောက် ဇွန် ၄

ယခုနှစ် ဇူလိုင်လအတွင်း တူကီယဲနိုင်ငံ၌ ကျင်းပမည့် မြောက်အတ္တလန္တိတ် စာချုပ်အဖွဲ့ (နေတိုး) ထိပ်သီးညီလာခံသို့ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် တက်ရောက်မည်ဖြစ်ကြောင်း ဇွန် ၃ ရက်သတင်းများတွင် ရေးသား တင်ပြခဲ့သည်ဟု RT သတင်းဌာန က ယနေ့တွင် ဖော်ပြထားသည်။

တူကီယဲနိုင်ငံ၌ ကျင်းပမည့် နေတိုးအဖွဲ့ ထိပ်သီးညီလာခံသို့ သမ္မတဒေါ်နယ်ထရမ့် တက်ရောက်ရန်စီစဉ်ထားမှုကို အမေရိကန် နိုင်ငံခြားရေးဝန်ကြီး မာကိုရူဘီယိုက အတည်ပြုခဲ့ခြင်းဖြစ်သည်။

အီရန်ပဋိပက္ခကို အကြောင်းပြု၍ နေတိုးအဖွဲ့နှင့် အမေရိကန် နိုင်ငံတို့ကြား ဆက်ဆံရေးတင်းမာနေချိန်တွင် တူကီယဲနိုင်ငံ၌ကျင်းပမည့် နေတိုးထိပ်သီးညီလာခံသို့ တက်ရောက်ရန် အမေရိကန် သမ္မတဒေါ်နယ်ထရမ့်က စီစဉ်ထားခြင်းဖြစ်သည်။

နေတိုးအုပ်စုနှင့် ပတ်သက်၍ သမ္မတဒေါ်နယ်ထရမ့် အနေဖြင့် ဆက်ဆံရေး တင်းမာနေသည့်တိုင် တူကီယဲနိုင်ငံ၌ကျင်းပမည့် နေတိုး ထိပ်သီးညီလာခံသို့ တက်ရောက်မည်ဖြစ်ကြောင်း အမေရိကန် နိုင်ငံခြားရေးဝန်ကြီး မာကိုရူဘီယိုက လွှတ်တော်စစ်ဆေးကြားနာပွဲ၌ ထုတ်ဖော်ပြောကြားထားသည်။

နေတိုးအဖွဲ့ဝင် နိုင်ငံအများ အပြားသည် အီရန်ပဋိပက္ခတွင် အမေရိကန်နိုင်ငံကို အကူအညီ ပေးရန်ငြင်းဆိုခဲ့ကြရာ သမ္မတ ဒေါ်နယ်ထရမ့်က နေတိုးအုပ်စု၏ ရပ်တည်ချက်ကို ပြင်းထန်စွာ ဝေဖန်ပြောကြားထားသည်။

ယခုနှစ် နေတိုးအုပ်စု ထိပ်သီး ညီလာခံကို တူကီယဲနိုင်ငံ အင်ကာရာမြို့၌ ဇူလိုင် ၇ ရက်နှင့် ၈ ရက် တို့တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

# သီရိလင်္ကာ၌ သက်ကြီးစောင့်ရှောက်ရေးဂေဟာ မီးလောင်မှုဖြစ်၊ လူ ၁၂ ဦး သေဆုံး

ကိုလံဘို ဇွန် ၄

သီရိလင်္ကာနိုင်ငံ အန်ဂူရူဝါတိုတာမြို့တွင် ဇွန် ၃ ရက်က သက်ကြီးစောင့်ရှောက်ရေး ဂေဟာ၌ မီးလောင်မှုဖြစ်ပွားရာ လူ ၁၂ ဦး သေဆုံးခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

မီးလောင်မှု ဖြစ်ပွားချိန်တွင် အဆိုပါ အဆောက်အအုံအတွင်းရှိ လူ ၅၁ ဦးကို မီးသတ်တပ်ဖွဲ့ဝင်များက ကယ်တင်နိုင်ခဲ့ကြောင်း သီရိလင်္ကာရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

လက်ရှိတွင် သက်ကြီးစောင့်ရှောက်ရေးဂေဟာ မီးလောင်မှုကို မီးသတ်တပ်ဖွဲ့က ထိန်းချုပ်နိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

သက်ကြီး စောင့်ရှောက်ရေး ဂေဟာ ညွှန်ကြားရေးမှူးကို မီးလောင်မှုနှင့်စပ်လျဉ်း၍ ဖမ်းဆီးထိန်းသိမ်းထားကြောင်း သီရိလင်္ကာရဲတပ်ဖွဲ့ တာဝန်ရှိသူများက ပြောကြားထားသည်။

သက်ကြီး စောင့်ရှောက်ရေး ဂေဟာမီးလောင်မှုတွင် လူခြောက်ဦးလည်း ဒဏ်ရာရခဲ့ကြောင်း သိရသည်။

လက်ရှိတွင် သက်ကြီးစောင့်ရှောက်ရေးဂေဟာ မီးလောင်မှု ဖြစ်ပွားရခြင်း အကြောင်းရင်းကို သီရိလင်္ကာရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးနေကြောင်း သိရသည်။

Ref : RT

Trs : KKO



# နျူကလီးယားလောင်စာထုတ်လုပ်ရေးစက်ရုံသစ်ကို မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန် စစ်ဆေး



ပြုံယမ်း ဇွန် ၄

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် ဇွန် ၃ ရက်တွင် နျူကလီးယား လောင်စာထုတ်လုပ်မှုစက်ရုံသစ်ကို သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း ကေစီအင်န်အေ သတင်းဌာနက သတင်းထုတ်ပြန်ခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

မြောက်ကိုရီးယားနိုင်ငံ အနေဖြင့် နျူကလီးယားလက်နက်များ တည်ဆောက်ထုတ်လုပ်မှုကို အရှိန်မြှင့်တင်နေရမည်ဖြစ်ကြောင်း အဆိုပါ ခရီးစဉ်အတွင်း မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်က တိုက်တွန်းခဲ့သည်။

ပြီးခဲ့သည့် ငါးနှစ်တာကာလအတွင်း မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားလက်နက် ထုတ်လုပ်နိုင်သည့် အဆင့်တွင်ရှိသော နျူကလီးယားလောင်စာ ထုတ်လုပ်နိုင်စွမ်းမှာ နှစ်ဆကျော် မြင့်တက်လာကြောင်း မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်က ပြောကြားခဲ့သည်။

သို့ရာတွင် မဟာဗျူဟာမြောက်ရည်မှန်းချက်များ ပြည့်မီရေးအတွက် နျူကလီးယားလောင်စာ ထုတ်လုပ်မှုကို ဆက်လက်မြှင့်တင်ရန် နျူကလီးယားလောင်စာ ထုတ်လုပ်ရေးစက်ရုံသစ် ခရီးစဉ်တွင် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်က ညွှန်ကြားထားသည်။

မြောက်ကိုရီးယားနိုင်ငံက ဇွန် ၃ ရက်တွင်ဖွင့်လှစ်ခဲ့သော အဆိုပါ နျူကလီးယားလောင်စာထုတ်လုပ်ရေးစက်ရုံသစ်မှာ ယူရေနီယံ လောင်စာသန့်စင်ရေး စက်ရုံဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် မြောက်ကိုရီးယားနိုင်ငံသည် နျူကလီးယားထိပ်ဖူး ၅၀ ခန့်ထိ ပိုင်ဆိုင်ထားဖွယ်ရှိကြောင်း လေ့လာသူများက ခန့်မှန်းထားကြောင်း သိရသည်။ Ref : RT

Trs : KKO

# နှစ်နိုင်ငံကြား အပတ်စဉ် လေကြောင်းခရီးစဉ်များ ထပ်မံတိုးချဲ့ပြေးဆွဲရန် တရုတ်နှင့် တောင်ကိုရီးယားနိုင်ငံတို့ သဘောတူ

ဆိုးလ် ဇွန် ၄

ခုနစ်နှစ်တာ ကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် နှစ်နိုင်ငံကြား အပတ်စဉ် လေကြောင်းခရီးစဉ်များ တိုးချဲ့ပြေးဆွဲရေးအတွက် တရုတ်နှင့် တောင်ကိုရီးယားနိုင်ငံတို့က သဘောတူထားကြောင်း ဇွန် ၃ ရက် သတင်းများတွင် ရေးသား တင်ပြခဲ့သည်ဟု Xinhua သတင်းဌာန ယနေ့တွင် ဖော်ပြထားသည်။

နှစ်နိုင်ငံကြား အပတ်စဉ် လေကြောင်းခရီးစဉ်များ တိုးချဲ့ပြေးဆွဲရေး သဘောတူညီချက်သည် တရုတ်နှင့် တောင်ကိုရီးယားနိုင်ငံတို့ကြား ဆက်ဆံရေး ပိုမိုနွေးထွေးခိုင်မာလာမှု၏ လက္ခဏာတစ်ရပ်ဖြစ်သည်။

နှစ်နိုင်ငံကြား အပတ်စဉ် လေကြောင်းခရီးစဉ်များ တိုးချဲ့ပြေးဆွဲရေး သဘောတူညီချက်ကို မေ ၂၇ ရက်မှ ၂၈ ရက်ထိ ဆိုးလ်မြို့၌ကျင်းပခဲ့သော ဆွေးနွေးပွဲများတွင် ရယူခဲ့ခြင်းဖြစ်ကြောင်း တောင်ကိုရီးယား သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

အဆိုပါသဘောတူညီချက်အရ တရုတ်နှင့် တောင်ကိုရီးယားနိုင်ငံတို့သည် အပတ်စဉ် လေကြောင်း ပြေးဆွဲမှုကို လက်ရှိခရီးစဉ် ၆၀၈ ခုမှ ၆၆၄ ခုထိ တိုးချဲ့ပြေးဆွဲမည်ဖြစ်သည်။

အလားတူ နှစ်နိုင်ငံကြား ကုန်တင်လေယာဉ် ခရီးစဉ်များ ပြေးဆွဲပျံသန်းမှုကိုလည်း လက်ရှိခရီးစဉ် ၅၄ ခုမှ ၆၈ ခုထိ တိုးချဲ့ပျံသန်းရန် တရုတ်နှင့် တောင်ကိုရီးယားနိုင်ငံတို့က သဘောတူထားသည်။

ယခုနှစ် ပထမသုံးလတာကာလအတွင်း တရုတ်နှင့် တောင်ကိုရီးယား လေကြောင်းခရီးစဉ်များသည် ခရီးသည် ၄ ဒသမ ၃၉ သန်းထိ အပြန်အလှန် သယ်ယူပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။ Ref : Xinhua

Trs : KKO




# လုံခြုံရေးကောင်စီ အလှည့်ကျအဖွဲ့ဝင်သစ် ငါးနိုင်ငံ ကုလသမဂ္ဂအထွေထွေညီလာခံ ရွေးချယ်

နယူးယောက် ဇွန် ၄

ကုလသမဂ္ဂ အထွေထွေညီလာခံသည် လုံခြုံရေးကောင်စီ အလှည့်ကျအဖွဲ့ဝင်နိုင်ငံသစ် ငါးနိုင်ငံအဖြစ် ဩစတြီးယား၊ ကာဂျစ်စတန်၊ ပေါ်တူဂီ၊ ထရီနီဒက်နှင့် တိုဘာဂို၊ ဇင်ဘာဘွေနိုင်ငံတို့ကို ဇွန် ၃ ရက်တွင် မဲခွဲရွေးချယ်ခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါ နိုင်ငံငါးနိုင်ငံတို့သည် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အလှည့်ကျအဖွဲ့ဝင် နေရာများကို ၂၀၂၇ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် စတင်ရယူမည်ဖြစ်သည်။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီကို အလှည့်ကျအဖွဲ့ဝင်နိုင်ငံ ၁၀ နိုင်ငံ၊ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံ ငါးနိုင်ငံတို့ဖြင့် ဖွဲ့စည်းထားသည်။

ကုလသမဂ္ဂ အထွေထွေညီလာခံသည် သက်တမ်းနှစ်နှစ်ရှိ အလှည့်ကျအဖွဲ့ဝင်နိုင်ငံ ငါးနိုင်ငံကို နှစ်စဉ်မဲခွဲရွေးချယ်လေ့ရှိသည်။

ကုလသမဂ္ဂ အထွေထွေညီလာခံသည် ဇွန် ၂ ရက်ကလည်း ၈၁ ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံဥက္ကဋ္ဌအဖြစ် ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီး ခါလီလာရာမင်ကို ရွေးချယ်တင်မြှောက်ထားပြီးဖြစ်သည်။

၈၁ ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံကို ယခုနှစ် စက်တင်ဘာလအတွင်း ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## ပြီးခဲ့သည့် တစ်ပတ်အတွင်း ပြုလုပ်ခဲ့သော ဒုံးအင်ဂျင်စမ်းသပ်မှုတွင် New Glenn ဒုံးပျံပေါက်ကွဲပျက်စီးခဲ့သော်လည်း ပျက်စီးမှုအတိုင်းအဆကြီးမားမှုမရှိ



**ဝါရှင်တန် ဇွန် ၄**

ပြီးခဲ့သည့် တစ်ပတ်အတွင်း ပြုလုပ်ခဲ့သော ဒုံးအင်ဂျင်စမ်းသပ်မှုတွင် New Glenn ဒုံးပျံပေါက်ကွဲပျက်စီးခဲ့သော်လည်း ပျက်စီးမှုအတိုင်းအဆသည် မူလတွေးထင်ထားသလောက် ကြီးမားမှုမရှိကြောင်း ဘလူးအော်ရီဂျင်ကုမ္ပဏီက ဇွန် ၃ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

သို့ဖြစ်ရာ မိမိတို့အနေဖြင့် ယခုနှစ်ကုန်ပိုင်းတွင် New Glenn ဒုံးပျံများကို ပြန်လည်စတင်လွှတ်တင်ရန်စီစဉ်ထားကြောင်း ဘလူးအော်ရီဂျင်ကုမ္ပဏီ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဘလူးအော်ရီဂျင်ကုမ္ပဏီသည် မေ ၂၇ ရက်တွင် New Glenn ဒုံးပျံကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ်အာကာသစခန်းပစ်စင်အမှတ် (၃၆) ၌ ဒုံးအင်ဂျင်စမ်းသပ်မှုပြုလုပ်ခဲ့ရာ ပေါက်ကွဲမှုတစ်ခုပြင်းထန်စွာဖြစ်ပွားခဲ့ပြီး ဒုံးပစ်စင်နေရာ၌ ပျက်စီးမှုများရှိခဲ့ကြောင်း သိရသည်။

ဘလူးအော်ရီဂျင်ကုမ္ပဏီသည် Amazon ကုမ္ပဏီ၏ လီယိုအင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုများကို လွှတ်တင်ရေးအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် New Glenn ဒုံးပျံ၏ ဒုံးအင်ဂျင်များကို စမ်းသပ်စဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့ရခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် ဘလူးအော်ရီဂျင်ကုမ္ပဏီ ကျွမ်းကျင်သူများသည် New Glenn ဒုံးပျံပေါက်ကွဲမှုဖြစ်စဉ်ကို စုံစမ်းစစ်ဆေးနေဆဲဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

# HEALTH

## ကိုယ်အလေးချိန်လျှော့ချရေးဆေးများက ရင်သားကင်ဆာဖြစ်နိုင်ခြေကို လျှော့ချနိုင်

**နယူးယောက် ဇွန် ၄**

ကိုယ်အလေးချိန် လျှော့ချရေးဆေးများသည် ရောဂါဖြစ်နိုင်ခြေမြင့်မားသည့် အမျိုးသမီးများမှာပင် ရင်သားကင်ဆာရောဂါဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်ကြောင်း သုတေသနပညာရှင်များက ဇွန် ၃ ရက်တွင် ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် အသက် ၄၅ နှစ်နှင့် နှစ် ၈၀ ကြားရှိ အမျိုးသမီး ၉၄၈၂၇ ဦးတို့၏ ကျန်းမာရေးမှတ်တမ်းများကို နှိုင်းယှဉ်လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ GLP-1 အုပ်စုဝင် ကိုယ်အလေးချိန် လျှော့ချရေးဆေးများ သုံးစွဲသူများသည် မသုံးစွဲသူများနှင့် နှိုင်းယှဉ်ပါက ရင်သားကင်ဆာရောဂါဖြစ်နိုင်ခြေ ၃၀ ရာခိုင်နှုန်းထိ ပိုနည်းပါးသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

သို့ရာတွင် GLP-1 အုပ်စုဝင်ဆေးများ သုံးစွဲမှုနှင့် ရင်သားကင်ဆာရောဂါဖြစ်နိုင်ခြေ ကျဆင်းလာမှုတို့ကြား ကြောင်းကျိုးဆက်စပ်မှုကို ဖော်ထုတ်ရေးအတွက် သုတေသနလုပ်ငန်းများ ဆက်လက်ပြုလုပ်ရန်လိုကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အဝလွန်မှုပြဿနာသည် ရင်သားကင်ဆာ၊ အူမကြီးကင်ဆာနှင့် ပန်ကရိယ ကင်ဆာအပါအဝင် ကင်ဆာရောဂါ ၁၃ မျိုးနှင့် ဆက်စပ်နေကြောင်း သိရသည်။

သို့ရာတွင် GLP-1 အုပ်စုဝင်ဆေးများသည် လူနာများ၏ ကိုယ်အလေးချိန်ကို လျှော့ချပေးခြင်းဖြင့် အထက်ပါ ကင်ဆာရောဂါများဖြစ်နိုင်ခြေကိုလည်း လျှော့ချနိုင်ကြောင်း သုတေသနပညာရှင်များက ယူဆထားကြသည်။

Ref : Russia Today
Trs : KKO

## နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်များ၌ သံလိုက်စက်ကွင်းများတည်ရှိမှု ပထမဆုံး သက်သေအထောက်အထားများကို သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိထား


**ပဲရစ် ဇွန် ၄**

နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်များ၌ သံလိုက်စက်ကွင်းများ တည်ရှိမှု ပထမဆုံးသက်သေအထောက်အထားများကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း ဇွန် ၃ ရက် သတင်းများအရ သိရသည်။

ပြင်သစ်သိပ္ပံပညာရှင်များသည် မြေပြင်အခြေစိုက်ရေဒီယိုတယ်လီစကုပ်များကို အသုံးပြု၍ နေအဖွဲ့အစည်းပြင်ပ ခာတ်ငွေ့ဂြိုဟ်ကြီးခုနစ်စင်းတို့၏ လေတိုက်နှုန်းများကို လေ့လာစူးစမ်းခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ အဆိုပါခာတ်ငွေ့ဂြိုဟ်ကြီးများ၏ လေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၁၅၅၃၀ နှုန်းထိရှိသည်ကို တွေ့ရကြောင်း ပြင်သစ် သိပ္ပံပညာရှင်များက ပြောကြားခဲ့သည်။

ထို့ပြင် အထက်ပါနေအဖွဲ့အစည်းပြင်ပ ဂြိုဟ်ကြီးများ၏ လေတိုက်နှုန်းကို သံလိုက်စက်ကွင်းများက ထိန်းချုပ်ပေးထားသည်ဟု သိပ္ပံပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။



မိမိတို့လေ့လာခဲ့သောနေအဖွဲ့အစည်းပြင်ပ ဂြိုဟ်ကြီးခုနစ်စင်းတို့၏ သံလိုက်စက်ကွင်းများ၏ အင်အားမှာ နေအဖွဲ့အစည်းအတွင်းရှိ စနေဂြိုဟ်သံလိုက်စက်ကွင်းအားထက် လေးဆခန့်ပိုများကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

သံလိုက်စက်ကွင်းများ တည်ရှိမှုကြောင့် အထက်ပါဂြိုဟ်ကြီးများ၌ ကမ္ဘာဂြိုဟ်မှာကဲ့သို့ပင် ဝင်ရိုးစွန်းအလင်းရောင်များ ပေါ်ထွက်နေနိုင်သည်ဟု ပြင်သစ်သိပ္ပံပညာရှင်များက ယူဆထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

## စမ်းသပ်ဆဲကင်ဆာကာကွယ်ဆေးတစ်မျိုးက မီလာနိုးမားအရေပြားကင်ဆာလူနာများ၌ ရောဂါတစ်ကျော့ပြန်ပေါ်နိုင်ခြေကို လျှော့ချနိုင်

**နယူးယောက် ဇွန် ၄**

စမ်းသပ်ဆဲ ကင်ဆာကာကွယ်ဆေးတစ်မျိုးသည် မီလာနိုးမားအရေပြားကင်ဆာရောဂါ လူနာများ၌ ရောဂါတစ်ကျော့ပြန်ပေါ်လာနိုင်ခြေကို လျှော့ချပေးနိုင်ကြောင်း ဇွန် ၃ ရက် သတင်းများအရ သိရသည်။

Intismeran အမည်ရှိ အဆိုပါကင်ဆာ ကာကွယ်ဆေးသည် မီလာနိုးမား ကင်ဆာဆဲလ်များကို ဖော်ထုတ်ရှင်းလင်းရာတွင် လူ့ခုခံအားစနစ်ကို အထောက်အကူပြုနိုင်ကြောင်း အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။

လက်တွေ့စမ်းသပ်မှုမှ ပေါ်ထွက်လာသည့်ရလဒ်များအရ Intismeran ဆေးကို ပုံမှန်ကုထုံးများဖြင့် တွဲဖက်အသုံးပြုပါက မီလာနိုးမားကင်ဆာရောဂါ တစ်ကျော့ပြန်ပေါ်နိုင်ခြေကို ၄၉ ရာခိုင်နှုန်းထိ လျှော့ချနိုင်ကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် မီလာနိုးမားအရေပြားကင်ဆာလူနာ ၁၅၇ ဦးတို့ဖြင့် လက်တွေ့ စမ်းသပ်ကုသမှုများ ပြုလုပ်ခဲ့ပြီးနောက် Intismeran ဆေး၏ အာနိသင်ကို တင်ပြခဲ့ကြခြင်းဖြစ်သည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ Intismeran ဆေးကို ပုံမှန်ကုထုံးများဖြင့် တွဲဖက်အသုံးပြုပါက မီလာနိုးမားအရေပြားကင်ဆာ တစ်ကျော့ ပြန်ပေါ်လာနိုင်မှုကို ထိရောက်စွာ လျှော့ချနိုင်သည်ကို တွေ့ရကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO



## နိုင်ငံတကာအာကာသစခန်း (ISS)၏ ရုရှားအာကာသယာဉ် ပင်မကိုယ်ထည်တစ်ခု၌ လေယိုစိမ့်မှုဖြစ်ပွားနေ

**ဝါရှင်တန် ဇွန် ၄**

နိုင်ငံတကာအာကာသစခန်း (ISS)၏ ရုရှားအာကာသယာဉ် ပင်မကိုယ်ထည်တစ်ခု၌ လေယိုစိမ့်မှုဖြစ်ပွားနေကြောင်း အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)က ဇွန် ၃ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

လေယိုစိမ့်မှုဖြစ်ပွားနေသော အာကာသစခန်း ပင်မကိုယ်ထည်မှာ ရုရှားအာကာသအေဂျင်စီ၏ ဇဗက်ဒါပင်မကိုယ်ထည်ဖြစ်ကြောင်း သိရသည်။

ဇဗက်ဒါပင်မကိုယ်ထည် လေယိုစိမ့်မှုပြဿနာကို မေ ၁ ရက်တွင် စတင် ထောက်လှမ်းတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း နာဆာတာဝန်ရှိသူများက အတည်ပြုထားသည်။

လက်ရှိအချိန်တွင် ဇဗက်ဒါ အာကာသစခန်းပင်မကိုယ်ထည် လေယိုစိမ့်မှုပြဿနာကြောင့် နိုင်ငံတကာအာကာသစခန်း၏ လုပ်ငန်းလည်ပတ်မှုများ ထိခိုက်မှုမရှိကြောင်း နာဆာတာဝန်ရှိသူများက ပြောကြားထားသည်။

လက်ရှိအချိန်တွင် နိုင်ငံတကာ အာကာသစခန်းယာဉ်ပေါ်၌ နာဆာ အာကာသယာဉ်မှူး သုံးဦး၊ ရုရှားအာကာသယာဉ်မှူး သုံးဦးနှင့် ဥရောပအာကာသအေဂျင်စီ အာကာသယာဉ်မှူး တစ်ဦးတို့ ရှိနေကြောင်း သိရသည်။

ဇဗက်ဒါ အာကာသစခန်းပင်မကိုယ်ထည်သည် ၂၀၁၉ ခုနှစ် စက်တင်ဘာလကလည်း လေယိုစိမ့်မှုပြဿနာနှင့် ရင်ဆိုင်ခဲ့ရဖူးကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

## နိုင်ငံတကာ အားကစားသတင်းများ

# ၂၀၂၃ ခုနှစ်နောက်ပိုင်း UFC ပြိုင်ပွဲ၌ ထိုးသတ်ပွဲအများဆုံး ဖိုက်တာစာရင်းတွင် ဂျိုရှုအာဗန် ထိပ်ဆုံး၌ရပ်တည်

ရန်ကုန် ဇွန် ၄

၂၀၂၃ ခုနှစ်နောက်ပိုင်း ကမ္ဘာ့ထိပ်တန်းဖိုက်တာပြိုင်ပွဲဖြစ်သည့် UFC ပြိုင်ပွဲ၌ ထိုးသတ်ပွဲအများဆုံး ဖိုက်တာစာရင်းတွင် မြန်မာနွယ်ဖွား ချင်းဖိုက်တာ ဂျိုရှုအာဗန်က ထိပ်ဆုံး၌ ရပ်တည်နေကြောင်း သိရသည်။

ဂျိုရှုအာဗန်သည် ဖိုက်တာလောကကို Fury အဖွဲ့ချုပ်နှင့် စတင်ခဲ့သူဖြစ်ပြီး Fury ပြိုင်ပွဲတွင် နိုင်ပွဲများရရှိခဲ့ပြီးနောက် UFC အဖွဲ့ချုပ်နှင့် စာချုပ်ချုပ်ဆိုကာ UFC ပြိုင်ပွဲများတွင် စတင်ထိုးသတ်ခဲ့ခြင်းဖြစ်သည်။

ဂျိုရှုအာဗန်သည် ၂၀၂၃ ခုနှစ်နောက်ပိုင်းတွင် UFC ပြိုင်ပွဲများ၌ ၁၁ ပွဲထိုးသတ်ခဲ့ပြီးနောက် ထိုးသတ်ပွဲ အများဆုံး ဖိုက်တာအဖြစ်ရပ်တည်နေပြီး ၎င်း၏နောက်တွင် နာမည်ကြီးဖိုက်တာများဖြစ်ကြသည့် စထရစ်လန်းက ရှစ်ပွဲ၊ ကားလို့စ်အူဘတ်က ခုနစ်ပွဲ၊ ဗိုကာနိုဗက်စကီး၊ ချားလက်စ်အိုလီဗီယာတို့က ခြောက်ပွဲ၊ ပီတာယန်၊ ဂျက်စတင်ဂေဂျီ၊ အစ်စလန်မာကာချက်ဗ်တို့က ငါးပွဲ၊ တိုပိုရီးယားနှင့် အက်စ်ပီနောတို့က လေးပွဲဖြင့် ရပ်တည်နေသည်။

ဂျိုရှုအာဗန်သည် UFC ပြိုင်ပွဲတွင် ထိုးသတ်ခဲ့သည့် ၁၁ ပွဲတွင် ၁၀ ပွဲအနိုင်ရရှိအောင် စွမ်းဆောင်ထားပြီးနောက်ဆုံးထိုးသတ်ခဲ့သည့် UFC ဖလိုင်းဝိတ်တန်း ချန်ပီယံခါးပတ်ကာကွယ်ပွဲစဉ်အဖြစ် ဂျပန်ဖိုက်တာ တက်ဆူရိုတိုင်ရာနှင့် ပွဲစဉ်တွင်လည်း ဒိုင်ပွဲရပ်ရလဒ်ဖြင့် အနိုင်ရခဲ့ပြီး ချန်ပီယံခါးပတ်ကို ကာကွယ်နိုင်ခဲ့ကြောင်း သိရသည်။

STA



# WBC လိုက်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံခါးပတ်အတွက် လာမွန့်ရို့ချ်နှင့် ဇီပက်ဒါတို့ ထိုးသတ်မည်

လက်စ်ဗီးဂတ် ဇွန် ၄

WBC လိုက်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံခါးပတ်အတွက် အမေရိကန်လက်ဝှေ့သမား လာမွန့်ရို့ချ်နှင့် မက္ကဆီကိုလက်ဝှေ့သမား ဇီပက်ဒါတို့ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ကြောင်း WBC အဖွဲ့ချုပ်က ထုတ်ပြန်ကြေညာခဲ့သည်ဟု Fight Mag သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါ ချန်ပီယံစိန်ခေါ်ပွဲကို လာမည့် ဩဂုတ် ၁ ရက်တွင် အမေရိကန်နိုင်ငံ လက်စ်ဗီးဂတ်၌ ထိုးသတ်မည်ဖြစ်သည်။

ဇီပက်ဒါသည် WBC လိုက်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံခါးပတ်ကာကွယ်ပွဲစဉ်အဖြစ် ၂၀၂၅ ခုနှစ် ဇူလိုင်လတွင် အမေရိကန်လက်ဝှေ့သမား စတီဗင်ဆင်ကိုရှုံးနိမ့်ခဲ့ကာ ချန်ပီယံခါးပတ်ကို လက်လွှတ်ခဲ့ရပြီး ၎င်းအနေဖြင့် ကမ္ဘာ့ချန်ပီယံခါးပတ်ကို ပြန်လည်ဆွတ်ခူးနိုင်ရန် ပစ်မှတ်ထားနေသည့် အတွက် လာမွန့်ရို့ချ်ကို အနိုင်ထိုးသတ်နိုင်ရန် ပြင်းထန်သောလေ့ကျင့်မှုများ ပြုလုပ်နေကြောင်း ပြောကြားခဲ့သည်။

ဇီပက်ဒါက "ဒီပွဲစဉ်အတွက် ကျွန်တော် ပြင်ဆင်လေ့ကျင့်မှုတွေကို အချိန်ပေးဖြစ်ခဲ့ပါတယ်။ လာမွန့်ရို့ချ်ဟာ ချန်ပီယံဟောင်းတစ်ယောက်ဖြစ်သလို ရှုံးပွဲတစ်ပွဲပဲရှိသေးတဲ့လက်ဝှေ့သမားတစ်ယောက်ပါ။ အကောင်းဆုံးပြင်ဆင်တာကတော့ကျွန်တော့်ရဲ့ လုပ်ရိုးလုပ်စဉ်ပါပဲ" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Fight Mag

Trs : AZL

# ကမ္ဘာ့တန်ကြေးအမြင့်ဆုံး ကစားသမားစာရင်းတွင် ဘာစီလိုနာအသင်းမှ လမိုင်းယာမယ်နှင့် မန်စီးတီးအသင်းမှ ဟာလန်းတို့ ထိပ်ဆုံး၌ ရပ်တည်

ဇူးရစ် ဇွန် ၄





နိုင်ငံတကာအားကစားလေ့လာရေးအဖွဲ့အစည်း(CIES)က ထုတ်ပြန်ခဲ့သည့် ကမ္ဘာ့တန်ကြေးအမြင့်ဆုံး ကစားသမားစာရင်းတွင် ဘာစီလိုနာအသင်းမှ လမိုင်းယာမယ်နှင့် မန်စီးတီးအသင်းမှ ဟာလန်းတို့က ထိပ်ဆုံး၌ အစဉ်လိုက်ရပ်တည်နေကြောင်း ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

CIES အနေဖြင့် ကစားသမားများ၏ အသက်အရွယ်၊ တစ်ဦးချင်းစွမ်းဆောင်ရည်၊ သက်ဆိုင်ရာအသင်းနှင့် ချုပ်ဆိုထားသည့်စာချုပ်သက်တမ်းကျန်ရှိမှု၊ ဈေးကွက်အခြေအနေတို့အပေါ်တွင် မူတည်ကာ တန်ကြေးအမြင့်ဆုံး ကစားသမားစာရင်းကို တွက်ချက်ခဲ့ခြင်းဖြစ်သည်။

ဘာစီလိုနာအသင်း တိုက်စစ်ကစားသမား လမိုင်းယာမယ်သည် လက်ရှိတွင် တန်ကြေး ယူရို ၃၅၈ သန်းဖြင့် ထိပ်ဆုံး၌ ရပ်တည်နေပြီး ၎င်းနောက်တွင် မန်စီးတီးအသင်း တိုက်စစ်မှူးဟာလန်းက တန်ကြေး ယူရို ၂၂၇ သန်းဖြင့် ဒုတိယနေရာ၊ ရီးရဲလ်မက်ဒရစ်အသင်း တိုက်စစ်မှူး အမ်ဘတ်ပီက တန်ကြေး ယူရို ၁၆၆ သန်းဖြင့် တတိယနေရာတွင် အစဉ်လိုက်ရပ်တည်နေသည်။

၎င်းတို့နောက်တွင် ဘိုင်ယန်မြူးနစ်အသင်းမှ အိုလီဆီက ယူရို ၁၄၁ သန်းဖြင့် အဆင့်(၄)၊ အေဗီလာအသင်းမှ ရော်ဂျာက ယူရို ၁၃၇ သန်းဖြင့် အဆင့်(၅)၊ ပီအက်စ်ဂျီအသင်းမှ ဒူအီက ယူရို ၁၃၃ သန်းဖြင့် အဆင့်(၆)၊ ဂျူဗင်တပ်အသင်းမှ ယဲလ်ဒစ်ဇ်က ယူရို ၁၃၃ သန်းဖြင့် အဆင့်(၇)၊ မန်စီးတီးအသင်းမှ အိုရိုင်လီက ယူရို ၁၂၅ သန်းဖြင့် အဆင့်(၈)၊ လီဗာပူးအသင်းမှ ဖလိုရီယန်ဗုစ်က ယူရို ၁၂၄ သန်းဖြင့် အဆင့်(၉)၊ လီဗာပူးအသင်းမှ အီကီတီကီက ယူရို ၁၁၈ သန်းဖြင့် အဆင့်(၁၀)တွင် ရပ်တည်နေကြောင်းသိရသည်။

Ref : ESPN

Trs : ML

# မန္တလေးတိုင်းဒေသကြီး၌ ၂၀၂၆ ခုနှစ် "ရွှေမန်းမောင်" ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲ ဇွန်လကုန်တွင် ကျင်းပမည်

မန္တလေး ဇွန် ၄

မန္တလေးတိုင်းဒေသကြီး ကာယဗလနှင့် ကာယကြံ့ခိုင်မှုဆင်နွှဲရေးကော်မတီက ကြီးမှူးကျင်းပမည့် ၂၀၂၆ ခုနှစ် "ရွှေမန်းမောင်" ကာယဗလနှင့် ကာယကြံ့ခိုင်မှု ပြိုင်ပွဲကို လာမည့် ဇွန် ၂၈ ရက်တွင် မန္တလေးမြို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီး ပြိုင်ပွဲအမျိုးအစား၊ အတန်းအစားစုံလင်စွာဖြင့် ပြိုင်ပွဲအမျိုးအစား စုစုပေါင်း ၁၁ တန်းထိ ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ခွင့် အရည်အချင်းသတ်မှတ်ချက်အနေဖြင့် မန္တလေးတိုင်းဒေသကြီးအတွင်း အမှန်တကယ်နေထိုင်သူများသာ လက်ခံသွားမည်ဖြစ်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားတွင် (၉/) မဟုတ်ပါက မန္တလေးတိုင်းအတွင်း ခြောက်လထက်မနည်း အခြေချနေထိုင်ကြောင်း သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၏ ထောက်ခံချက်တင်ပြရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်များအနေဖြင့် လျှောက်လွှာနှင့်အတူ ပတ်စ်ပို့အရွယ်အစားကာလာဓာတ်ပုံ သုံးပုံ၊ အိမ်ထောင်စုဇယားမိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူတို့ကို ပူးတွဲတင်ပြရမည်ဖြစ်ပြီး ခါးနံပါတ်ထုတ်ယူမည့်ရက်တွင် နိုင်ငံသားစိစစ်ရေးကတ်ပြား မူရင်းကို မဖြစ်မနေ ယူဆောင်လာရမည်ဖြစ်သည်။

အလားတူ ၂၀၂၄၊ ၂၀၂၅၊ ၂၀၂၆ ခုနှစ်အတွင်း ရွေးချယ်ခံထားရသည့် လက်ရှိ မြန်မာ့လက်ရွေးစင်များနှင့် အရှေ့တောင်အာရှ၊ အာရှ၊ အိုလံပစ်ပြိုင်ပွဲများတွင် ဆုရရှိဖူးသည့် အားကစားသမားများ ဝင်ရောက် ယှဉ်ပြိုင်ခွင့်ပြုမည်မဟုတ်ကြောင်းနှင့် ပြိုင်ပွဲတွင် ဆုရရှိသူများသည် မန္တလေးတိုင်းအသင်းတွင် ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး လက်ရွေးစင်အဖြစ်ရွေးချယ်ခံရပါက စခန်းသွင်းလေ့ကျင့်မှုနှင့် တိုင်းဒေသကြီး ကိုယ်စားပြုပွဲများသို့ မပျက်မကွက် လိုက်နာကစားရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ခွင့် လျှောက်လွှာပုံစံများကို ဇွန် ၂ ရက်မှ စတင်၍ ထုတ်ယူနိုင်ပြီဖြစ်ပြီး ပြိုင်ပွဲအတွက် ခါးနံပါတ်များကို ဇွန် ၂၆ ရက် နံနက် ၈ နာရီတွင် ဗထူးကာယဗလ လေ့ကျင့်ရေးစခန်း၌ ထုတ်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

(၀၄၉)

# အာဆီယံ ယူ-၁၉ ပြိုင်ပွဲ အုပ်စုဒုတိယပွဲစဉ်တွင် ဗီယက်နမ်အသင်းကို မြန်မာအသင်းက ငါးဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်

ရန်ကုန် ဇွန် ၄




အင်ဒိုနီးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် အာဆီယံ ယူ-၁၉ ပြိုင်ပွဲ အုပ်စုဒုတိယပွဲစဉ်အဖြစ် ယနေ့ မြန်မာစံတော်ချိန် ညနေ ၃ နာရီက မြန်မာအသင်းနှင့် ဗီယက်နမ်အသင်းတို့ ကစားခဲ့ရာ မြန်မာအသင်းက ငါးဂိုး ဂိုးမရှိဖြင့်ရှုံးနိမ့်ပြီး ပြိုင်ပွဲမှထွက်ခွာခဲ့ရကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် မြန်မာအသင်းအနေဖြင့် မဖြစ်မနေအနိုင်ရရှိမှသာ ဆီမီးဖိုင်နယ်အဆင့် တက်ရောက်နိုင်ရန် မျှော်လင့်ချက်ရှိမည်ဖြစ်သော်လည်း ဗီယက်နမ်အသင်းကို ခြေစွမ်းပိုင်းအရ ယှဉ်ပြိုင်နိုင်ခြင်းမရှိခဲ့ဘဲ ပြိုင်ပွဲတွင် အုပ်စုအဆင့်မှ ထွက်ခွာခဲ့ရခြင်းဖြစ်သည်။

အာဆီယံ ယူ- ၁၉ ပြိုင်ပွဲတွင် မြန်မာအသင်းသည် အုပ်စုပထမပွဲစဉ်အဖြစ် ဇွန် ၁ ရက်က အိမ်ရှင် အင်ဒိုနီးရှားအသင်းနှင့် ကစားခဲ့ရာ သုံးဂိုး ဂိုးမရှိ ယခုပွဲစဉ်တွင် ဗီယက်နမ်အသင်းကို ငါးဂိုး ဂိုးမရှိတို့ဖြင့် ရှုံးနိမ့်ခဲ့သည့်အတွက် အုပ်စုပွဲစဉ်တစ်ပွဲကစားရန် ကျန်ရှိနေသည့်အချိန်တွင် အုပ်စုအဆင့်မှ ထွက်ခွာခဲ့ရသည်။

မြန်မာအသင်းသည် အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် တီမောလက်စ်တေအသင်းနှင့် ဆက်လက်ကစားသွားမည် ဖြစ်ကြောင်း သိရသည်။

STA

# ၂၀၂၅-၂၀၂၆ ဘောလုံးရာသီ စပိန်လာလီဂါတွင် အောင်မြင်မှုရရှိခဲ့သည့် ကလပ်အသင်းများ



၂၀၂၅-၂၀၂၆ ဘောလုံးရာသီ စပိန်လာလီဂါပြိုင်ပွဲ ပွဲစဉ်(၁)ကိုတော့ ၂၀၂၅ ခုနှစ်ဩဂုတ် ၁၅ ရက်မှာစတင်ခဲ့ပြီး ပွဲစဉ် (၃၈) ကိုတော့ ၂၀၂၆ ခုနှစ် မေ ၂၄ ရက်မှာကစားခဲ့ကာ ဘောလုံးရာသီပိတ်သိမ်းခဲ့တာဖြစ်ပါတယ်။ ဘောလုံးရာသီတစ်လျှောက်ပြိုင်ပွဲတွေကိုတော့ စနေနေ့၊ တနင်္ဂနွေနေ့တွေမှာပုံမှန်ယှဉ်ပြိုင်ခဲ့ပြီး ကြားရက်မှာကျင်းပခဲ့တာကတော့ သုံးကြိမ်သာရှိခဲ့တာကိုတွေ့ရမှာပါ။ ဒါပေမဲ့ ခရစ္စမတ်ကာလဖြစ်တဲ့ ဆောင်းရာသီမှာတော့ ဒီဇင်ဘာ ၂၁ ရက်ကနေ ဇန်နဝါရီ ၄ ရက်ထိ ပြိုင်ပွဲတွေကိုအနားပေးခဲ့ပြီးနိုင်ငံတကာပြိုင်ပွဲကာလတွေမှာလဲငါးကြိမ်ထိပြိုင်ပွဲတွေကိုရပ်နားခဲ့ပါတယ်။ ပြိုင်ပွဲအားလုံးပြီးဆုံးချိန်မှာတော့ ဘာစီလိုနာအသင်းက လာလီဂါချန်ပီယံဆုနဲ့ စပိန်စူပါဖလားကိုဆွတ်ခူးနိုင်ခဲ့ပြီး ဆိုစီဒက်အသင်းကတော့ စပိန်ကိုပါဒယ်ရေးဖလားရရှိခဲ့တာကိုတွေ့ရမှာပါ။ ဒ့ါပြင် ဘာစီလိုနာအသင်းဟာ လာလီဂါပြိုင်ပွဲမှာ ၁၁ပွဲထိနိုင်ပွဲဆက်ခဲ့လို့ အကြာဆုံးနိုင်ပွဲဆက်တဲ့မှတ်တမ်းကောင်းကိုပိုင်ဆိုင်ခဲ့ပြီး အေတီကိုအသင်းကတော့ ၁၃ ပွဲဆက်ထိ ရှုံးပွဲမရှိခဲ့လို့ အကြာဆုံးရှုံးပွဲမရှိတဲ့မှတ်တမ်းကောင်းကို ပိုင်ဆိုင်ခဲ့တာဖြစ်ပါတယ်။

**ဆုဖလားအောင်မြင်မှုရရှိခဲ့သည့် အသင်းများ**

ဘာစီလိုနာအသင်းဟာ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီမစတင်မီ နွေရာသီအပြောင်းအရွှေ့ကာလမှာတော့ ကစားသမားခေါ်ယူမှုအနေနဲ့ မန်ယူအသင်းကတိုက်စစ်မှူးရက်ရှ်ဖို့ဒ်ကို အငှားစာချုပ်နဲ့ခေါ်ယူခဲ့ပြီး အက်စ်ပန်ညိုအသင်းက ဂိုးသမားဂျုံအန်ဂါစီယာကိုတော့ ပြောင်းရွှေ့ကြေးယူရို ၂၅ သန်းနဲ့ ခေါ်ယူခဲ့တာကိုတွေ့ရမှာပါ။ ဒါပေမဲ့အသင်းက ကစားသမားအားလုံးကိုတော့ ဆက်လက်ထိန်းသိမ်းခဲ့ပြီး နည်းပြဖလစ်ကအကောင်းဆုံးပြင်ဆင်နိုင်ခဲ့ပါတယ်။ ပြီးခဲ့တဲ့ရာသီမှာ နည်းပြဖလစ်ကတော့ ၄-၂-၃-၁ ကစားကွက်ကို အထိုင်ချကစားခဲ့ပြီး ဒီကစားကွက်မှာ တိုက်စစ်မှူး ယာမယ်၊ ရက်ရှ်ဖို့ဒ်၊ ရာဖင်ဟာ၊ ဖာရန်တောရက်စ်၊ အိုလ်မို၊ လီဝင်ဒေါစကီးတို့ကိုအသုံးပြုခဲ့တာကိုတွေ့ရမှာပါ။ ဘာစီလိုနာအသင်းဟာ လာလီဂါပြိုင်ပွဲစတင်ချိန်မှာ ပုံစံကောင်းပြသနိုင်ခဲ့ပြီး လာလီဂါပြိုင်ပွဲမှာနိုင်ပွဲဆက်ခဲ့ပေမဲ့ အောက်တိုဘာလရောက်ချိန်မှာ အဓိကကစားသမား တချို့ဒဏ်ရာရခဲ့တာကြောင့် ကစားအားကျဆင်းခဲ့လို့ ပွဲစဉ် (၈)မှာ ဆီဗီလာအသင်းကိုရှုံးပွဲကြုံခဲ့တာဖြစ်ပါတယ်။ အဲဒီနောက်ပွဲစဉ်(၁၀)မှာ ရီးရဲလ်မက်ဒရစ်နဲ့ထပ်မံတွေ့ဆုံခဲ့ရာ နှစ်ဂိုးတစ်ဂိုးနဲ့ရှုံးပွဲကြုံခဲ့ပေမဲ့ အဲဒီနောက်ပိုင်းမှာတော့ကစားပုံပြန်လည်ပြင်ဆင်နိုင်လို့နိုင်ပွဲပြန်ဆက်ခဲ့တာကိုတွေ့ရမှာပါ။ ဒါပေမဲ့ ဒုတိယရာသီဝက်ကာလရောက်ချိန်မှာ ယာမယ်အပါအဝင် အဓိကကစားသမားတွေ ဒဏ်ရာထပ်မံရခဲ့တာကြောင့် တိုက်စစ်ကစားပုံကျဆင်းခဲ့ပြီး ပွဲစဉ် (၂၀) မှာ ဆိုစီဒက်ကို နှစ်ဂိုးတစ်ဂိုး၊ ပွဲစဉ် (၂၄) မှာဂျီရိုနာကို နှစ်ဂိုးတစ်ဂိုး ပွဲစဉ် (၃၆) မှာအလာဗက်ကို တစ်ဂိုးဂိုးမရှိ၊ ပွဲစဉ် (၃၈) မှာဗလင်စီယာကို သုံးဂိုးတစ်ဂိုးနဲ့ရှုံးပွဲကြုံခဲ့လို့ ပြီးခဲ့တဲ့ရာသီမှာ ရှုံးပွဲငါးပွဲထိရှိခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ နည်းပြဖလစ်ဟာ အဓိကအဆုံးအဖြတ်ပေးတဲ့ ပွဲစဉ်တွေမှာ ရမှတ်တွေရှာဖွေနိုင်ခဲ့တာကြောင့် ဘောလုံးရာသီပြီးဆုံးချိန်မှာ ရမှတ် ၉၄ မှတ်နဲ့ ချန်ပီယံဆုဖလားရယူနိုင်ခဲ့သလို စပိန်စူပါဖလားပြိုင်ပွဲမှာလဲ ရီးရဲလ်မက်ဒရစ်အသင်းကို သုံးဂိုးနှစ်ဂိုးနဲ့နိုင်ပွဲရခဲ့ပြီး ဆုဖလားသိမ်းပိုက်နိုင်ခဲ့တာကိုတွေ့ရမှာပါ။ ဒါကြောင့် ဘာစီလိုနာအသင်းဟာငွေကြေးသုံးစွဲမှုမလုပ်ဘဲ ပြည်တွင်းဆုဖလားနှစ်လုံးထိရယူနိုင်ခဲ့လို့ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီမှာ အောင်မြင်မှုရခဲ့တဲ့အသင်းအဖြစ် ထိပ်ဆုံးမှာရောက်ရှိခဲ့တာဖြစ်ပါတယ်။

လာလီဂါပြိုင်ပွဲမှာ ဒုတိယမြောက်အောင်မြင်မှုရရှိခဲ့တဲ့အသင်းကတော့ ဆိုစီဒက်အသင်းဖြစ်ပြီး သူတို့အသင်းကလဲ ပြီးခဲ့တဲ့ဘောလုံးရာသီ အပြောင်းအရွှေ့ကာလတွေမှာ ဟာရဲရား၊ ကားလို့ဆိုလာ၊ ဂွီဒက်စ်တို့အတွက် ပြောင်းရွှေ့ကြေး ယူရို ၂၁ ဒသမ ၅ သန်းထိအသုံးပြုခဲ့တာဖြစ်ပါတယ်။ လာလီဂါပြိုင်ပွဲတွေမှာတော့ ဇူဘီမန်ဒီထွက်ခွာသွားတဲ့ကွင်းလယ်ခံစစ်ပိုင်းကအားနည်းချက်တွေရှိခဲ့တာကြောင့် ဘောလုံးရာသီအစမှာနိုင်ပွဲပျောက်ဆုံးခဲ့ပြီး ပွဲစဉ်(၆)မှသာ နိုင်ပွဲစတင်ရရှိခဲ့တာကိုတွေ့ရမှာပါ။ အဲဒီနောက်ပိုင်းမှာလဲ အသင်းအနေနဲ့ခြေစွမ်းပိုင်းတည်ငြိမ်ဖို့ခက်ခဲနေတာကြောင့် ဒီဇင်ဘာလမှာနည်းပြမာတာရာဇိုကိုနည်းပြသစ်အဖြစ်ပြောင်းလဲခန့်အပ်လိုက်ပြီး သူ့လက်ထက်မှာအသင်းတိုက်စစ်ပိုင်းတိုးတက်လာခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် လာလီဂါပြိုင်ပွဲတွေမှာ နိုင်ပွဲဆက်ခဲ့သလိုစပိန်ကိုပါဒယ်ရေးဖလားပြိုင်ပွဲမှာလဲ အိုဆာဆူနာ၊ ဘီလ်ဘာအိုနဲ့ အေတီကိုတို့လိုအသင်းတွေကိုကျော်ဖြတ်နိုင်ခဲ့ပြီး ချန်ပီယံဆုဖလားသိမ်းပိုက်နိုင်ခဲ့တာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ နည်းပြသစ်လက်ထက်မှာ လာလီပါမှာရှုံးပွဲခြောက်ပွဲသာရှိခဲ့ပေမဲ့ ရာသီ အစမှာ ရမှတ်တွေဆုံးရှုံးခဲ့တာဖြစ်လို့ ဘောလုံးရာသီပြီးဆုံးချိန်မှာ ရမှတ် ၄၆ မှတ်နဲ့ အဆင့်(၁၀)မှာရပ်တည်နိုင်ခဲ့တာဖြစ်ပါတယ်။

**ချန်ပီယံလိဂ်ဝင်ခွင့်ရရှိခဲ့သည့် အသင်းများ**

၂၀၂၅-၂၀၂၆ ဘောလုံးရာသီမှာ လာလီဂါကလပ်အသင်းတွေဟာ ဥရောပပြိုင်ပွဲတွေဖြစ်တဲ့ ချန်ပီယံလိဂ်ပြိုင်ပွဲမှာ ဆီမီးဖိုင်နယ်အဆင့်၊ ယူရိုပါလိဂ်ပြိုင်ပွဲမှာကွာတားဖိုင်နယ်အဆင့်၊ ကွန်ဖရင့်လိဂ်ပြိုင်ပွဲမှာ ဗိုလ်လုပွဲအဆင့်ထိတက်ရောက်နိုင်ခဲ့ပြီး ယူအီးအက်ဖ်အေအဆင့်သတ်မှတ်ချက်မှာ အဆင့် (၂) နေရာရခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် စပိန်လာလီဂါပြိုင်ပွဲဟာ လာမဲ့ရာသီသစ်မှာ ချန်ပီယံလိဂ်ဝင်ခွင့်ငါးနေရာထိရရှိခဲ့တာကိုတွေ့ရမှာပါ။

ရီးရဲလ်မက်ဒရစ်အသင်းဟာ ပြီးခဲ့တဲ့ဘောလုံးရာသီမှာ ငွေကြေးသုံးစွဲမှုအမြောက်အမြားပြုလုပ်ခဲ့ပေမဲ့ ဆုဖလားအောင်မြင်မှုမရခဲ့ဘဲ ဖလားလက်မဲ့ရာသီနဲ့ကြုံတွေ့ခဲ့ရတာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ အပြောင်းအရွှေ့ကာလတွေမှာ ခံစစ်က အူအီဆန်၊ ကာရီးရက်စ်၊ မက်စတန်တူအိုနို၊ အာနိုးတို့လိုကစားသမားသစ်တွေခေါ်ယူရာမှာ ပြောင်းရွှေ့ကြေး ယူရို ၁၆၇ ဒသမ ၅ သန်းထိ သုံးစွဲခဲ့တာဖြစ်ပါတယ်။ နည်းပြအလွန်ဆိုလက်ထက် လာလီဂါပြိုင်ပွဲမှာရမှတ်တွေဆုံးရှုံးခဲ့တာဖြစ်လို့ ပြီးခဲ့တဲ့ဇန်နဝါရီလမှာ လူငယ်အသင်းနည်းပြအာဘီလိုအာကိုခန့်အပ်ခဲ့ပေမဲ့ ချန်ပီယံလိဂ်ပြိုင်ပွဲမှာ ကွာတားဖိုင်နယ်အဆင့်၊ စပိန်ကိုပါဒယ်ရေးဖလားပြိုင်ပွဲမှာ ၁၆သင်းအဆင့်ကနေ ထွက်ခွာခဲ့ရတာဖြစ်ပါတယ်။ ဘောလုံးရာသီပြီးဆုံးချိန်မှာတော့ ၂၇ ပွဲနိုင်၊ ငါးပွဲသရေ၊ ခြောက်ပွဲရှုံးရလဒ်ကြောင့် ရမှတ် ၈၆ မှတ်နဲ့ အမှတ်ပေးဇယား အဆင့် (၂) နေရာနဲ့ပြီးဆုံးခဲ့လို့ ချန်ပီယံလိဂ်ဝင်ခွင့်ရရှိခဲ့တာကို တွေ့ရမှာပါ။

ဗီလာရီးရဲလ်အသင်းကလဲ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီမှာ ကြိုတင်ပြင်ဆင်မှုတွေ အများအပြားလုပ်ခဲ့ပြီး မီကာအူတာ၈ီ၊ မိုလီရို၊ ဗီအီဂါ၊ ဘူချာနန်တို့လိုကစားသမားတွေအတွက် ပြောင်းရွှေ့ကြေး ယူရို ၁၀၅ ဒသမ ၅သန်းထိ အသုံးပြုခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းကလဲ ဆုဖလားအတွေ့အကြုံကောင်းတွေရှိတဲ့ နည်းပြမာဆယ်လီနိုဂါစီယာကိုခန့်အပ်ခဲ့ပေမဲ့ တိုက်စစ်ကစားပုံသာပြင်ဆင်နိုင်ခဲ့ပြီး ခံစစ်ကစားပုံအားနည်းချက်ကိုမပြင်နိုင်ခဲ့လို့ ဆုဖလားတွေနဲ့ဝေးခဲ့ရတယ်လို့ဆိုရမှာပါ။ ဗီလာရီးရဲလ်အသင်းဟာ ပြီးခဲ့တဲ့ရာသီချန်ပီယံလိဂ်ပြိုင်ပွဲမှာ နိုင်ပွဲတစ်ပွဲမှမရခဲ့ဘဲ အုပ်စုအဆင့်ကထွက်ခွာခဲ့ရသလို၊ စပိန်ကိုပါဒယ်ရေးဖလားပြိုင်ပွဲမှာလဲ ၃၂ သင်းအဆင့်မှာ စပိန်ဆီဂန်ဒါကလပ် ရေဆင်းအသင်းကို နှစ်ဂိုးတစ်ဂိုးနဲ့ရှုံးခဲ့လို့ ပြိုင်ပွဲကထွက်ခဲ့ရတာဖြစ်ပါတယ်။ ဒါပေမဲ့ အမှတ်ပေးပြိုင်ပွဲမှာတော့ ၂၂ ပွဲနိုင်၊ ခြောက်ပွဲသရေ၊ ၁၀ ပွဲရှုံးနဲ့ ရမှတ် ၇၂ မှတ်ထိရခဲ့လို့ အဆင့်(၃)နေရာနဲ့ပြီးဆုံးခဲ့ပြီး ချန်ပီယံလိဂ်ဝင်ခွင့်ရရှိခဲ့တာကိုတွေ့ရမှာပါ။

အေတီကိုအသင်းကလဲ ပြီးခဲ့တဲ့ဘောလုံးရာသီမှာအောင်မြင်မှုရရှိဖို့အတွက် အပြောင်းအရွှေ့ကာလတွေမှာ ငွေကြေးသုံးစွဲမှုအမြောက်အမြားပြုလုပ်ခဲ့တာဖြစ်ပါတယ်။သူတို့အသင်းဟာ အဲလက်စ်ဘေနာ၊ လွတ်မန်း၊ဒေးဗစ်ဟန်ကို၊ ကာဒိုဆို၊ ရက်ပါဒိုရီ၊ အယ်မာဒါတို့လို ကစားသမားတွေအတွက် ပြောင်းရွှေ့ကြေး ယူရို ၂၃၀ ဒသမ ၉၅ သန်းထိ သုံးစွဲခဲ့တာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ အခုရာသီချန်ပီယံလိဂ်ပြိုင်ပွဲမှာအောင်မြင်မှုရဖို့ကြိုးပမ်းခဲ့တာကြောင့် ရှုံးထွက်အဆင့်မှာ ဘရုဂျက်အသင်းကို ခုနစ်ဂိုးလေးဂိုး၊ ၁၆သင်းအဆင့်မှာ စပါးအသင်းကို ခုနစ်ဂိုးနှစ်ဂိုး၊ ကွာတားဖိုင်နယ်အဆင့်မှာ ဘာစီလိုနာအသင်းကို သုံးဂိုးနှစ်ဂိုးနဲ့အနိုင်ရခဲ့ပြီး ဆီမီးဖိုင်နယ်အဆင့်မှာတော့ အာဆင်နယ်အသင်းကို နှစ်ဂိုးတစ်ဂိုးနဲ့ရှုံးခဲ့လို့ ပြိုင်ပွဲကထွက်ခဲ့ရတာဖြစ်ပါတယ်။ စပိန်ကိုပါဒယ်ရေးဖလားပြိုင်ပွဲမှာတော့ ဗိုလ်လုပွဲထိရောက်ခဲ့ပေမဲ့ ဆိုစီဒက်အသင်းကို ပင်နယ်တီမှာလေးဂိုးသုံးဂိုးနဲ့ရှုံးခဲ့တာကြောင့် ဆုဖလားနဲ့လွဲချော်ခဲ့ရတာဖြစ်ပြီး အမှတ်ပေးပြိုင်ပွဲမှာတော့ ၂၁ ပွဲနိုင်၊ ခြောက်ပွဲသရေ၊ ၁၁ ပွဲရှုံး နဲ့ အဆင့်(၄)မှာရပ်တည်နိုင်ခဲ့လို့ ချန်ပီယံလိဂ်ဝင်ခွင့်ရရှိခဲ့တာဖြစ်ပါတယ်။

ဘက်တစ်အသင်းကတော့ နည်းပြပယ်လီဂရီနီလက်အောက်မှာ ပုံစံကောင်းတွေဆက်လက်ထိန်းသိမ်းနိုင်ခဲ့တာဖြစ်ပြီး အပြောင်းအရွှေ့ကာလတွေမှာတော့ အန်တိုနီ၊ ဒီအိုဆာတို့လို ကစားသမားတွေအတွက် ယူရို ၆၂ ဒသမ ၅ သန်းအသုံးပြုခဲ့တာဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ်ပြိုင်ပွဲစုံမှာတော့ နည်းပြပယ်လီဂရီနီက ၄-၂-၃-၁ ကစားကွက်နဲ့ အထိုင်ချကစားခဲ့ပြီး စပိန်ကိုပါဒယ်ရေးဖလားပြိုင်ပွဲမှာ ကွာတားဖိုင်နယ်အဆင့်၊ ယူရိုပါလိဂ်ပြိုင်ပွဲမှာ ဆီမီးဖိုင်နယ်အဆင့်ထိရောက်ရှိခဲ့တာဖြစ်ပါတယ်။ အမှတ်ပေးပြိုင်ပွဲမှာတော့ ၁၈ ပွဲနိုင်၊ ၁၅ ပွဲသရေ၊ ရှစ်ပွဲရှုံးနဲ့ ရမှတ် ၆၀ ထိရခဲ့တာကြောင့် အမှတ်ပေးဇယား အဆင့် (၅) မှာရပ်တည်နိုင်ခဲ့ပြီး လာမဲ့ဘောလုံးရာသီမှာ ချန်ပီယံလိဂ်ဝင်ခွင့်တစ်နေရာရရှိခဲ့တာဖြစ်ပါတယ်။

# ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ဖို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့

**မေဇင်ထွန်း**

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ကို နှစ်စဉ် ဇွန် ၅ ရက်တွင် ကမ္ဘာတစ်ဝန်းကျင်းပလျက်ရှိပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာများမြှင့်တင်ရန်၊ ပတ်ဝန်းကျင်ပျက်စီးမှုများကို လျှော့ချရန်နှင့် လူသားများ၏ လူနေမှုဘဝပိုမိုကောင်းမွန်စေရန်ရည်ရွယ်၍ကျင်းပသော ကမ္ဘာလုံးဆိုင်ရာ နေ့ထူးနေ့မြတ်တစ်နေ့ဖြစ်သည်။ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ကို ၁၉၇၂ ခုနှစ်တွင် ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့၌ကျင်းပခဲ့သော ကုလသမဂ္ဂလူ့ပတ်ဝန်းကျင်ဆိုင်ရာညီလာခံ (United Nations Conference on the Human Environment) မှ စတင်အတည်ပြုခဲ့သည်။ ထို့နောက် ၁၉၇၃ ခုနှစ် ဇွန် ၅ ရက်တွင် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ကို ပထမဆုံးအကြိမ်ကျင်းပခဲ့သည်။ လက်ရှိကာလတွင် နိုင်ငံပေါင်း ၁၅၀ ကျော်က ပါဝင်ဆင်နွှဲနေသည့် ကမ္ဘာ့အကြီးဆုံးပတ်ဝန်းကျင်ထိန်းသိမ်းရေးလှုပ်ရှားမှုနေ့တစ်နေ့ဖြစ်လာခဲ့သည်။

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့တွင် နိုင်ငံအသီးသီးက ပတ်ဝန်းကျင်ထိန်းသိမ်းရေးတက်ကြွလှုပ်ရှားသူများ၊ ပရဟိတအဖွဲ့သားများ၊ လူငယ်များက သစ်ပင်စိုက်ပျိုးခြင်း၊ အမှိုက်ကောက်သန့်ရှင်းရေးပြုလုပ်ခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဟောပြောပွဲများကျင်းပခြင်း၊ ကျောင်းများတွင် ပန်းချီ၊ စာစီစာကုံး၊ ပိုစတာပြိုင်ပွဲများပြုလုပ်ခြင်း၊ မြစ်၊ ချောင်း၊ ကမ်းခြေများတွင် သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ပလတ်စတစ်ကဲ့သို့ပြန်လည်အသုံးပြုနိုင်သောပစ္စည်းများအသုံးပြုရေးလှုံ့ဆော်ခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို အားပေးဆောင်ရွက်ကြခြင်း စသည်တို့ကို ပြုလုပ်လျက်ရှိသည်။

ယခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့၏ ဆောင်ပုဒ်မှာ "ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ဖို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့ – A Global Call for Climate Action" ဖြစ်ပြီး ကမ္ဘာတစ်ဝန်းရင်ဆိုင်နေရသော ရာသီဥတုပြောင်းလဲမှုဆိုင်ရာပြဿနာများကို မီးမောင်းထိုးပြထားသည်။ ယနေ့ကမ္ဘာကြီးတွင် ရင်ဆိုင်နေရသော အဓိက ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများမှာ ရာသီဥတုပြောင်းလဲမှု၊ သစ်တောပြုန်းတီးမှု၊ လေထုနှင့်ရေထုညစ်ညမ်းမှု၊ ပလတ်စတစ်အမှိုက်ပြဿနာ၊ ဇီဝမျိုးစုံမျိုးကွဲများ ပျောက်ကွယ်လာခြင်း၊ အပူချိန်မြင့်တက်လာခြင်း၊ ရေခဲတောင်များအရည်ပျော်လာခြင်း၊ တောမီးလောင်ကျွမ်းမှုများ၊ ရေကြီးရေလျှံမှုများနှင့် မိုးခေါင်ရေရှားမှုများ တိုးပွားလာနေခြင်းတို့ဖြစ်သည်။ ထိုပြဿနာများကို လူသားအားလုံးက ဘက်ပေါင်းစုံက အတူတကွပူးပေါင်းဖြေရှင်း ဆောင်ရွက်သွားကြရန် လိုအပ်ပေသည်။

ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပြဿနာများကို ဖြေရှင်းရန်အတွက် သစ်တောများ၊ မြစ်ချောင်းများ၊ ရေကန်များ၊ သမုဒ္ဒရာများ၊ တောရိုင်းတိရစ္ဆာန်များနှင့် သဘာဝဂေဟစနစ်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်းက စတင်ကြရမည်ဖြစ်သည်။ ထို့ပြင် လူသားတို့၏ မဆင်မခြင်ဆောင်ရွက်မှုများကြောင့် လေထုညစ်ညမ်းမှု၊ ရေထုညစ်ညမ်းမှု၊ မြေဆီလွှာပျက်စီးမှုနှင့် ကာဗွန်ထုတ်လွှတ်မှုများကို လျှော့ချရန်လည်း အရေးကြီးသည်။ သဘာဝပတ်ဝန်းကျင်ကောင်းမွန်မှသာ ရာသီဥတုပြောင်းလဲမှု၏ ဆိုးကျိုးသက်ရောက်မှုများကို လျော့ပါးစေနိုင်မည်ဖြစ်သည်။

ထို့ကြောင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရန်အတွက် သစ်ပင်များပိုမိုစိုက်ပျိုးခြင်း၊ သစ်တောပြုန်းတီးမှုကိုကာကွယ်ခြင်း၊ တစ်ခါသုံးပလတ်စတစ်အသုံးပြုမှုလျှော့ချခြင်း၊ အမှိုက်များကို စနစ်တကျစွန့်ပစ်ခြင်း၊ ပြန်လည်အသုံးပြုခြင်းနှင့် ပြန်လည်ထုတ်လုပ်အသုံးပြုခြင်းတို့ကို ဆောင်ရွက်သင့်သည်။ ထို့ပြင် လျှပ်စစ်ဓာတ်အားကို ချွေတာအသုံးပြုခြင်း၊ နေရောင်ခြည်နှင့် လေစွမ်းအင်ကဲ့သို့ သန့်ရှင်းသောစွမ်းအင်များကိုအသုံးပြုခြင်း၊ အဖိုးတန်ရေချိုအရင်းအမြစ်များကို ချွေတာသုံးစွဲခြင်းနှင့် ရုပ်ကြွင်းလောင်စာသုံးကိုယ်ပိုင်ယာဉ်များအစား အများပြည်သူသုံးသယ်ယူပို့ဆောင်ရေးစနစ်များကို အသုံးပြုခြင်းဖြင့်လည်း ပတ်ဝန်းကျင်ဆိုင်ရာထိန်းသိမ်းရေးလုပ်ငန်းများတွင် ပါဝင်ကူညီနိုင်သည်။

လူသားများ၏ အသက်ရှင်နေထိုင်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုသည် သဘာဝပတ်ဝန်းကျင်နှင့်ခွဲခြား၍ မရနိုင်သောဆက်နွှယ်မှုတစ်ရပ်ဖြစ်သည်။ သန့်ရှင်းသော လေထု၊ ရေ၊ သစ်တောများ၊ မြေဆီလွှာနှင့် ဇီဝမျိုးစုံမျိုးကွဲများသည် လူသားတို့၏ ဘဝရပ်တည်မှုအတွက် အခြေခံလိုအပ်ချက်များဖြစ်ကြသည်။ သို့သော် စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်မှုများ၊ လူတို့၏ သစ်တောအလွန်အကျွံခုတ်ထွင်မှု၊ မြေယာရှင်းလင်းမှုတို့ကြောင့် သစ်တောပြုန်းတီးလာမှုများ၊ ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ တိုးပွားလာမှုနှင့် ရာသီဥတုပြောင်းလဲမှုတို့ကြောင့် ကမ္ဘာ့ပတ်ဝန်းကျင်သည် စိုးရိမ်ဖွယ်ရာအခြေအနေများနှင့် ရင်ဆိုင်နေရသည်။ ထိုသို့သောပြဿနာများကို လူသားအားလုံးသတိပြုမိစေရန်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လာစေရန် ရည်ရွယ်၍ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ကို ယခုကဲ့သို့ သတ်မှတ်ကျင်းပခြင်းဖြစ်သည်။




လူသားတို့၏ မဆင်မခြင်လုပ်ဆောင်ချက်များကြောင့် သဘာဝပတ်ဝန်းကျင် ပျက်စီးလာသဖြင့် ရာသီဥတုပြောင်းလဲမှု၊ အပူလှိုင်းများ၊ မိုးခေါင်မှုများ၊ ရေကြီးရေလျှံမှုများနှင့် ဇီဝမျိုးစုံမျိုးကွဲများ လျော့နည်းလာခြင်းတို့ဖြစ်ပေါ်စေသည်။ ထိုပြဿနာများသည် လူသားတို့၏ အနာဂတ်ဘဝအတွက် ကြီးမားသောစိန်ခေါ်မှုများကို ဖြစ်လာစေသည်။ သဘာဝပတ်ဝန်းကျင်သည် လူသားတို့၏ ကျန်းမာရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ စီးပွားရေးနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်မှုတို့အတွက် အရေးပါသောအခန်းကဏ္ဍမှပါဝင်နေသည်။ သန့်ရှင်းသောပတ်ဝန်းကျင်သည် ရောဂါဘယများလျော့နည်းစေပြီး လူတို့၏ ကျန်းမာရေးကိုကောင်းမွန်စေသည်။ ထို့ပြင် သစ်တောများနှင့်စိုစွတ်မြေများသည် ရေသိုလှောင်ပေးနိုင်ခြင်း၊ လေထုအရည်အသွေးကောင်းမွန်စေခြင်းနှင့် သဘာဝဘေးအန္တရာယ်များကို လျော့ပါးစေခြင်းတို့တွင် အထောက်အကူပြုသည်။

စက်ရုံများ၊ ယာဉ်များနှင့် လောင်စာအသုံးပြုမှုများမှထွက်ရှိသော ဖန်လုံအိမ်ဓာတ်ငွေ့များကြောင့် ကမ္ဘာ့အပူချိန်မြင့်တက်လာပြီး ရာသီဥတုအပြောင်းအလဲများ ပိုမိုပြင်းထန်လာသည်။ ထို့ပြင် ပလတ်စတစ်အမှိုက်များသည် မြစ်ချောင်းများ၊ သမုဒ္ဒရာများနှင့် သဘာဝပတ်ဝန်းကျင်အတွင်း စုပုံလာကာ တိရစ္ဆာန်များနှင့်လူသားတို့၏ကျန်းမာရေးကို ထိခိုက်စေသည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများသည် အစိုးရများနှင့် အဖွဲ့အစည်းများသာ ဆောင်ရွက်ရမည့်ကိစ္စမဟုတ်ဘဲ လူတိုင်း၏ တာဝန်ဖြစ်သည်။

လူတစ်ဦးချင်းစီအနေဖြင့် နေ့စဉ်ဘဝတွင် ပလတ်စတစ်အသုံးပြုမှုလျှော့ချခြင်း၊ အမှိုက်များကို စနစ်တကျစွန့်ပစ်ခြင်း၊ အရိပ်ရနှစ်ရှည်သစ်ပင်များ စိုက်ပျိုးခြင်း၊ ရေနှင့်လျှပ်စစ်ကို ချွေတာအသုံးပြုခြင်း၊ ပလတ်စတစ်ကဲ့သို့ပြန်လည်အသုံးပြုနိုင်သောပစ္စည်းများကိုအသုံးပြုခြင်းတို့ဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးတွင် ပါဝင်နိုင်သည်။ ထို့ပြင် ပတ်ဝန်းကျင်ဆိုင်ရာအသိပညာများကို မိသားစုနှင့် လူမှုအသိုင်းအဝိုင်းအတွင်းမျှဝေပေးခြင်းသည်လည်း သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေးအတွက် အရေးပါသော အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။

ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့သည် သဘာဝပတ်ဝန်းကျင်၏အရေးပါမှုကို လူသားအားလုံးသတိပြုမိစေရန်နှင့် ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်လာစေရန် ရည်ရွယ်သည့် အရေးကြီးသောနေ့ထူးနေ့မြတ်တစ်ရပ်ဖြစ်သည်။ သန့်ရှင်းစိမ်းလန်းသောကမ္ဘာကြီးကို အနာဂတ်မျိုးဆက်များအတွက် လက်ဆင့်ကမ်းပေးနိုင်ရန် လူတိုင်းက မိမိတို့၏ နေ့စဉ်ဘဝမှစ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အလေ့အကျင့်များကို ကျင့်သုံးရန်လိုအပ်သည်။

သို့ဖြစ်ပါ၍ ကမ္ဘာမြေကြီးကိုထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းသည် မိမိတို့အတွက်သာမက မိမိတို့၏ အနာဂတ်မျိုးဆက်သစ်များအတွက်ပါ ကောင်းမွန်သောကမ္ဘာကြီးကို လက်ဆင့်ကမ်းနိုင်စေရန် ကာကွယ်ခြင်းပင်ဖြစ်သည်။ ထို့ကြောင့် ကမ္ဘာအတွင်း မှီတင်းနေထိုင်ကြသောလူသားအားလုံးက ကိုယ်စီအသိစိတ်ဖြင့် ပူးပေါင်းဆောင်ရွက်ကြပါက ပိုမိုကောင်းမွန်သောပတ်ဝန်းကျင်နှင့် ရေရှည်တည်တံ့သောအနာဂတ်ကို တည်ဆောက်နိုင်မည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

**ကိုးကား**

- **What is the theme for World Environment Day 2026?**
- **When and why is World Environment Day celebrated?**


## ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job–PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit–PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Pass-port for Job–PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

အလုပ်သမားဝန်ကြီးဌာန

# ဖိုးကောက် ရုပ်ရှင်ဇာတ်ကား Premiere Show ကို ဒဂုံမြို့နယ်ရှိ သမ္မတအဆင့်မြင့်ရုပ်ရှင်ရုံ၌ ပြုလုပ်



**ရန်ကုန် ဇွန် ၄**

ဖိုးကောက် ရုပ်ရှင်ဇာတ်ကား Premiere Show ကို ဇွန် ၃ ရက်က ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ သမ္မတအဆင့်မြင့်ရုပ်ရှင်ရုံ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဖိုးကောက် ရုပ်ရှင်ဇာတ်ကားသည် တစ်ခေတ်တစ်ခါက ထင်ရှားခဲ့သည့် ပြဇာတ်ဒါရိုက်တာ မောင်စိတ္တ၏ ဝတ္ထုဇာတ်လမ်းကို ဒါရိုက်တာ မယ်မင်းဘုံက ဇာတ်ညွှန်း ရေးသားထားပြီး ငွေကြေးကပင်တာဝန်ယူပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

"ကျွန်တော့်အနေနဲ့ ဖိုးကောက် ဇာတ်ကားရဲ့ဇာတ်ကောင်ကာရိုက်တာနဲ့ ပါဝင်ခွင့်ရခဲ့ပါတယ်။ အခုနောက်ပိုင်း ကျွန်တော့်အနေနဲ့ ကာရိုက်တာတွေမတူအောင် ရိုက်ဖြစ်တာတွေများတယ်။ ကြည့်ရှုသူ ပရိသတ်ကို ရသပိုင်းကော ဗဟုသုတပါ အစစအရာရာပြည့်စုံတဲ့ ကားမျိုးဖြစ်ဖို့ ဦးစားပေးရိုက်ဖြစ်ပါတယ်။ ဖိုးကောက်ရဲ့ ဇာတ်ကားက ဝတ္ထုမောင်စိတ္တ၊ ဒါရိုက်တာ မယ်မင်းဘုံတို့က လူတွေရဲ့ လိမ်လည်လှည့်ဖြားမှုတွေရဲ့ အကျိုးဆက်တွေကို ပညာပေးအနေနဲ့ ပုံဖော်ထားပါတယ်"ဟု အဆိုပါ ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်ထားသူ သရုပ်ဆောင် နေတိုးက ပြောပြသည်။

ဖိုးကောက် ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် နေတိုး၊ နေမျိုးအောင်၊ ညီနန္ဒ၊ ရှိန်းတင်ထူး၊ ခင်ဝင့်ဝါ၊ လင်းဇာနည်ဇော်၊ ဧည့်သည်သရုပ်ဆောင် ဆုအိမ့်စံနှင့် အခြားအနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

# Tortures of the Damned ဇာတ်ကားကို ဒါရိုက်တာ ဒါမီယန်လီယွန် ရိုက်ကူးမည်

**နယူးယောက် ဇွန် ၄**

Lionsgate ရုပ်ရှင်ကုမ္ပဏီ၏ Tortures of the Damned အမည်ရှိ ထိတ်လန့်သည်းဖိုဇာတ်ကားကို ဒါရိုက်တာ ဒါမီယန်လီယွန်က တာဝန်ယူ ရိုက်ကူးမည်ဖြစ်ကြောင်း ဇွန် ၃ ရက် သတင်းများအရ သိရသည်။

လက်ရှိအချိန်တွင် Tortures of the Damned ဇာတ်ကားကို ရိုက်ကူးရေးအတွက် ဒါရိုက်တာ ဒါမီယန်လီယွန်နှင့် Lionsgate ရုပ်ရှင်ကုမ္ပဏီတို့ကြား သဘောတူလက်မှတ် ရေးထိုးထားပြီးဖြစ်ကြောင်း သိရသည်။

Tortures of the Damned ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဒါရိုက်တာ ဒါမီယန်လီယွန်ကပင် တာဝန်ယူရေးသားပေးမည်ဖြစ်ကြောင်း သိရသည်။

ဒါရိုက်တာ ဒါမီယန်လီယွန်သည် Tortures of the Damned ဇာတ်ကားအတွက် ထုတ်လုပ်သူအဖြစ်လည်း တာဝန်ယူထားကြောင်း သိရသည်။

လက်ရှိအချိန်တွင် Tortures of the Damned ဇာတ်ကား၏ ဇာတ်လမ်းဇာတ်အိမ်အသေးစိတ်ကို Lionsgate ရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်း မရှိသေးကြောင်း၊ ဒါရိုက်တာ ဒါမီယန်လီယွန်သည် Terrifier ထိတ်လန့်သည်းဖိုဇာတ်ကားများကို ရိုက်ကူးပေးခဲ့သော ဒါရိုက်တာဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**



# M Channel က ထုတ်လွှင့်ပြသမည့် နှလုံးသားပွဲတင်သံ ရုပ်သံဇာတ်လမ်းတွဲ ကန်တော့ပွဲပေးအခမ်းအနား ပြုလုပ်

**ရန်ကုန် ဇွန် ၄**

M Channel က ထုတ်လွှင့်ပြသမည့် နှလုံးသားပွဲတင်သံ ရုပ်သံဇာတ်လမ်းတွဲ ကန်တော့ပွဲပေးအခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ အိမ်တော်ရာစေတီ၌ ဇွန် ၃ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါဇာတ်ကားကို ဇာတ်လမ်း အင်ကြင်းမေ၊ ဇာတ်ညွှန်း ဒေဝီ၊ သင်းနံ့သာ၊ ရန်ရှင်း (Aeternum Creative)တို့က ရေးသားထားပြီး ဒါရိုက်တာ ဦးသိန်းဟန် (ဖီးနစ်)၊ တွဲဖက်ဒါရိုက်တာ ကိုမျိုးတို့က မိသားစုဒရာမာဇာတ်လမ်းပုံစံအဖြစ် အကောင်းဆုံးပုံဖော်ရိုက်ကူးသွားမည် ဖြစ်ကြောင်း သိရသည်။

"ကျွန်မက အမုန်းမှသည် ဇာတ်လမ်းတွဲကစပြီး ကိုကျော်ထက်ဇော်နဲ့ ပထမဦးဆုံးတွဲရိုက်တဲ့ မင်းသမီးလို့ ပြောလို့ရတယ်။ တကယ်တော့ ဒီဇာတ်လမ်းမှာ ပြန်ဆုံတာပေ့ါနော်။ ကျွန်မတို့ နှစ်ယောက်မဆုံတာ ကိုးနှစ်ရှိပါပြီ။ ကြားထဲမှာ လုံးဝမဆုံရဘူး။ ဒီဇာတ်ကားမှာတော့ မကြီးစိုးနဲ့ဆုံရမှာပါ။ ကိုယ်က ချွေးမနေရာကနေ ပါဝင်ရမှာပါ။ ဩဇာအာဏာတွေရှိတဲ့ ယောက္ခမပေ့ါ။ မကြီးစိုးဆီက အနုပညာတွေနဲ့ ပတ်သက်ပြီး အတုယူမှာပါ။ ဒီဇာတ်ကားမှာ ကိုကျော်နဲ့ ရိုရမ့်အခန်းလေးတွေ နည်းနည်းပါပါတယ်။ ဇာတ်လမ်းက ဘယ်လိုဖြစ်မလဲဆိုတာ မကြာခင်တွေ့ရမှာပါ"ဟု အဆိုပါဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် ဆောင်းဝတ်ရည်မေက ပြောပြသည်။



အဆိုပါ နှလုံးသားပွဲတင်သံ ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် ကျော်ထက်ဇော်၊ တေဇာကျော်၊ ဆန်းမင်းဟိန်းထွဋ်၊ ဒန်ရေလ၊ စိုးမြတ်သူဇာ၊ ဆောင်းဝတ်ရည်မေ၊ ဆုထက်လှိုင်၊ သူဇာပွင့်၊ လင်းလက်ခွန်းချို၊ အေဇာဇော်တို့ ပါဝင်သရုပ်ဆောင်ကြမည်ဖြစ်ကြောင်း သိရသည်။ ASH

# The Cackling of the Dodos ဇာတ်ကား၌ မင်းသား ဖရက်ဟက်ချင်ဂျာ ပါဝင်သရုပ်ဆောင်မည်

**နယူးယောက် ဇွန် ၄**

Netflix ကုမ္ပဏီ၏ The Cackling of the Dodos အမည်ရှိရုပ်ရှင်ဇာတ်ကားသစ်၌ မင်းသား ဖရက်ဟက်ချင်ဂျာ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဇွန် ၃ ရက် သတင်းများအရ သိရသည်။

The Cackling of the Dodos ဇာတ်ကားတွင် ဖရက်ဟက်ချင်ဂျာသည် မင်းသား ဆမ်ရော့ဝဲ၊ ဝုဒ်ဒီဟာရယ်ဆင်တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

The Cackling of the Dodos ရုပ်ရှင်ဇာတ်ကားသစ်ကို ဒါရိုက်တာ ဂျေဆင်ဘိတ်မင်းက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကို စာရေးဆရာ ရိုင်းကားတစ်က တာဝန်ယူရေးသားပေးထားသည်။

The Cackling of the Dodos ဇာတ်ကားသည် ကျွီတစ်ခုအတွင်း၌ ရုပ်အလောင်း တစ်လောင်းကို လယ်သမားတစ်ဦးက တွေ့ရှိခဲ့ပြီးနောက် ပေါ်ထွက်လာသည့်အဖြစ်အပျက်များကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့်ဇာတ်ကားဖြစ်ပြီး လက်ရှိတွင် အဆိုပါဇာတ်ကား ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို မသိရသေးကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



# A Minecraft Movie နောက်ဆက်တွဲဇာတ်ကား၏ တရားဝင်ဇာတ်ကားနာမည် ထုတ်ပြန်ကြေညာထား

**နယူးယောက် ဇွန် ၄**

A Minecraft Movie နောက်ဆက်တွဲ ဇာတ်ကားသစ်၏ တရားဝင်ဇာတ်ကား နာမည်ကို ဝါနာဘရားသား ကုမ္ပဏီက ထုတ်ပြန် ကြေညာထားကြောင်း ဇွန် ၃ ရက် သတင်းများအရ သိရသည်။

ဝါနာဘရားသား ကုမ္ပဏီ၏ ထုတ်ပြန်ချက်အရ A Minecraft Movie နောက်ဆက်တွဲဇာတ်ကားသစ်၏ တရားဝင်ဇာတ်ကားနာမည်မှာ A Minecraft Movie Squared ဖြစ်ကြောင်း သိရသည်။

A Minecraft Movie(2025) ဇာတ်ကားသည် အထူးအောင်မြင်မှုရရှိခဲ့ပြီး ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ ၉၅၇ ဒသမ ၈ သန်းထိ ရရှိခဲ့ကြောင်း သိရသည်။

A Minecraft Movie Squared ဇာတ်ကားကို ဒါရိုက်တာ ဂျရတ်ဟတ်က တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကို ခရစ်ဂယ်လက်တာက ရေးသားပေးထားကြောင်း သိရသည်။

A Minecraft Movie Squared ဇာတ်ကားတွင် မူလ A Minecraft Movie ဇာတ်ကားမှ မင်းသား ဂျေဆင်မိုမိုအာ၊ ဂျက်ဘလက်၊ ဆီဘက်ရှန်ဟက်ဆန်တို့လည်း ပြန်လည် ပါဝင်လာနိုင်ကြောင်း သိရသည်။

A Minecraft Movie (2025) ဇာတ်ကားကို ဒါရိုက်တာ ဂျရတ်ဟက်ကပင် တာဝန်ယူရိုက်ကူးခဲ့ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

# President of the Republic of the Union of Myanmar U Min Aung Hlaing during his official visit to India, answers questions of the Doordarshan (DD India News) at a news interview

President U Min Aung Hlaing during his official visit to India, answered the questions of the Doordarshan (DDIndia News) at a news interview.

The full text of the interview is as follows:

**Q:** Mr. President, you chose India as your first foreign destination. India and Myanmar are the countries having social and cultural interconnections. Your Excellency, how will you define the relations between the two countries?

**A:** The program of my visit is to attend the International Big Cat Alliance (IBCA) Summit, to be sponsored by India. Unfortunately, the summit was postponed due to the outbreak of Ebola virus in Africa. In connection with this meeting, it has also been a long time since I last visited India, which was in 2019. Through bilateral negotiations, both sides arranged an official visit for me to attend the meeting in India. The meeting was postponed, but I came to India as this official visit program remained unchanged. India is a country that has a long history of friendship and relations with Myanmar.

The bilateral relations are through many channels including people-to-people relations and government-to-government relations. My first visit to India was in 2010, followed by a number of visits to the country. As I assumed that the visit to India would be worthwhile, I made this trip a reality.

**Q:** Your Excellency, you have visited the holy Maha Bodhi Temple in Bodh Gaya. Previously, you have mentioned about the many P2P relations. So, do you assume Bodh Gaya as the core of P2P relations and interconnections?

**A:** Of course, I assume. Buddhism spread to Myanmar from India. Bodh Gaya is the place where Buddha attained enlightenment. As a large majority of the people in Myanmar are Buddhist, they deeply revere Buddhism. Every Myanmar venerates Buddhism, and they also solemnly regard Bodh Gaya as a sacrosanct place. I have been to the holy site four times. Every time I visited India, I made the Bodh Gaya pilgrimage trip a reality. As the holy place was on my way to India from Nay Pyi Taw, I made an arrangement to visit Bodh Gaya on 30 May. What is more astonishing was that the 30th May was the fullmoon day of the month of Nayon in the Myanmar Calander. It was an incredibly unique fullmoon day, and we all believed that we achieved special merits. So, when it comes to Buddhism, Bodh Gaya is a vitally important place for the bilateral relations between the two countries.

**Q:** Mr. President, please elaborate on your meeting with Prime Minister Modi. Can you describe the main objectives of the discussions?

**A:** We discussed a wide range of issues at the meeting. The promotion of economic cooperation and trade between the two countries was included in the objectives of my visit. We discussed the said topics. Additionally, we identified the possible areas where India could invest in Myanmar and the areas that were suitable for Myanmar to learn the developments of India. A broad array of other sectors including education, health, and defence fields, and issues on maritime security, border areas, and agricultural business. We were able to cover multiple sectors during the talks that would yield successful results.



**President U Min Aung Hlaing answering the questions of the Doordarshan (DD India News) during a news interview.**

**Q:** Mr. President, you have just described the discussions on the establishment of economic cooperation between the two countries. Currently, the annual volume of trade between India and Myanmar is just around USD 2 billion, while India is included in the largest trading partners of Myanmar. So, what were the principal topics of the economic forum Your Excellency had held with India businesspersons.

**A:** Yes, India is one of the largest trading partners of Myanmar, with its bilateral trade with us exceeding USD 2 billion. The volume of Myanmar's exports to India is larger than the amount of goods imported to Myanmar from India. I explained about our plans for the goods we buy from India. For example, matters relating to extension of Indian exports including iron and steel, medicines, textiles. I told the Indian entrepreneurs that we would buy those goods more. I also invited them to invest in the production industry of Myanmar and distribute their goods in our neighbour such as Laos, Cambodia, and Vietnam, in addition to the Myanmar market. They can have access to other markets, apart from Myanmar. Myanmar has a population of around 50 million, and if that of the neighbours is added, the figure will reach near 200 million. So, they can have a market of nearly 200 million consumers. I encouraged them to distribute their goods in the said market. Many of them were interested in my suggestions.

The main aim was trade promotion. You said that the trade volume was about 2 billion. We set the target of the bilateral trade volume at USD 3 billion, and that is the first phase. In the near future, we will set the target of the second phase at USD 5 billion. And from there, we will gradually increase the trade volume. Myanmar has many items to export to India. Normally, Myanmar can extend its exports in beans, forest products, minerals, agricultural and livestock products, including rubber. There are ways for the Indian entrepreneurs to get involved in the long staple cotton sector. There are areas of bilateral cooperation, and their main attraction is mutual interest. Trade depends on benefits. Yesterday, I told them to concentrate more on increasing the trade volume rather than raising the profits and to sell in high volume with low profit margin. Myanmar will also try to raise the sales and reduce the profit margin, and India should follow suit. Of course, every merchant calculates the profit. But they should take only a reasonable level of profit. The main goal here is to raise the trade value and it is my chosen method.

**Q:** India is a country that follows the "Act East" policy and a "Neighbourhood First" policy in its foreign relations. A clear example of this is that when a severe earthquake struck Myanmar in 2025, India was the first country to provide assistance. This demonstrates its commitment. In addition, India has been providing necessary support to help improve Myanmar's defence capabilities as well. So, based on these points, we would like to know how Mr President views India as a development partner for Myanmar.

**A:** In terms of development, there are many sectors. In addition to what I mentioned earlier, there are also areas such as education and health. Then there is the cultural sector as well—for example, the preservation of ancient heritage sites. In industry as well, if we want long-term development, we need significant industrial growth. There is also the IT sector. India is one of the leading countries in IT. Therefore, if we cooperate with India in IT, there will be many opportunities for us. In Myanmar, we are also implementing an IT-related city development project called Yadanarpon Cyber City in Upper Myanmar. It is located in PyinOoLwin, which was formerly called Maymyo. During the colonial period, it was well known as a resort town. We are now redeveloping it as an IT city. If Indian IT companies and professionals come and operate there, there will be many opportunities. The scope is quite broad—it is a large-scale undertaking. India is also a country with extensive experience in this field. Therefore, if we work together, I believe India can provide substantial support to us.

**Q:** Mr President, at present India has been implementing the India-Myanmar-Thailand Trilateral Highway project in Myanmar for many years. In relation to this matter, we would like to know how you view this project. In addition, we would also like to hear your perspective on regional connectivity and areas related to cross-border interaction and communication.

**A:** This India-Myanmar-Thailand Trilateral Highway project, which connects Myanmar, Thailand, and India, is over 800 miles long. The Thailand-Myanmar sections are already largely open and operational, with traffic already moving along them. The Indian side, however, is the most important part. In India, the connection from the Northeast region linking Tamu and Moreh is a key gateway route. This corridor is particularly important for India, first for enabling Indian products to enter Myanmar through border trade, and second for allowing Indian citizens to travel and engage with Myanmar via the border crossing. These two aspects are the main priorities. However, due to the security situation, there have been some difficulties in certain areas, and the project has been temporarily stalled. We are now working to improve the security situation.

Following the developments in Myanmar in 2021, instability emerged in those areas. At present, Tatmadaw is working to stabilize those regions. Very soon, we are also making efforts to reopen the key route connecting Kalay and Tamu, which is an important border-adjacent city. Once that is completed and the border gate is reopened, it will become possible to travel from central Myanmar through to Thailand. Overall, restoring normal conditions in the Myanmar-India border areas is the most important priority. We are giving this top priority. I would also like to emphasize that this is a project we regard with very high importance.

**Q:** Next, we will ask questions regarding issues of concern to both our countries. India and Myanmar are neighbouring countries sharing a border of about 1,600 kilometres. However, along the border, armed insurgent groups and illegal drug trafficking activities are undermining stability and peace in the border areas. We would like to know how these issues can be better controlled. We would also like to hear the President's views on Myanmar's position that it will not allow its territory to be used by any individual or group carrying out hostile activities against India.

*See Page 13*

# Vice President U Nyo Saw attends opening ceremony of 29th St. Petersburg International Economic Forum – SPIEF 2026



Vice President U Nyo Saw holds discussions with Russian officials.

**Nay Pyi Taw June 4**

The opening ceremony of the 29th St. Petersburg International Economic Forum – SPIEF 2026 was held at EXPOFORUM Convention and Exhibition Centre in St. Petersburg this evening local time and Vice President U Nyo Saw attended the ceremony and took part in discussions.

Also present at the ceremony were the deputy prime minister of the Russian Federation, the deputy prime minister of Vietnam Socialist Republic, the vice chairman of Kyrgyz Republic government, union ministers, senior officials and delegation members from more than 130 countries across the world, the Myanmar ambassador to the Russian Federation, the Myanmar consul general in St. Petersburg and officials, invited heads of states and officials and entrepreneurs.

First, a documentary video about the 29th SPIEF 2026 was screened and the governor of St. Petersburg extended greetings.

Then, Vice President U Nyo Saw took part in discussions, saying Myanmar has great potentials for sustainable growth and as it is located at the focal point of east Asia, southeast Asia and South Asia, it boasts a strategically distinctive geographical position. Located between the Pacific Ocean and the Indian Ocean, Myanmar acts as a natural land bridge that connects regional markets and facilitate trade, transportation and economic integration. To take these advantages firmly, the Myanmar government has adopted and implemented policies that facilitate trade and improve business environment.

Moreover, as our country has carried out reforms to modernize the agriculture and livestock sectors to boost production, to strengthen food security and to contribute to sustainable development, international cooperation has been implemented in many sectors including the technology sector. International cooperation is especially invited for the transportation, communications, digital infrastructure, logistic, export-oriented manufacturing, technological and digital services sectors.

Afterward, the vice chairman of Kyrgyz Republic, the deputy prime minister of the Russian Federation, the executive director of Asia-Pacific Economic Cooperation Organization and the deputy prime minister of Vietnam Socialist Republic took part in the discussions.

Earlier, the delegation led by the Vice President attended the EAEU-ASEAN economic forum in the morning and Union Minister for National Planning, Investment and Foreign Economic Relations U Aung Kyaw Hoe took part in discussion over digital transformation in medium- and long-term economic cooperation between the EAEU and the ASEAN, the importance of resources and natural disaster resilience and cooperation in mutually beneficial innovative economic fields between business communities in the EAEU and the ASEAN.

Then, the Vice President received delegations led by Governor of Kaliningrad Mr. Alexander Drozdenko and Russian Economic Development Minister Mr. Maksim Reshetnikov at the center separately and discussed promotion of relations not only between state/regional governments but also between the people of Myanmar and Kaliningrad, promotion of trade and investment, expansion of the tourism sector as a visa free agreement has been signed between the two countries, trade and economic cooperation between the two countries by Myanmar-Russia GtoG trade and economic cooperation commission, developments in projects and processes jointly implemented by the two countries, potentials for further cooperation and cooperation in the industrial, mining, labor and energy sectors.

MNA

*From Page 12*

**A:** These armed conflicts and drug-related problems are largely rooted in politics. In the past, our political system was a centralized, government-led system. Later, there were disagreements and divisions. There were also ethnic armed organizations, as well as groups demanding ethnic rights. These factors led to the emergence of armed conflicts. From these conflicts, drug production expanded significantly as a means for them to sustain themselves. However, around 2020, we had reached a situation where we were able to control it to a considerable extent. But in 2021, due to political instability, drug production grew further. We are now carrying out strong crackdowns and enforcement actions against this as well. We have been sharing intelligence from India, and arrests have also been made in India, so to a certain extent, drug suppression efforts on both the India-Myanmar side have been relatively under control. However, there is still work to be completed. To achieve that, Myanmar needs to ensure political stability. Since we are moving toward a democratic system, our government will continue to strengthen democracy. In doing so, issues arising from democratic and political demands, as well as ethnic-related demands, need to be addressed through systematic democratic negotiations and solutions. If we proceed in this way, armed insurgencies will be reduced to some extent, and this will also place significant restrictions on drug production. Therefore, we need to proceed in parallel; only then can we achieve results. Because there are armed insurgent groups, those who oppose India for various reasons are also taking advantage of them and creating disruptions along the India-Myanmar border. I believe that if we address all of these simultaneously, the situation will be resolved. To some extent, we have already made progress in resolving it.

This morning as well, during discussions with the Prime Minister of India, I explained this matter. The areas along the India-Myanmar border are densely forested regions, making travel extremely difficult. During the rainy season, it becomes even more difficult. I have personally visited these areas many times. I also served as a commanding officer of the battalion in that region, so I know it very well. Therefore, regarding this region, we are currently making efforts to improve the security situation before the rainy season begins. If the security situation improves, then, in relation to the question raised earlier—issues related to ethnic groups, armed conflicts, and disturbances to peace and stability, as well as drug-related issues—will significantly decrease, I believe. I am confident that we will be able to fully resolve these matters in the near future.

**Q:** I have noticed that over the past five years, the Republic of the Union of Myanmar, under your leadership as President, has been facing and addressing various challenges domestically. Therefore, for the development of democracy, the achievement of peace, and the stability of the country, which issue or sector has been the most difficult to address?

**A:** Peace, peace is the most important situation. Then there is the issue of security. Why is there no peace? Because differences in opinions have arisen, that's why there is no peace. We will strive to achieve peace by reducing those differences. On the very day I assumed responsibility, I spoke in parliament and I also addressed the nation. I stated that I would work to achieve peace within 100 days. And I also said that I would strive to achieve genuine national peace within five years. Regarding peace, we have extended invitations. We will negotiate. We will hold discussions and then move forward. On the other side, we also have to work on security matters, on establishing the rule of law. Then there are groups opposing us through violence. In terms of armed opposition, there are two types: one is the EAOs, and the other is the PDFs. EAO stands for Ethnic Armed Organization, and PDF stands for People's Defence Forces. The PDFs are groups that emerged after 2021 due to political disagreements. The EAOs are armed groups that have existed since independence, arising from various issues related to their ethnic groups. So, if we look at these two separately, first we will prioritize resolving the PDFs through both peace and security measures. Then, regarding the EAOs, we will proceed through the peace track. We have already been conducting many negotiations. Their aspirations are diverse, and we have to address those. People will naturally have many desires. However, instead of just talking about what we want, it's better to focus on what is possible and what is appropriate. You surely have many desires too, wanting this or that, but if you pursue the impossible, it won't work. In our country, there are many ethnic groups, over 130 ethnicities, with eight main national ethnic races. Your country has even more. So, since opinions differ from person to person, how do we resolve this? We resolve it through law. We resolve it according to the Constitution. We work to achieve that through the Constitution. The Constitution should be something acceptable and feasible to the majority; we cannot advocate for the impossible. That's why I say peace is the most important. After that, we must move towards development. We cannot avoid development.

*See Page 14*

# Systematic demolition and destruction of an additional three illegal three-story residential buildings used in committing online scams and gambling operations within the Shwe Kokko area

**Nay Pyi Taw June 4**

In order to prevent further occurrences of online scams and gambling within illegal buildings located in the Shwe Kokko and KK Park areas of Myawaddy Township, Kayin State, where online scams and gambling had been based and operated, joint departmental teams are carrying out the permanent demolition of these structures and the systematic destruction of the equipment used in their operations, and it is reported that an additional three illegal three-story residential buildings within the Shwe Kokko area were systematically demolished today.

It is reported that out of the 77 buildings used in committing online scams and gambling operations within the Shwe Kokko area, they have been classified according to building types as 57 buildings to be demolished using heavy machinery and 20 buildings to be destroyed by demolition explosives, and are being systematically demolished and destroyed.

It is also reported that out of the 57 buildings designated for demolition using heavy machinery, three 3-story residential buildings were systematically demolished today using heavy machinery, bringing the total number of buildings demolished to 33 so far, and the remaining 44 illegal buildings will continue to be systematically demolished.

The State Government, taking up anti-online scam and gambling operations as a national duty, is actively cooperating and coordinating with neighboring countries in addition to domestic forces to ensure that these operations cannot establish any base within Myanmar.

100

**Before demolition.** **After demolition.**



**An illegal building used for operating online gambling that was destroyed with heavy machinery in the Shwe Kokko area, Myawaddy District, Kayin State.**

**Before demolition.** **After demolition.**



**An illegal building used for operating online gambling that was destroyed with heavy machinery in the Shwe Kokko area, Myawaddy District, Kayin State.**

*From Page 13*

We must work for national development. It is the government's duty to ensure the country's progress. And when we pursue development, it must encompass all the people. Not just ethnic groups. We must implement development that includes the entire population. That is the path we must take. So, for us, peace is number one. Second is stability and security, which we must continuously work on. Simultaneously, we must carry out development activities. That is the way forward. That is my perspective.

**Q:** ASEAN is a highly influential organization both regionally and globally. I would like to know Your Excellency's view on the current relationship between Myanmar and ASEAN.

**A:** The state of relations is that most ASEAN member countries are fine. However, ASEAN's principle of consensus—requiring agreement from all—is where the problems arise. One or two ASEAN member states have a strict stance towards Myanmar. But the majority of ASEAN countries have a favorable view of us. Previously, based on our actions following the election results, ASEAN changed its approach towards us. Nevertheless, we conducted a general election in December 2025 that was fair, free, and just. No one can deny that. Overall, 54.22% of eligible voters cast ballots. Among those voters, nearly 50% were between the ages of 18 and 40. Nearly half were young people. We cannot force these young people to vote; if we tried, they would run away. They came of their own accord. If you look at the news and images from the election, you'll see they came willingly and enthusiastically to vote. Consider the voting system as well. We implemented a system where vote-rigging is completely impossible. Furthermore, regarding the election and voter lists, we ensured it was a free and fair election. Therefore, regarding our election and its results, we invited international representatives to observe. When we did, they all accepted it; no one rejected it. To this day, no party or candidate has filed a complaint regarding the election. ASEAN knows this too. And concerning the issues caused by the election, now that we have rectified the election and made it good, there are countries that accept this situation. So, for our part, we maintain relations with ASEAN without breaching diplomatic etiquette. However, because ASEAN makes decisions based on consensus, when one or two countries remain rigid, it creates difficulties for other countries to engage with us normally. But we do have good relations now. Even bilaterally, our relations are good. When I was elected President, many ASEAN countries sent me congratulatory messages. Looking at that, we can say good relations exist. We also hold a favorable view of ASEAN.

**Q:** Mr. President, we will now conclude our discussion. What would Your Excellency like to say to the global audience watching this interview regarding Myanmar?

**A:** Myanmar, our country, is now correctly walking the path that our people hope for. Myanmar is ready to cooperate and work hand-in-hand with the world. Therefore, I would like the world to come and observe our reform efforts. I want them to come and see the ongoing situation firsthand. Then, I believe cooperation with us regarding our country's development would be better. If they choose to cooperate with us, the Myanmar people will gain opportunities to improve their current living conditions in all aspects. So, I want the world to come and see this. I want them to cooperate. I want to say that Myanmar is truly on the right path, the path chosen by the people. However, 'standards' vary. Standards differ from country to country. Just as India's standards differ from those of other Asian countries, Western standards also differ. Even within democracy, standards may not be the same. Myanmar is also moving towards a democratic system that suits Myanmar. We have two political objectives: first, to firmly establish a genuine multi-party democratic system; second, to build a union based on democracy and federalism. That is our goal. That is what I am working on. I want to tell the world that we will proceed with this unwaveringly.

MNA

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# သုတစုံလင် ဗုဒ္ဓဝင်ဖြေဆိုပူဇော်ပွဲမှ ပထမဆုရရှိသည့် မအိမ့်ချစ်သူ၏ ဝမ်းသာပီတိ ရင်ဖွင့်စကားသံများ

နိုင်ငံတစ်ဝန်း၌ ယဉ်ကျေးလိမ္မာသင်တန်းနှင့် ဓမ္မစကူးလ်များမှ မြတ်ဗုဒ္ဓ၏ဖြစ်စဉ် သမိုင်းနှင့် ၅၅၀ နိပါတ်တော်များအား သိရှိနားလည်စေရန် ဆရာတော် သံဃာတော်များက နွေရာသီသင်တန်းများဖွင့်လှစ်၍ သင်ကြားပေးလျက်ရှိပါသည်။

လူငယ်၊ လူရွယ်များအား ဗုဒ္ဓဘာသာဝင်များဖြစ်သည်နှင့် အညီ မြတ်ဗုဒ္ဓ၏ တရားဓမ္မများ၊ အလယ်အလတ်လမ်းစဉ်၊ ဝိပဿနာတရား၊ မေတ္တာစေတ်ကြီးမားမှုနှင့် မိမိကိုယ်တိုင် တည်ဆောက်ကျင့်ကြံမှသာ သံသရာမှလွတ်မြောက်နိုင်မည့် အခြေခံတရားများနှင့် ဗုဒ္ဓသမိုင်းကြောင်းကို သိရှိနားလည်စေရန် ဗုဒ္ဓဝင်ပြိုင်ပွဲများကို ကျင်းပပေးလျက်ရှိရာ ယခုနှစ်တွင် နိုင်ငံတစ်ဝန်းမှ ဝင်ရောက်ယှဉ်ပြိုင်ကြသည့် သုတစုံလင် ဗုဒ္ဓဝင်ပြိုင်ပွဲ၌ ဗုဒ္ဓဘာသာဝင်ကောင်းတစ်ဦးပီသစွာ ခက်ခဲသည့် မေးခွန်းများကို အခက်အခဲမရှိ အောင်မြင်စွာဖြေဆိုနိုင်မှုဖြင့် ပထမဆု ရရှိခဲ့သည့် မအိမ့်ချစ်သူ၏ ဝမ်းသာပီတိ ရင်တွင်းစကားသံများကို ဖော်ပြလိုက်ပါသည် -

**မအိမ့်ချစ်သူ (Grade-9)**

သမီးက ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ ညောင်ဖြူစခန်း ရပ်ကွက်မှာ နေထိုင်ပြီး ဖေဖေ၊ မေမေ၊ အစ်ကိုနဲ့ ညီမလေးအပါအဝင် မိသားစု ငါးဦးရှိပါတယ်။ ကျောင်းမှာ G-6 မှာ ပညာရည်ချွန်ဆု၊ G-8 မှာ စာစီစာကုံးဆု၊ ကိုယ်တိုင်ရေးဖွဲ့ခဲ့တဲ့ ကဗျာထူးချွန်ဆုတွေကို မြို့နယ်နဲ့ ပြည်နယ်အဆင့်ထိ ဆုများရရှိခဲ့ဖူးပါတယ်။ မူလတန်းကို အလက(၁၂)၊ အလယ်တန်းအဆင့်ကို အထက(၁၀)တို့မှာ တက်ခဲ့ပါတယ်။ ကျောင်းစာကြည့်တိုက်မှာလည်း စာမပြတ်ဖတ်ပါတယ်။

သမီး ယဉ်ကျေးလိမ္မာသင်တန်း၊ ဓမ္မစကူးလ်သင်တန်းတွေမှာ ထူးချွန်တဲ့အတွက် ဘုန်းဘုန်းက သုတစုံလင်ဗုဒ္ဓဝင်ပူဇော်ပွဲမှာ ဖြေဆိုဖို့ တိုက်တွန်းမှုနဲ့အတူ သမီးကိုယ်တိုင်လည်း ဗုဒ္ဓရဲ့ဓမ္မကို လေးလေးနက်နက် သိချင်ခံယူလိုတဲ့အတွက် ဝင်ရောက်ဖြေဆိုဖို့ နွေရာသီကျောင်းပိတ်ရက်မှာ လေ့လာကျက်မှတ်ခဲ့ပါတယ်။ အဓိကပြဋ္ဌာန်းထားတဲ့ မင်းကွန်းဆရာတော်ကြီး စီရင်ပြုစုခဲ့တဲ့ မဟာဗုဒ္ဓဝင်အတွဲခြောက်တွဲ၊ ရှစ်အုပ်ကို အရင်လေ့လာပြီး အဲဒီမှာ အခြေခံယဉ်ကျေးမှု၊ နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓဝင်သမိုင်း၊ ဓမ္မပဒနဲ့ ၅၅၀ ဇာတ်နိပါတ်တော်၊ အခြေခံအနိစ္စ၊ အခြေခံဘာဝနာ၊ ထေရဝါဒဗုဒ္ဓဘာသာသာသနာ့သမိုင်း၊ တေဒဂ်ဘွဲ့ထေရီမနှင့် ဥပါသကာ ဥပါသိကာမများ၊ ပါဠိအနက်အဓိပ္ပာယ်ဖွင့်ဆိုချက် စတဲ့အခန်းရှစ်ခန်းကို ဆက်ပြီးလေ့လာရပါတယ်။

ယခုလိုဖြေဆိုနိုင်ဖို့အတွက် နွေရာသီ ၇၅ ရက်မှာ စာမပြတ်ကျက်မှတ်ခဲ့ပါတယ်။ တစ်နေကုန် စာကျက်ပြီး ညပိုင်းနဲ့ နံနက်ပိုင်းမှာ စာပြန်နွှေး၊ အဲဒီလို ကျက်မှတ်ခဲ့ပါတယ်။ ဗုဒ္ဓရဲ့စာပေဖြစ်တဲ့အတွက် ကျက်မှတ်ရာမှာ စိတ်ကြည်နူးမှုလည်း ခံစားရပါတယ်။ အမှတ်တရအနေနဲ့ ပြိုင်ပွဲအတွက် သူငယ်ချင်းတွေနဲ့ ဘုရားအတူတူရှိခိုး၊ ပဋ္ဌာန်းပူဇော်၊ စာတွေဖတ်၊ အပြန်အလှန်မေးမြန်း၊ အတူတကွအိပ်ခဲ့ရတာတွေဟာ နွေးထွေးတဲ့ကြည်နူးမှုတွေပါ။

ပြိုင်ပွဲမှာ မြို့နယ်အဆင့်ဖြေဆိုမှု ၁၀၀ မှာ အကောင်းဆုံးဖြေဆိုခဲ့ပြီး ပြည်နယ်အဆင့်ကို တက်လာပါတယ်။ ပြည်နယ်အဆင့်မှာ ထူးချွန်သူ ၁၅ ဦးထဲမှာ အကောင်းဆုံးဖြေဆိုပြီး ယခုဖြေဆိုပြီးခဲ့တဲ့ ဗဟိုအဆင့်ကို ရောက်ရှိခဲ့တာဖြစ်ပါတယ်။ ယခုရရှိခဲ့တဲ့ဆုက ဒွါဒသမအကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင် ဗုဒ္ဓဝင်ဖြေဆိုပူဇော်ပွဲ ဗဟိုအဆင့်မှာ ခက်ခဲတဲ့မေးခွန်း ၁၀ ခုကို ဖြေဆိုအောင်မြင်ခဲ့ပြီး ပထမဆု ရရှိခဲ့တာဖြစ်ပါတယ်။

ဗုဒ္ဓဘာသာဝင်တစ်ဦးအနေနဲ့ မိမိရဲ့ပြည်နယ်ကိုယ်စားပြုအဖြစ် ဖြေဆိုရတဲ့အခါ ရင်ထဲမှာ ဝမ်းသာပီတိဖြစ်ရပြီး အဲဒီအထဲမှာ မြတ်ဗုဒ္ဓရဲ့ ဓမ္မစာပေနဲ့ ပူဇော်ဖြေဆိုခွင့်ရတဲ့အပေါ် အတိုင်းမသိ ဝမ်းမြောက်ဝမ်းသာဖြစ်ရပါတယ်။ ဖြေဆိုရာမှာ သတ်မှတ်ပြဋ္ဌာန်းထားတဲ့အတိုင်း အဆင့်ဆင့်ဖြေဆိုရာမှာ တစ်ဆင့်နဲ့တစ်ဆင့် ပိုပြီးမြင့်လာတယ်၊ ခက်ခဲလာပါတယ်။ ဆရာသမားများရဲ့ ဝိုင်းဝန်းပံ့ပိုးကူညီပေးခဲ့မှုကြောင့် အောင်မြင်ခဲ့တာပါ။ မိဘနှစ်ပါးရဲ့ ခွန်အားဖြည့်အားပေးပံ့ပိုးမှုနဲ့ သူငယ်ချင်းတွေရဲ့ အားပေးစကားတွေကြောင့် စိတ်ဓာတ်တွေ အလွန်တက်ခဲ့ပါတယ်။ ကျန်းမာရေးအတွက်လည်း ဆရာတော်က ပံ့ပိုးပေးပါတယ်။ စာတွေကျက်မှတ်ရတာများလာရင် ခဏနားပြီး ဘုရားရှိခိုး၊ ပုတီးစိတ်ပြီး ပြန်ကျက်ရင် ခဏလေးနဲ့ ပြန်ပြီးမှတ်မိစေခဲ့ပါတယ်။



သမီးပထမဆုရရှိဖို့ မေးခွန်းတွေထဲမှာ ဒီပင်္ကရာမြတ်စွာဘုရားကနေ ဂေါတမ မြတ်စွာဘုရားရှင်အထိ ဘုရားဘယ်နှဆူရှိပါသလဲလို့ မေးတဲ့မေးခွန်းထဲမှာ အချိန်ယူစဉ်းစားရပြီး နှစ်ကျိပ်ရှစ်ဆူဘုရားရှင်များကို သတိရပြီးတော့ ဖြေဆိုရာမှာ မှန်ပါတယ်လို့ ကြားလိုက်ရချိန်မှာ ရင်ထဲတလှပ်လှပ်နဲ့ ဝမ်းသာမဆုံး ဖြစ်ခဲ့ရပါတယ်။ အထူးသဖြင့် သုတစုံလင် ဗုဒ္ဓဝင်ဖြေဆိုပူဇော်ပွဲကို ဦးစီးကျင်းပပေးတဲ့ ဥက္ကဋ္ဌဆရာတော်ကြီး၊ ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်တွေ၊ စာပေကိုသင်ကြားပေးခဲ့တဲ့ ဘုန်းဘုန်းနဲ့ ဆရာလေး၊ သမီးကို စိတ်ဓာတ်ခွန်အားဖြစ်စေမယ့်စကားတွေ အမြဲမပြတ် ပြောပေးခဲ့တဲ့ မိဘနှစ်ပါးနဲ့ တစ်ဦးတစ်ယောက်ချင်းစီတိုင်းကို ဒီနေရာကနေ လက်စုံယှက်မိုးပြီး ဦးခိုက်ကန်တော့ပါတယ်။

ဗုဒ္ဓဘာသာဝင် လူငယ်တွေအနေနဲ့ မိရိုးဖလာဗုဒ္ဓဘာသာ ဖြစ်ရတာထက် မိမိကိုယ်တိုင် ဗုဒ္ဓဘာသာကို နားလည်ခံယူပြီး ဗုဒ္ဓဆုံးမခဲ့တဲ့ တရားတော်များကို ထဲထဲဝင်ဝင်လေ့လာ၊ မိမိဘာသာကို လေးစားတန်ဖိုးထား ချစ်မြတ်နိုးမှုနဲ့အတူ အမျိုးဘာသာသာသနာကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်တဲ့သူတွေ ဖြစ်စေလိုပါတယ်။ ဗုဒ္ဓအရိပ်ထက် အေးမြတဲ့အရိပ် ဘယ်နေရာမှ မရှိပါဘူး။ ဗုဒ္ဓဘာသာဝင်ကောင်း တစ်ဦးချင်းစီတိုင်း ဘာသာသာသနာကို ချစ်မြတ်နိုး အလေးထားတန်ဖိုးထားမှုနဲ့ နိုင်ငံရဲ့ ဂုဏ်ကို တစ်ထောင့်တစ်နေရာကနေ မြှင့်တင်နိုင်ပါစေလို့ ဆုတောင်းပါတယ်။

သစ္စာ(သတင်းစဉ်)၊ ဓာတ်ပုံ - MZNNS

# ပြည်မြို့နယ် ရွှေမြောင်ကျေးရွာ၌ RBF စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပြည် ဇွန် ၄**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ရွှေမြောင်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်း စီမံကိန်း (RBF) ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပြည်ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခိုင်ရွှေဝါက စိုက်ပျိုးမွေးမြူ ထုတ်လုပ်သူများ၊ အငယ်စား၊ အလတ်စားနှင့်အသေးစား စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူများအတွက် လိုအပ်သော ငွေကြေး အရင်းအနှီးရရှိစေရန်၊ အဆိုပါလုပ်ငန်းများကို အစုအဖွဲ့စနစ်ဖြင့် လုပ်ကိုင်တတ်စေရန် ရည်ရွယ်၍ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်း စီမံကိန်း (RBF) ရန်ပုံငွေ ထုတ်ချေးပေးခြင်းဖြစ်ကြောင်းနှင့် စီမံကိန်းမှရရှိလာမည့် အကျိုးကျေးဇူးများ၊ တာဝန်နှင့် ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ ပြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးငွေဇော်က စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ခရိုင်ဦးစီးမှူးက စီမံကိန်းရန်ပုံငွေကျပ် သိန်း ၃၀၀ ကို RBF စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် RBF စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ရွှေမြောင်ကျေးရွာ၌ ငါးမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သည့် အစုအဖွဲ့ နှစ်ဖွဲ့ကို ငွေကျပ်သိန်း ၁၅၀၊ နွားမွေးမြူရေးလုပ်ငန်း လုပ်ကိုင်သည့်အစုအဖွဲ့ တစ်ဖွဲ့ကို ငွေကျပ် ၇၅ သိန်း၊ ကျွဲမွေးမြူရေးလုပ်ငန်း လုပ်ကိုင်သည့်အစုအဖွဲ့တစ်ဖွဲ့ကို ငွေကျပ် ၇၅ သိန်း စုစုပေါင်း အစုအဖွဲ့ လေးဖွဲ့ကို ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF) ရန်ပုံငွေကျပ်သိန်း ၃၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ချိုလေး**

# ကျောက်တံခါးမြို့နယ် ခလောင်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

**ကျောက်တံခါး ဇွန် ၄**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ကျောက်တံခါးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဂုံမင်းကွင်း ကျေးရွာအုပ်စု ခလောင်ကျေးရွာ၌ တိုင်းဒေသကြီးရန်ပုံငွေဖြင့် ကျေးရွာကုန်ထုတ်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဇွန် ၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်တံခါးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပိုးအိဖြူကိုနှင့် တာဝန်ခံ အင်ဂျင်နီယာ ဝန်ထမ်းများက ကျေးရွာ ကော်မတီဝင်များနှင့်အတူ ခလောင်ကျေးရွာ၌ ကျေးရွာကုန်ထုတ်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များကို ဆောင်ရွက်ပြီးကုန် ထုတ်လမ်း ရေရှည် အသုံးပြုနိုင်ရေး သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေး မှာကြားခဲ့ကြောင်း သိရသည်။

ကျောက်တံခါးမြို့နယ် ခလောင်ကျေးရွာ၌ အရှည် ပေ ၁၃၂၀၊ အကျယ် ရှစ်ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာကုန်ထုတ်လမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းကို တိုင်းဒေသကြီးရန်ပုံငွေကျပ် ၆၃ ဒသမ ၂၅ သန်းဖြင့် မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာ ဝန်ထမ်းများက တာဝန်ယူ၍ ယခုနှစ် ဧပြီ ၂၀ ရက်မှ စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ အားလုံးရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှုကြောင့် ခလောင်ကျေးရွာရှိ ကျေးရွာသူ၊ ကျေးရွာသားများ၏သွားလာရေး လွယ်ကူနေပြီဖြစ်ကြောင်း မြို့နယ် ဦးစီးမှူး ဒေါ်ပိုးအိဖြူကိုထံမှ သိရသည်။ **ကိုညို**

# မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ငါးရံ့ပိသာချိန် ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**မအူပင် ဇွန် ၄**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ငါးရံ့ ပိဿာချိန် ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မအူပင်မြို့နယ်ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ယုယုဝေက ပြောပြသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ငါးရံ့အပါအဝင် ရေထွက်ကုန်ပစ္စည်းများကို တင်ပို့ရောင်းချလျက်ရှိရာ ဧပြီလအတွင်းက ငါးရံ့ပိဿာချိန် ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မေလအတွင်း ငါးရံ့ပိဿာချိန် ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"မအူပင်မြို့နယ်က ငါးရံ့အပါအဝင်ရေထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။မေလအတွင်း မအူပင်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ငါးရံ့ ပိဿာချိန် ၄၅၀၀၀ထိ တင်ပို့ရောင်းချခဲ့ပါတယ်။ ငါးရံ့တွေတင်ပို့ရောင်းချအား တက်ခဲ့တာကလဲ ပြည်တွင်းမှာကို ဝယ်လိုအားကောင်းနေတာကြောင့်ဖြစ်ပါတယ်" ဟု ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ယုယုဝေက ပြောပြသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်းတင်ပို့ရောင်းချခဲ့သည့် ငါးရံ့အသေး ၁၀ ပိဿာလျှင် ငွေကျပ် ၁၉၅၀၀၀၊ ငါးရံ့အလတ် ၁၀ ပိဿာလျှင် ငွေကျပ် ၂၁၅၀၀၀၊ ငါးရံ့အကြီး ၁၀ ပိဿာလျှင် ငွေကျပ် ၃၅၀၀၀၀ မှ ၄၅၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း မအူပင်မြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ယုယုဝေက သိရသည်။

**ကျော်ကျော်လင်း**

ကိုဗစ် - ၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။



**ရှေ့ဖုံးမှအဆက်**

အာဖရိကနိုင်ငံမှာဖြစ်ပေါ်ခဲ့တဲ့ အီဘိုလာရောဂါကြောင့် ရွှေ့ဆိုင်းလိုက်ပါတယ်။ ဒီအစည်းအဝေးနဲ့ဆက်စပ်ပြီး ကျွန်တော်လည်း အိန္ဒိယနိုင်ငံကို မရောက်တာလဲကြာပါပြီ။ ၂၀၁၉ ခုနှစ်မှာ ကျွန်တော်နောက်ဆုံးရောက်ခဲ့တာဖြစ်ပါတယ်။ ဒ့ါကြောင့် ကျွန်တော်က အိန္ဒိယနိုင်ငံမှာ အစည်းအဝေးတက်ရင်းနဲ့ Official Visit တစ်ခု ကျွန်တော်တို့ ဆောင်ရွက်မယ်ဆိုပြီးတော့ နှစ်ဘက်ညှိနှိုင်းခဲ့တာဖြစ်ပါတယ်။ အစည်းအဝေးဖျက်သိမ်းပေမယ့်လည်း ကျွန်တော် ဒီတရားဝင်ချစ်ကြည်ရေးခရီးလာဖို့ အစီအစဉ်ကိုမဖျက်သိမ်းဘဲ အိန္ဒိယနိုင်ငံကိုလာခဲ့ခြင်းဖြစ်ပါတယ်။

အိန္ဒိယနိုင်ငံဟာ ကျွန်တော်တို့ မြန်မာနိုင်ငံနဲ့ သမိုင်းကြောင်းရှည်လျားတဲ့ ချစ်ကြည်ရင်းနှီးမှုဆက်ဆံရေးရှိခဲ့တဲ့နိုင်ငံဖြစ်ပါတယ်။ နှစ်ဖက်ပြည်သူတွေ၊ နှစ်နိုင်ငံအစိုးရတွေ စသည်ဖြင့် ဒီလိုဆက်ဆံမှုမျိုးတွေက အများကြီးရှိပါတယ်။ ကျွန်တော် ကိုယ်တိုင်သည်ပင်လျှင် အိန္ဒိယနိုင်ငံကို ၂၀၁၀ ပြည့်နှစ်က စရောက်ခဲ့တာဖြစ်ပြီးတော့ အကြိမ်ပေါင်းများစွာရောက်ခဲ့ဖူးပါတယ်။ ဒါကြောင့်လဲ ဒီနိုင်ငံကို ကျွန်တော့်အတွက်ကတော့ လာဖို့သင့်တဲ့ အိမ်နီးနားချင်းနိုင်ငံတစ်ခုဖြစ်တယ်လို့ယူဆလို့ ဒီခရီးစဉ်ကို ဖြစ်အောင်စီစဉ်ခဲ့ခြင်းဖြစ်ပါတယ်။

**မေး။ သမ္မတကြီးခင်ဗျာ။သမ္မတကြီးအနေနဲ့ ဗုဒ္ဓဂယာမှာရှိတဲ့ မြင့်မြတ်သောမဟာဗောဓိကျောင်းတော်ကြီးဆီကို သွားရောက်ဖူးမြော်ခဲ့တာရှိပါတယ်။ ခုနကပြောခဲ့သလို ပြည်သူအချင်းချင်းကြားမှာ ထိတွေ့ဆက်ဆံမှုတွေများစွာရှိတယ်ဆိုတာလဲ ပြောကြားခဲ့ပါတယ်။ ဒါကြောင့်မို့လို့ ဗုဒ္ဓဘာသာဟာ နှစ်နိုင်ငံပြည်သူတွေအကြားထိတွေ့ဆက်ဆံမှု၊ ဆက်နွှယ်မှုရဲ့ အဓိကအကြောင်းအရာဖြစ်တယ်လို့ထင်ပါသလား။**

**ဖြေ။** ထင်ပါတယ်။ကျွန်တော်တို့နိုင်ငံက ဗုဒ္ဓဘာသာဆိုတာ အိန္ဒိယနိုင်ငံကနေတစ်ဆင့်ပြန့်ပွားလာတာဖြစ်ပါတယ်။ ဗုဒ္ဓဂယာက ဘုရားပွင့်တဲ့နေရာဖြစ်ပါတယ်။ မြန်မာနိုင်ငံကလဲ ဗုဒ္ဓဘာသာအများဆုံးကိုးကွယ်တဲ့ နိုင်ငံတစ်ခုဖြစ်တော့ ဗုဒ္ဓဘာသာနဲ့ပတ်သက်ရင် အင်မတန်အလေးအမြတ်ထားပါတယ်။ မြန်မာတိုင်းက ဗုဒ္ဓဘာသာကိုအလေးအမြတ်ထားသလို ဗုဒ္ဓဂယာနဲ့ပတ်သက်လို့ရှိရင် တော်တော်လေး အလေးအမြတ်ထားတဲ့ အနေအထားရှိတယ်။ ကျွန်တော်ကိုယ်တိုင်သည်ပင်လျှင် လေးကြိမ် ရောက်ဖူးတယ်။ အိန္ဒိယနိုင်ငံကိုခရီးစဉ်လာလို့ရှိရင် ဗုဒ္ဓဂယာကိုဖြစ်အောင် ကျွန်တော်စီစဉ်ပါတယ်။ ကျွန်တော် ၃၀ ရက်နေ့ကလာတဲ့ ခရီးစဉ်မှာလဲ ကျွန်တော်တို့ နေပြည်တော်ကနေ ဒီကိုလာမယ်ဆိုရင် လမ်းပေါ် On the way မှာပဲ ရောက်နိုင်တဲ့နေရာဖြစ်တော့ ဒါကိုရောက်အောင် ကျွန်တော်တို့စီစဉ်ခဲ့တာပါ။ နောက်ပိုပြီးတော့ ထူးဆန်းအံ့သြဖို့ကောင်းတာက အဲဒီနေ့က ကျွန်တော်တို့ မြန်မာအနေနဲ့ပြောရင် နယုန်လပြည့်နေ့ဖြစ်ပါတယ်။ အင်မတန်ထူးခြားတဲ့ လပြည့်နေ့ဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့အဖွဲ့ဝင်တွေ ဗုဒ္ဓဂယာဖူးမြော်ခွင့်ရတာလဲ အင်မတန်ထူးခြားတဲ့ ကုသိုလ်ထူးတစ်ခုလို့ယူဆပါတယ်။ ဒ့ါကြောင့် ကျွန်တော်တို့က ဗုဒ္ဓဘာသာနဲ့ပတ်သက်လို့ရှိရင် နှစ်နိုင်ငံဆက်ဆံရေးမှာလဲ ဗုဒ္ဓဂယာသည် အရေးပါတဲ့နေရာတစ်ခုဖြစ်တယ်လို့ ကျွန်တော်ပြောချင်ပါတယ်ဗျ။

**မေး။ သမ္မတကြီးခင်ဗျာ၊ ဆက်လက်ပြီးတော့ သမ္မတကြီးနဲ့ ဝန်ကြီးချုပ် မစ္စတာမိုဒီတို့ တွေ့ဆုံခဲ့တဲ့ဆွေးနွေးမှုအကြောင်းဆွေးနွေးလိုပါတယ်။ ဆွေးနွေးပွဲမှာ အဓိကဘယ်လိုအကြောင်းအရာတွေ ဆွေးနွေးခဲ့တယ်ဆိုတာ သိရှိလိုပါတယ်။**

**ဖြေ။** ဆွေးနွေးတဲ့အကြောင်းအရာကတော့ အများကြီးရှိပါတယ်။ ကျွန်တော်လာတဲ့ ရည်ရွယ်ချက်ထဲမှာ နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနဲ့ ကုန်သွယ်မှုမြှင့်တင်ရေးကိစ္စတွေပါတယ်။ ဒါတွေကို ကျွန်တော်တို့ ဆွေးနွေးဖြစ်ပါတယ်။ နောက်တစ်ခါ အိန္ဒိယနိုင်ငံကနေ မြန်မာနိုင်ငံမှာ လာရောက်ရင်းနှီးမြှုပ်နှံနိုင်တဲ့ အခွင့်အလမ်းတွေ၊ အိန္ဒိယနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေနဲ့ပတ်သက်ပြီး ကျွန်တော်တို့နဲ့သင့်တော်တဲ့အရာတွေကို ကျွန်တော်တို့ရယူနိုင်ဖို့အတွက် ဆွေးနွေးနိုင်ခဲ့ပါတယ်။ နောက်ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ကာကွယ်ရေးကဏ္ဍ၊ ရေကြောင်းလုံခြုံရေးဆိုင်ရာကိစ္စရပ်တွေ၊ နယ်နိမိတ်ဆိုင်ရာကိစ္စရပ်တွေ၊ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းစသဖြင့် ကဏ္ဍပေါင်းစုံ ကျွန်တော်တို့ ဆွေးနွေးနိုင်ခဲ့ပါတယ်။ နှစ်နာရီကျော်ကျော်လောက် ကျွန်တော်တို့တွေ့ဆုံဆွေးနွေးမှုလုပ်နိုင်ခဲ့တယ်။ အောင်မြင်တဲ့ရလဒ်တစ်ခုကိုရရှိခဲ့တယ်လို့ ကျွန်တော်ပြောချင်ပါတယ်ဗျ။

**မေး။ သမ္မတကြီးခင်ဗျာ၊ သမ္မတကြီး ခုနကနှစ်နိုင်ငံအကြား စီးပွားရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုတွေ တည်ဆောက်ဖို့လဲဆွေးနွေးခဲ့တယ်လို့ ဖော်ပြခဲ့ပါတယ်။ လက်ရှိကာလမှာ အိန္ဒိယနဲ့ မြန်မာနိုင်ငံအကြား ကုန်သွယ်မှုပမာဏဟာ အမေရိကန်ဒေါ်လာ နှစ်ဘီလီယံလောက်ပဲရှိပါသေးတယ်။ ပြီးတော့ အိန္ဒိယက မြန်မာနိုင်ငံရဲ့အကြီးမားဆုံး ကုန်သွယ်ဖက်နိုင်ငံထဲမှာပါဝင်ပါတယ်။ ဒါကြောင့်မို့ အိန္ဒိယကုန်သည်လုပ်ငန်းရှင်တွေနဲ့ တွေ့ဆုံဆွေးနွေးခဲ့တဲ့ စီးပွားရေးဖိုရမ်မှာ ဘယ်နယ်ပယ်ကိုအဓိကထားပြီး ဆွေးနွေးပြောကြားခဲ့တယ်ဆိုတာ သိချင်ပါတယ်။**

**ဖြေ။** အိန္ဒိယဟာ မြန်မာနိုင်ငံအတွက် ကြီးမားတဲ့ကုန်သွယ်ဖက်နိုင်ငံဖြစ်ပါတယ်။ နှစ်စဉ်ကုန်သွယ်မှု နှစ်ဘီလီယံကျော်လောက်ရှိပါတယ်။ မြန်မာနိုင်ငံက ပို့ကုန်ပိုများပါတယ်။ အိန္ဒိယက သွင်းကုန်တော့နည်းပါတယ်။ ကျွန်တော်က အိန္ဒိယသွင်းကုန်တွေ ဘယ်လိုဆောင်ရွက်ပေးနိုင်မလဲဆိုတာကို ကျွန်တော်တို့က ရှင်းပြတာပါ။ ဥပမာအားဖြင့် သံနဲ့ သံမဏိပစ္စည်းတွေရှိတယ်၊ ဆေးဝါးတွေရှိတယ်၊ အထည်လုပ်ငန်းတွေရှိတယ်။ ကျွန်တော်တို့က မြန်မာနိုင်ငံကို တိုးမြှင့်တင်ပို့နိုင်ဖို့ အိန္ဒိယလုပ်ငန်းရှင်တွေကို ကျွန်တော်တို့က ရှင်းပြတာပါ။ ပြီးရင် ကျွန်တော်တို့ မြန်မာနိုင်ငံကို လာပြီးရင်းနှီးမြှုပ်နှံပြီးတော့မှ ကုန်ထုတ်လုပ်မှုတွေလုပ်၊ ပြီးလို့ရှိရင် မြန်မာနိုင်ငံက ဈေးကွက်ကိုလဲရောင်း၊ မြန်မာနိုင်ငံရဲ့ အိမ်နီးနားချင်းတိုင်းပြည်တွေဖြစ်တဲ့ လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်စတဲ့ နိုင်ငံတွေကိုလဲရောင်း၊ မြန်မာနိုင်ငံဈေးကွက်တစ်ခုထဲမဟုတ်ဘူး။ မြန်မာနိုင်ငံက လူဦးရေ သန်း ၅၀ လောက်ပဲရှိတဲ့ ဈေးကွက်ပါ။ ဒါပေမဲ့ ဟိုဘက်နိုင်ငံတွေနဲ့ပေါင်းလိုက်ရင် လူပေါင်းသန်းနှစ်ရာနီးပါးလောက်ဈေးကွက်တစ်ခုထပ်ရလာနိုင်စရာရှိတယ်။ ဒ့ါကြောင့် အဲဒီဈေးကွက်ကိုလဲ ရောင်းနိုင်အောင် ကြိုးစားဖို့ကျွန်တော်ရှင်းပြတာပါ။ တော်တော်များများကတော့ စိတ်ဝင်စားမှုရှိကြပါတယ်။ အဓိကကတော့ ကုန်သွယ်မှုမြှင့်တင်ရေးပါပဲ။ ခင်ဗျားခုနက အမေရိကန် ဒေါ်လာ နှစ်ဘီလီယံရှိတယ်လို့ပြောတယ်။ ကျွန်တော်တို့က သုံးဘီလီယံရအောင် Target ထားပါတယ်။ ဒါက ပထမအဆင့်ပါ။ နောက်တစ်ခါ မကြာတော့တဲ့ကာလမှာ ဒုတိယအဆင့်အဖြစ် ငါးဘီလီယံထိတိုးချဲ့မှာဖြစ်ပါတယ်။ အဲဒီကနေပြီးတော့ ကျွန်တော်တို့ တဖြည်းဖြည်းတိုးချဲ့သွားမှာပါ။ အိန္ဒိယကို မြန်မာနိုင်ငံရဲ့ ပို့ကုန်တွေအများကြီးရှိပါတယ်။ ဥပမာ ပဲနဲ့ပတ်သက်တာတွေရှိတယ်။ သစ်တောထွက်ပစ္စည်းနဲ့ပတ်သက်တဲ့ ပို့ကုန်တွေရှိတယ်၊ သတ္တုနဲ့ ပတ်သက်တဲ့ပို့ကုန်တွေရှိတယ်။ အခြားစိုက်ပျိုးမွေးမြူရေးနဲ့ပတ်သက်တဲ့ ပို့ကုန်ပစ္စည်းတွေလဲရှိပါသေးတယ်။ ဥပမာ ရော်ဘာလိုမျိုး၊ ချည်မျှင်ကဏ္ဍဆိုရင် ဝါနဲ့ပတ်သက်တဲ့လုပ်ငန်းတွေ ကျွန်တော်တို့ပူးပေါင်းဆောင်ရွက်လို့ရပါတယ်။ နှစ်ဖက်ပူးပေါင်းဆောင်ရွက်လို့ရတဲ့ဟာတွေရှိပါတယ်။ လူတွေကတော့ နှစ်ဖက်အကျိုးစီးပွားဖော်ဆောင်နိုင်မယ်ဆိုရင်စိတ်ဝင်စားမှာပဲ။ ကူးလူးဆက်ဆံမှုဆိုတာ အကျိုးစီးပွားအပေါ်မှာပဲ။ သို့သော် ကျွန်တော် မနေ့ကပြောပြတယ်။ အမြတ်ကို အဓိကမထားဘဲ များများကုန်သွယ်မှုရှိအောင်လုပ်ကြဖို့ပါ။ အမြတ်နည်းနည်းနဲ့ များများရောင်းကြဖို့ပါ။ မြန်မာနိုင်ငံကလဲ အမြတ်နည်းနည်းနဲ့ များများရောင်းဖို့ ကြိုးစားမယ်။ အိန္ဒိယကလဲ အမြတ်အစွန်းနည်းနည်းယူပြီး များများရောင်းဖို့ ကြိုးစားမယ်။ ဒါတော့ လိုအပ်ပါတယ်။ ကုန်သည်တွေဆိုတာကတော့ အကျိုးအမြတ်တစ်ခုတော့တွက်ပါတယ်။ သို့သော် ကျွန်တော်က ဒါကို သိပ်ဦးစားမပေးဘဲ ထိုက်သင့်တဲ့ အမြတ်ကိုယူပါ။ အဓိကတော့ Value ကို မြှင့်တင်ဖို့ဖြစ်ပါတယ်၊ ကုန်သွယ်မှု ပမာဏတွေကို မြှင့်တင်ဖို့ဖြစ်ပါတယ်။ ဒီလိုသွားချင်တာပါ။

**မေး။ အိန္ဒိယက အရှေ့နဲ့ ထိတွေ့ဆက်ဆံရေးမူဝါဒ၊ အိမ်နီးချင်း ပထမဦးစားပေး မူဝါဒကျင့်သုံးတဲ့ နိုင်ငံဖြစ်ပါတယ်။ ဒါကို သက်သေပြတာ ဘာလဲဆိုရင် မြန်မာနိုင်ငံမှာ ၂၀၂၅ ခုနှစ်က ပြင်းထန်တဲ့ငလျင်လှုပ်ခတ်တဲ့အချိန်မှာ အိန္ဒိယနိုင်ငံက ပထမဆုံးကူညီဆောင်ရွက်ပေးခဲ့တာက သက်သေပဲဖြစ်ပါတယ်။ ဒ့ါအပြင် မြန်မာနိုင်ငံမှာ ကာကွယ်ရေးနဲ့ပတ်သက်တဲ့ စွမ်းရည်တိုးတက်အောင်အတွက် အိန္ဒိယနိုင်ငံက လိုအပ်သလို အားပေးကူညီဆောင်ရွက်နေတာရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီအချက်တွေမူတည်ပြီး သမ္မတကြီးအနေနဲ့ အိန္ဒိယနိုင်ငံကို ဖွံ့ဖြိုးတိုးတက်ရေးမိတ်ဖက်အဖြစ် ဘယ်လိုရှုမြင်သုံးသပ်ထားသလဲဆိုတာ သိရှိလိုပါတယ်ခင်ဗျ။**

**ဖြေ။** ကျွန်တော်တို့က ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍနဲ့ပြောရရင် ကဏ္ဍပေါင်းစုံအများကြီးရှိပါတယ်။ စောစောကပြောတဲ့ ကျွန်တော်ရှင်းပြတဲ့ဟာတွေအပြင် ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ ၊ ယဉ်ကျေးမှုကဏ္ဍတွေ ဥပမာ ရှေးဟောင်းအမွေအနှစ်တွေ ထိန်းသိမ်းတဲ့ကဏ္ဍတွေဆိုပြီးရှိတယ်။ စက်မှုပိုင်းဆိုင်ရာမှာလဲ ကျွန်တော်တို့ ဖွံ့ဖြိုးတိုးတက်ချင်ရင် ရေရှည်မှာကျွန်တော်တို့ စက်မှုပိုင်းဆိုင်ရာတွေ အများကြီးလိုအပ်ပါတယ်။ နောက် IT နဲ့ပတ်သက်တာပါ။ အိန္ဒိယက IT မှာ ထိပ်တန်းနိုင်ငံတစ်ခုဖြစ်တယ်။ ဒ့ါကြောင့် IT နဲ့ပတ်သက်လို့ အိန္ဒိယနဲ့ကျွန်တော်တို့ ပူးပေါင်းမယ်ဆိုရင် အများကြီး အခွင့်အလမ်းရှိပါတယ်။ မြန်မာနိုင်ငံမှာ IT နဲ့ပတ်သက်တဲ့ မြို့တော်စီမံကိန်းတစ်ခု ကျွန်တော်တို့ လုပ်နေတယ်။ ရတနာပုံဆိုက်ဘာစီးတီးဆိုပြီးတော့လုပ်နေတယ်။ အရင်ကတော့ မေမြို့လို့ခေါ်တယ်၊ အခုတော့ ပြင်ဦးလွင်လို့ခေါ်တဲ့မြို့ပါ။ ကိုလိုနီခေတ်တုန်းကတော့ အပန်းဖြေတဲ့မြို့အဖြစ်နာမည်ကြီးတယ်။ အဲဒီမှာ IT မြို့တော်တစ်ခုလုပ်နေတာ၊ ပြန်အကောင်အထည်ဖော်နေတာရှိတယ်။ ဒါလဲ အိန္ဒိယက အိုင်တီပညာနဲ့ ပတ်သက်တဲ့ကုမ္ပဏီတွေ၊ လုပ်ငန်းတွေလာပြီးတော့လုပ်မယ်ဆိုရင်အခွင့်အလမ်းတွေအများကြီးရှိပါတယ်။ တော်တော်ကျယ်ပြန့်ပါတယ်။ အိန္ဒိယကလဲ အတွေ့အကြုံရှိတဲ့ နိုင်ငံတစ်ခုဖြစ်ပါတယ်။ ဒ့ါကြောင့် အိန္ဒိယနိုင်ငံက အများကြီးအထောက်အကူပြုနိုင်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။

**မေး။ သမ္မတကြီးခင်ဗျာ။ လက်ရှိမှာ မိမိတို့ အိန္ဒိယနိုင်ငံအနေနဲ့ မြန်မာနိုင်ငံမှာ အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံအကြား အဝေးပြေးလမ်းမကြီး စီမံကိန်းကို လွန်ခဲ့တဲ့နှစ် တော်ကြာကာလကတည်းက အကောင်အထည်ဖော်ဆောင်ရွက်နေတာဖြစ်ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး ဒီစီမံကိန်းတွေအပေါ်မှာ ဘယ်လိုမြင်ပါသလဲ၊ ပြီးတော့ ဒေသအတွင်းကူးလူးဆက်ဆံဆက်သွယ်မယ့် နယ်ပယ်နဲ့ပတ်သက်တဲ့အမြင်ကိုလဲ သိရှိလိုပါတယ်။**

**ဖြေ။** ဒီသုံးနိုင်ငံ အဝေးပြေးလမ်းမကြီးစီမံကိန်းက မြန်မာရယ်၊ ထိုင်းရယ်၊ အိန္ဒိယရယ်၊ ဒီလမ်းက မိုင်ပေါင်း ၈၀၀ ကျော်လောက်ရှည်ပါတယ်။ ထိုင်းနဲ့ မြန်မာလမ်းကြောင်းတွေကတော့ တော်တော်များများ ပွင့်နေပြီ၊ သွားနေကြတာဖြစ်ပါတယ်။ အိန္ဒိယဘက်အခြမ်းက အရေးကြီးပါတယ်။ အိန္ဒိယအရှေ့မြောက်ဒေသမိုရေး(moreh)နဲ့ ကျွန်တော်တို့ တမူးကိုဆက်သွယ်တဲ့အပေါက်ပါ။ ဒါကတော့ အိန္ဒိယနိုင်ငံအတွက် ပိုပြီးတော့အရေးကြီးပါတယ်။ အရေးကြီးတယ်ဆိုတာ မြန်မာနိုင်ငံကို အိန္ဒိယထုတ်ကုန်တွေ နယ်စပ်ကုန်သွယ်ရေးကနေတစ်ဆင့်လာနိုင်ဖို့တစ်ချက်ရယ်၊ အိန္ဒိယပြည်သူပြည်သားတွေ မြန်မာနိုင်ငံကိုနယ်စပ်ဂိတ်ကနေပြီးတော့ မြန်မာနိုင်ငံကို ကူးလူးဆက်ဆံနိုင်ဖို့အတွက်ရယ် ဒီနှစ်ခုကို ပိုပြီးဦးစားပေးစဉ်းစားရမှာပါ။ ကျွန်တော်တို့ လုံခြုံရေးအခြေအနေအရ တချို့အရာတွေမှာ အခက်အခဲနည်းနည်းရှိလို့ ဒီစီမံကိန်းကြီးက ရပ်ထားတာတွေရှိပါတယ်။အခုလုံခြုံရေးတွေ ပိုမိုတိုးတက်အောင်ဆောင်ရွက်နေတာရှိပါတယ်။

ကျွန်တော်တို့ ၂၀၂၁ ခုနှစ်မှာ ဖြစ်ပေါ်ခဲ့တဲ့ မြန်မာနိုင်ငံရဲ့အခြေအနေအရ အဲဒီနေရာတွေမှာ မတည်မငြိမ်ဖြစ်ခဲ့တယ်။ အဲဒီနေရာတွေကို တပ်မတော်က အကုန်လုံးရှင်းလင်းနေပါတယ်။ အဲဒီနယ်စပ်နဲ့နီးတဲ့ ကျွန်တော်တို့ရဲ့ အဓိကမြို့ကြီးတစ်မြို့ရှိပါတယ်။ ကလေးနဲ့ တမူးဆက်သွယ်တဲ့လမ်းကြောင်းကို ဖွင့်နိုင်ဖို့အတွက် အမြန်ဆုံးကြိုးစားနေတာရှိပါတယ်။ နယ်စပ်ဂိတ်ကို ဖွင့်လို့ရပြီဖြစ်ပါတယ်။ အဲဒီကနေ မြန်မာနိုင်ငံအလယ်ပိုင်းကိုဖြတ်ပြီး ထိုင်းနိုင်ငံကိုသွားလို့ရပြီ။ အဓိကကတော့ မြန်မာနဲ့ အိန္ဒိယနယ်စပ်ဒေသပုံမှန်အခြေအနေ ပြန်လည်ရရှိရေးကတော့ ပိုအရေးကြီးပါတယ်။ ဒါကိုကျွန်တော်တို့ ဦးစားပေးဆောင်ရွက်နေပါတယ်။ အင်မတန်အလေးထားတဲ့ စီမံကိန်းတစ်ခုဖြစ်တယ်ဆိုတာ ကျွန်တော်ပြောလိုပါတယ်။

**မေး။ နောက်တစ်ခုအနေနဲ့ ကျွန်တော်တို့နှစ်နိုင်ငံက စိုးရိမ်ပူပန်နေရတဲ့ကိစ္စရပ်တွေနဲ့ပတ်သက်ပြီး မေးမြန်းသွားမှာဖြစ်ပါတယ်။ အိန္ဒိယနဲ့ မြန်မာနိုင်ငံဟာ ကီလိုမီတာ ၁၆၀၀ လောက် အပြန်အလှန်ထိစပ်နေတဲ့ နိုင်ငံများဖြစ်ပါတယ်။ ဒါပေမဲ့ နယ်စပ်တစ်လျှောက်မှာ လက်နက်ကိုင်သောင်းကျန်းသူများနဲ့ မူးယစ်ဆေးဝါးတရားမဝင်ရောင်းဝယ်ဖောက်ကားနေမှုဟာ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းမှုကို ထိခိုက်စေလျက်ရှိပါတယ်။ ဒီကိစ္စတွေကို ပြန်လည်ထိန်းချုပ်ဖို့အတွက် ဘယ်လိုကောင်းအောင်ဆောင်ရွက်မလဲဆိုတာ မြန်မာနိုင်ငံအနေနဲ့ အိန္ဒိယကို ဆန့်ကျင်တိုက်ခိုက်နေတဲ့ မည်သည့်တစ်ဦးတစ်ယောက်ကိုမဆို မြန်မာ့မြေကိုသုံးခွင့်မပြုဘူးဆိုတာနဲ့ပတ်သက်ပြီး သမ္မတကြီးရဲ့ အမြင်နဲ့ပြောကြားချက်ကို သိရှိလိုပါတယ်။**

---

**● ချီဖွေငယ်ရေအားလျှပ်စစ်မှ**

ဓာတ်အားပေးစက် သုံးလုံး စုစုပေါင်းတပ်ဆင်အင်အား ၉၉ မဂ္ဂါဝပ်ရှိသည့် စက်ရုံဖြစ်ပြီး Run-Off River Type စက်ရုံအမျိုးအစားဖြစ်သည်နှင့်အညီ ရေဝင်ရောက်မှုအရဓာတ်အားထုတ်လုပ်မောင်းနှင်နေသော စက်ရုံတစ်ရုံဖြစ်သည်။

အဆိုပါ စက်ရုံမှ ထွက်ရှိလာသည့် ဓာတ်အားကို ဝိုင်းမော်ပင်မဓာတ်အားခွဲရုံမှတစ်ဆင့် နိုင်ငံတော်ဓာတ်အားစနစ်သို့ ချိတ်ဆက်ပြီး ဓာတ်အားပို့လွှတ်နိုင်ခဲ့သော်လည်း ကေဗွီ ၂၃၀ အုန်းတော-ရွှေဘို-နဘား ဓာတ်အားလိုင်းချို့ယွင်းပြီး နယ်မြေအခြေအနေကြောင့် ၂၀၂၅ ခုနှစ် ဇူလိုင် ၉ ရက်မှစ၍ ဓာတ်အားစနစ်နှင့် ချိတ်ဆက်နိုင်မှုမရှိသော်လည်း မြစ်ကြီးနား၊ မိုးကောင်း၊ မိုးညှင်းမြို့တို့ရှိ ဒေသများတွင်နေထိုင်သည့် ပြည်သူလူထုများ လျှပ်စစ်မီးရရှိရေးအတွက် သီးသန့်ဓာတ်အားစနစ်ဖြင့် ဓာတ်အား ပို့လွှတ် ဖြန့်ဖြူးပေးလျက်ရှိသောကြောင့် ဒေသတွင်းလူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးကျေးဇူးများစွာရှိပြီး ကချင်ပြည်နယ်အတွက် အရေးပါသော စက်ရုံတစ်ရုံဖြစ်သည်။

လာမည့် မိုးရာသီကာလတွင် ဓာတ်အားပေးစက်သုံးလုံးကို စက်စွမ်းအားပြည့်မောင်းနှင်နိုင်ရန်နှင့် ဓာတ်အားပိုမိုထုတ်လုပ်နိုင်ရန် ရည်ရွယ်၍ စက်မှု၊လျှပ်စစ်ပိုင်းဆိုင်ရာ ပုံမှန်ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို နှစ်စဉ်ဆောင်ရွက်လျက်ရှိရာ အမှတ် (၁)ဓာတ်အားပေးစက်ကို ယခုနှစ် မတ် ၂၂ ရက်မှ မေ ၁၄ ရက်ထိဆောင်ရွက်ပြီးစီးခဲ့ပြီး အမှတ်(၃) ဓာတ်အားပေးစက်ကို မေ ၁၅ ရက်မှ ဇွန် ၁၃ ရက်ထိ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်းနှင့် ကျန်အမှတ် (၂) ဓာတ်အားပေးစက်ကို ဇွန် ၁၄ ရက်မှ ဇူလိုင် ၁၃ ရက်ထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

**ဖြေ။** ဒီလက်နက်ကိုင်ပဋိပက္ခတွေနဲ့ မူးယစ်ဆေးဝါးပြဿနာတွေက နိုင်ငံရေးအပေါ်မှာ အများကြီးတည်ခဲ့ပါတယ်။ အရင်တုန်းက ကျွန်တော်တို့ နိုင်ငံရေးစနစ်က ဗဟိုအစိုးရဦးစီးတဲ့နိုင်ငံရေးစနစ်နဲ့သွားခဲ့ကြတာပါ။နောက်ပိုင်းမှာ သဘောထားကွဲလွဲမှုတွေရှိတယ်။ နောက်တစ်ခါ တိုင်းရင်းသားအဖွဲ့အစည်းတွေရှိတယ်။ နောက်တစ်ခါ တိုင်းရင်းသားတွေရဲ့အခွင့်အရေးနဲ့ပတ်သက်ပြီးတော့ တောင်းဆိုတဲ့အဖွဲ့တွေရှိတယ်။ ဒီဟာတွေကြောင့် လက်နက်ကိုင်ပဋိပက္ခတွေဖြစ်လာတာပါ။ ပဋိပက္ခကနေ သူတို့ရဲ့ရပ်တည်မှုရအောင် မူးယစ်ဆေးဝါးတွေထုတ်တာကနေ တော်တော်လေးကျယ်ကျယ်ပြန့်ပြန့်ဖြစ်လာခဲ့တာပါ။ သို့သော် ကျွန်တော်တို့ ၂၀၂၀ ပြည့်နှစ်ပတ်ဝန်းကျင်လောက်မှာတော့ ကျွန်တော်တို့အတော်လေးကို ထိန်းချုပ်နိုင်တဲ့အနေအထားဖြစ်သွားပါပြီ။ သို့သော်လည်းပဲ ၂၀၂၁ ခုနှစ်မှာတော့ နိုင်ငံရေးကြောင့်ဖြစ်ပေါ်လာတဲ့ မတည်ငြိမ်မှုတွေနဲ့အတူ မူးယစ်ဆေးဝါးထုတ်လုပ်မှုတွေက ပိုပြီးကြီးထွားလာခဲ့တာပါ။ ဒါကိုလဲ ကျွန်တော်တို့ အခုပြင်းပြင်းထန်ထန်နှိမ်နင်းနေတာ၊ အရေးယူနေတာရှိပါတယ်။ အိန္ဒိယနိုင်ငံကနေရရှိတဲ့သတင်းတွေကို မျှဝေပေးတာရှိသလို၊ အိန္ဒိယနိုင်ငံမှာလဲ ဖမ်းဆီးမှုတွေလုပ်တဲ့အတွက်ကြောင့်မို့ အတိုင်းအတာတစ်ခုအထိတော့ မူးယစ်ဆေးဝါးနှိမ်နင်းရေးမှာ အိန္ဒိယ-မြန်မာဘက်ခြမ်းမှာ အတော်လေးထိန်းချုပ်နိုင်တဲ့ အနေအထားရှိပါတယ်။ သို့သော် ကျွန်တော်ပြီးပြတ်အောင်လုပ်ဖို့ရှိတယ်။ အဲဒီမှာ လုပ်နိုင်ဖို့ဆိုရင် နိုင်ငံရေးနဲ့ပတ်သက်ပြီး တည်ငြိမ်တဲ့နိုင်ငံရေးဖြစ်အောင် မြန်မာနိုင်ငံကလုပ်ရမှာပါ။ ကျွန်တော်တို့ ဒီမိုကရေစီ နိုင်ငံသွားနေတာဖြစ်တဲ့အတွက် ကျွန်တော်တို့အစိုးရအနေနဲ့ကတော့ ဒီမိုကရေစီခိုင်ခိုင်မာမာဖြစ်အောင် ကျွန်တော်တို့သွားမယ်။ သွားမယ်ဆိုရင် ဒီမိုကရေစီအပေါ်၊ နိုင်ငံရေးအပေါ်မူတည်ပြီး တောင်းဆိုလာတဲ့၊ နောက်တစ်ခါ တိုင်းရင်းသားနဲ့ပတ်သက်ပြီး တောင်းဆိုလာတာတွေကို ဒီမိုကရေစီစနစ်ကျစွာနဲ့ ညှိနှိုင်းဖြေရှင်းဆောင်ရွက်သွားကြဖို့လိုပါတယ်။ အဲဒီလိုသွားမယ်ဆိုရင်တော့ လက်နက်ကိုင်ဆူပူသောင်းကျန်းမှုတွေက အတိုင်းအတာတစ်ခုအထိတော့ လျော့သွားမယ်။ အဲဒါဆိုရင် မူးယစ်ဆေးဝါးထုတ်လုပ်မှုနဲ့ပတ်သက်ပြီးတော့ ကန့်သတ်ချက်တွေလဲ အများကြီးဖြစ်လာစေမှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့တစ်ဖက်က parallel သွားရမယ်၊ ဒီလိုလုပ်မှ ကျွန်တော်တို့ရမှာပေ့ါ။ ဒီလိုပဲ လက်နက်ကိုင် ဆူပူမှုတွေလုပ်နေတဲ့ အဖွဲ့အစည်းတွေရှိတဲ့အတွက်ကြောင့် အိန္ဒိယနိုင်ငံကို အကြောင်းအမျိုးမျိုးနဲ့ ဆန့်ကျင်နေတဲ့သူတွေကလဲ သူတို့ရဲ့အကာအကွယ်ယူပြီး အိန္ဒိယ-မြန်မာနယ်စပ်တစ်လျှောက်မှာ အိန္ဒိယနိုင်ငံကို နှောင့်ယှက်နေတာရှိပါတယ်။ ဒါတွေလဲ တစ်ပြိုင်တည်းလုပ်မယ်ဆိုရင်ရှင်းသွားမယ်လို့ ကျွန်တော်ယူဆတယ်။ ကျွန်တော်အတိုင်းအတာတစ်ခုအထိ ရှင်းခဲ့ပြီးဖြစ်ပါတယ်။

အခု ဒီနေ့မနက်မှာလဲ အဆွေတော်တို့ ဝန်ကြီးချုပ်နဲ့ဆွေးနွေးတဲ့အခါမှာ ဒီကိစ္စကျွန်တော်ရှင်းပြပါတယ်။ အဲဒီအိန္ဒိယ-မြန်မာ နယ်စပ်ဒေသမှာရှိတဲ့ နေရာတွေက တောတောင်ထူထပ်တဲ့ နေရာတွေ၊ သွားရလာရအင်မတန်ခက်ခဲပါတယ်။ မိုးတွင်းဆိုရင်ပိုခက်တယ်။ ကျွန်တော်ကိုယ်တိုင်လဲ အကြိမ်ကြိမ်အခါခါ ရောက်ဖူးတဲ့နေရာတွေဖြစ်ပါတယ်။ကျွန်တော်က အဲဒီဒေသမှာ တပ်ရင်းမှူးလုပ်ခဲ့တဲ့သူဖြစ်ပါတယ်။ကျွန်တော်ကောင်းကောင်းကြီးသိပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ ဒီနယ်မြေနဲ့ပတ်သက်ပြီးတော့ မိုးမကျခင်ကာလမှာ လုံခြုံရေးအခြေအနေတိုးတက်အောင် ဆောင်ရွက်သွားဖို့ကြိုးစားဆောင်ရွက်နေပါတယ်။ လုံခြုံရေးအခြေအနေတိုးတက်ကောင်းမွန်လာပြီဆိုရင် ခုနကမေးလိုက်တဲ့မေးခွန်းမှာ တိုင်းရင်းသားနဲ့ပတ်သက်တဲ့၊ လက်နက်ကိုင်နဲ့ပတ်သက်တဲ့၊ တည်ငြိမ်အေးချမ်းမှုပျက်ပြားတဲ့၊ တည်ငြိမ်အေးချမ်းမှုကိုထိခိုက်နေတဲ့ ကိစ္စရပ်တွေ၊ မူးယစ်ဆေးဝါးကိစ္စရပ်တွေ အများကြီးလျော့ကျသွားလိမ့်မယ်လို့ ယုံကြည်ပါတယ်။ မကြာခင်မှာလဲ ဒီဟာကိုအပြီးအပြတ် ကျွန်တော်တို့ဆောင်ရွက်နိုင်မယ်လို့ ယုံကြည်ပါတယ်။

**မေး။ သမ္မတကြီးတို့ရဲ့ မြန်မာနိုင်ငံအနေနဲ့ လွန်ခဲ့တဲ့ ငါးနှစ်တာကာလ ပြည်တွင်းမှာဖြစ်ပေါ်နေတဲ့ စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းခဲ့ရတဲ့အခြေအနေဖြစ်နေတာကို သတိပြုမိပါတယ်။ ဒါကြောင့် သမ္မတကြီးတို့အနေနဲ့ ဒီမိုကရေစီဖွံ့ဖြိုးတိုးတက်ဖို့၊ ငြိမ်းချမ်းရေးရရှိဖို့၊ တိုင်းပြည်တည်ငြိမ်ဖို့ ဘယ်ကိစ္စ၊ ဘယ်ကဏ္ဍကလုပ်ဆောင်ရ အခက်ခဲဆုံးဖြစ်နေပါသလဲ။**

**ဖြေ ။** ငြိမ်းချမ်းရေးကတော့ အရေးကြီးဆုံးအခြေအနေပါပဲ။ နောက် လုံခြုံရေးကိစ္စပါ။ ငြိမ်းချမ်းရေး ဘာကြောင့်မရှိသလဲဆိုရင် သဘောထားကွဲလွဲမှုတွေဖြစ်လာတဲ့အတွက်ကြောင့် ငြိမ်းချမ်းရေးမရှိတာပါ။ သဘောထားကွဲလွဲမှုတွေနည်းအောင် ကျွန်တော်တို့က ငြိမ်းချမ်းရေးကိုရအောင်ဖော်ဆောင်မယ်။ ကျွန်တော်အခု တာဝန်ယူတဲ့နေ့မှာပဲ ကျွန်တော်က လွှတ်တော်ကိုလဲပြောတယ်၊ နိုင်ငံကိုလဲပြောခဲ့ပါတယ်။ ကျွန်တော် ရက်ပေါင်း ၁၀၀ အတွင်းမှာ ငြိမ်းချမ်းရေးရအောင်ကြိုးစားဆောင်ရွက်မယ်။ နောက် ငါးနှစ်အတွင်းမှာ တိုင်းပြည်ငြိမ်းချမ်းအောင် ကြိုးစားမယ်ဆိုပြီး ကျွန်တော်ပြောခဲ့တာရှိပါတယ်။ ငြိမ်းချမ်းရေးကတော့ ဖိတ်ခေါ်ထားတာရှိတယ်။ ဆွေးနွေးမှာပါ။ဆွေးနွေးပြီးတော့ ကျွန်တော်တို့သွားကြရမှာပါ။ တစ်ဖက်ကလဲ လုံခြုံရေးအပိုင်းကိုလုပ်ရမှာပါ။ တရားဥပဒေစိုးမိုးရေးလုပ်ရတာရှိပါတယ်။ နောက်တစ်ခါ ကျွန်တော်တို့ကိုအကြမ်းဖက်ဆန့်ကျင်နေတဲ့အဖွဲ့၊ အကြမ်းဖက်ဆန့်ကျင်မှုမှာ နှစ်ပိုင်းရှိပါတယ်၊ တစ်ခုကတော့ EAO တွေဖြစ်တယ်။ တစ်ခုကတော့ PDF တွေဖြစ်တယ်။ EAO ဆိုတာ Ethnic Armed Organization၊ PDF ဆိုတာ People Defense Forces ဆိုပြီး PDF ကတော့ နိုင်ငံရေးသဘောထားကွဲလွဲမှုတွေကြောင့် ၂၀၂၁ ခုနှစ် နောက်ပိုင်းမှာ ပေါ်လာတဲ့အဖွဲ့ဖြစ်တယ်။ EAO ကတော့ လွတ်လပ်ရေးရပြီးကတည်းက သူတို့ရဲ့ တိုင်းရင်းသားတွေနဲ့ပတ်သက်တဲ့ အကြောင်းအမျိုးမျိုးသောကိစ္စတွေနဲ့ဖြစ်ပေါ်လာတဲ့ လက်နက်ကိုင်အဖွဲ့တွေဖြစ်ပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့က ဒီနှစ်ပိုင်းခွဲကြည့်ရင် ပထမဦးဆုံး PDF တွေကို ငြိမ်းချမ်းရေးရော၊ လုံခြုံ ရေးပိုင်းရောဦးစားပေးပြီးရှင်းမှာပါ။ ပြီးရင် EAO ကျတော့ ငြိမ်းချမ်းရေးကဏ္ဍကနေသွားမှာပါ။ ကျွန်တော်တို့ဆွေးနွေး နေတာတော့ တော်တော်များနေပါပြီ။သူတို့ရဲ့လိုလားချက်တွေကလဲ မျိုးစုံဖြစ်တော့ ဒါတွေကိုရှင်းရတာပါ။ လိုလားချက်ကတော့အများကြီးရှိမှာပဲ။ဒါပေမဲ့ဖြစ်ချင်တာတွေလျှောက်ပြောနေမယ့်အစားဖြစ်နိုင်တာတွေနဲ့ဖြစ်သင့်တာတွေပဲလုပ်တာပိုပြီးကောင်းပါတယ်။ ခင်ဗျားလဲဖြစ်ချင်တာတွေ အများကြီးရှိမှာပဲ၊ ဟိုဟာလိုချင်တယ်၊ ဒီဟာလိုချင်တယ်၊ သို့သော်လည်းမဖြစ်နိုင်တာကို သွားပြီးလုပ်ရင်လဲမရဘူး။ ကျွန်တော်တို့ဆီမှာလူမျိုးပေါင်းများစွာရှိတယ်၊ တိုင်းရင်းသားလူမျိုးပေါင်းများစွာရှိတယ်၊ အဓိကတိုင်းရင်းသား ရှစ်မျိုးရှိတယ်။ တိုင်းရင်းသား လူမျိုးပေါင်း ၁၃၀ ကျော်လောက်ရှိတယ်။ ခင်ဗျားတို့နိုင်ငံမှာ ပိုပြီးများပါတယ်။ အဲဒီတော့တစ်ယောက်နဲ့တစ်ယောက် သဘောထားတွေကမျိုးစုံဆိုတော့ ဘာနဲ့ရှင်းမလဲဆိုရင် ဥပဒေနဲ့ရှင်းမယ်။ Constitution အရပဲရှင်းမယ်၊ Constitution မှာ ဒါကို ကျွန်တော်တို့ကရအောင်လုပ်မှာပါ။ Constitution ကို အများကနေ လက်ခံနိုင်တဲ့ ဖြစ်နိုင်တဲ့ဟာ၊ မဖြစ်နိုင်တာကိုတော့သွားပြောလို့မရဘူး။ ဒါကြောင့် ငြိမ်းချမ်းရေးက ပိုပြီးအရေးကြီးတယ်ဆိုတာ ကျွန်တော်ပြောတာပါ။ ပြီးရင် ဖွံ့ဖြိုးရေးဘက်ကိုသွားရမယ်။ အစိုးရတာဝန်ကတော့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင်လုပ်ဖို့ တာဝန်ရှိတယ်။ ဖွံ့ဖြိုးတိုးတက်အောင်လုပ်တဲ့အခါမှာ ပြည်သူလူထုပါ အကုန်လုံးအကျိုးဝင်တယ်။ တိုင်းရင်းသားမှမဟုတ်ဘူး။ ပြည်သူလူထုအကုန်လုံးအကျိုးဝင်တဲ့ ဖွံ့ဖြိုးရေးကို ကျွန်တော်တို့လုပ်ပေးရမယ်။ ဒီလိုသွားမှရမယ်။ ဒါကြောင့် အရေးကြီးတာက ငြိမ်းချမ်းရေးကနံပါတ်တစ်ပဲ။ ဒုတိယကတော့ တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေးကတော့ဆက်ပြီးလုပ်ရမှာပဲ။ နောက်တစ်ပြိုင်တည်းမှာပဲ ဖွံ့ဖြိုးရေးလုပ်ငန်းတွေသွားရပါမယ်။ ဒီလိုသွားဖို့ရှိပါတယ်။ ဒါက ကျွန်တော့် သဘောထားပါပဲ။

**မေး။ အာဆီယံအဖွဲ့အစည်းဆိုတာက ဒေသတွင်းမှာရော ကမ္ဘာပေါ်မှာပါ ဩဇာကြီးမားတဲ့ အဖွဲ့အစည်းတစ်ခုဖြစ်ပါတယ်။ အခုလက်ရှိ မြန်မာနိုင်ငံနဲ့ အာဆီယံတို့ရဲ့ဆက်ဆံရေးနဲ့ပတ်သက်ပြီး အမြင်ကိုသိရှိလိုပါတယ်။**

**ဖြေ။** ဆက်ဆံရေးအခြေအနေကတော့ အာဆီယံ အဖွဲ့ဝင်နိုင်ငံထဲမှာ အများစုကကောင်းပါတယ်။ သို့သော်လည်းပဲ အာဆီယံရဲ့မူဝါဒမှာတော့ Consensus ဆိုတဲ့ အများအားလုံးသဘောတူမှ ဆိုတဲ့ဟာကြောင့် ဒီပြဿနာတွေတက်နေတာပါ။ အာဆီယံအဖွဲ့ဝင်တစ်နိုင်ငံ၊ နှစ်နိုင်ငံလောက်ကတော့ မြန်မာနိုင်ငံအပေါ်မှာ တင်းမာတဲ့သဘောထားတွေရှိကြပါတယ်။ ဒါပေမဲ့ အာဆီယံနိုင်ငံအများစုကတော့ ကျွန်တော်တို့အပေါ်မှာ ကောင်းမွန်တဲ့အမြင်တွေရှိတယ်။ အရင်တုန်းကဖြစ်ခဲ့တာကတော့ ရွေးကောက်ပွဲရလဒ်အပေါ်မှာ ကျွန်တော်တို့ဆောင်ရွက်ချက်အပေါ်မူတည်ပြီးတော့ အာဆီယံက ကျွန်တော်တို့အပေါ်မှာ ဆက်ဆံမှုတစ်မျိုးပြောင်းလာတာပါ။ သို့သော်လည်းပဲ ကျွန်တော်တို့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ အထွေထွေရွေးကောက်ပွဲမှာ တရားမျှတစွာနဲ့ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲလုပ်ခဲ့ပြီးပြီ။ ဒါကိုဘယ်လိုမှငြင်းလို့မရဘူး။ အားလုံးပေါင်းမဲပေးခွင့်ရှိတဲ့သူရဲ့ ၅၄ ဒသမ ၂၂ ရာခိုင်နှုန်းမဲပေးခဲ့တယ်။ အဲဒီ မဲပေးတဲ့ထဲမှာ အသက် ၁၈ နှစ်ကနေ အသက် ၄၀ ကြားပါတဲ့ လူက ၅၀ ရာခိုင်နှုန်း နီးပါးလောက်ရှိတယ်။ တစ်ဝက်နီးပါးလောက်က လူငယ်တွေပေးတာပါ။ ဒီလူငယ်တွေကို ကျွန်တော်တို့က ဒီရွေးကောက်ပွဲမဲပေးရမယ်ဆိုပြီး သွားလုပ်လို့မရဘူး။ အကုန်ထွက်ပြေးမှာပဲ။ သွားလုပ်ရင် ထွက်ပြေးမှာပဲ။ သူတို့သဘောနဲ့သူတို့ လာပေးကြတယ်။ မဲပေးပွဲသတင်းကိုကြည့်လိုက်ရင်၊ မဲပေးခဲ့တဲ့ထုတ်ပြန်တဲ့ပုံတွေကိုကြည့်လိုက်ရင် သူတို့သဘောနဲ့သူတို့ တက်တက်ကြွကြွလာပြီးမဲပေးကြတယ်။ နောက်မဲပေးတဲ့ပုံစံ၊ မဲပေးတဲ့စနစ်ပါ။ မဲပေးတဲ့စနစ်မှာလဲ လုံးဝမဲလိမ်လို့မရတဲ့ စနစ်လုပ်တယ်။ နောက်တစ်ခါ ဒီရွေးကောက်ပွဲနဲ့ ဒီမဲစာရင်းနဲ့ ပတ်သက်တာအားလုံးကိုလဲ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲတစ်ခုဖြစ်အောင်လုပ်ခဲ့တယ်။ ဒါကြောင့် ကျွန်တော်တို့ရွေးကောက်ပွဲနဲ့ ရလဒ်တွေကိုကျွန်တော်တို့က နိုင်ငံတကာကိုယ်စားလှယ်တွေကိုခေါ်ပြတယ်။ ခေါ်ပြတဲ့အခါ သူတို့အားလုံးက ဒီဟာကို လက်ခံတယ်။ မငြင်းဆန်ဘူး။ အခုအထိရွေးကောက်ပွဲအပေါ်မှာမူတည်ပြီးတော့ ဘယ်ပါတီကမှ၊ ဘယ်ကိုယ်စားလှယ်ကမှ Complain မတက်ဘူး။ အာဆီယံကလဲ ဒါကိုသိတယ်။ ပြီးတော့ အာဆီယံကလဲ ရွေးကောက်ပွဲကြောင့်ဖြစ်ခဲ့တဲ့ ပြဿနာမှာ ကျွန်တော်တို့က ရွေးကောက်ပွဲမှာ ကောင်းအောင်ပြန်လုပ်ပေးခဲ့ပြီဆိုရင် ဒီဟာကို လက်ခံတဲ့နိုင်ငံတွေ ကျွန်တော်တို့ရှိပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့က အာဆီယံအပေါ်မှာ မိတ်ဝတ်မပျက်ဆက်ဆံရေးလုပ်ပါတယ်။ သို့သော်လည်း အာဆီယံရဲ့ သဘောထားကတော့ အားလုံးရဲ့ဆန္ဒညီတဲ့ပေါ်မူတည်ပြီး ဆုံးဖြတ်ရတဲ့အတွက်ကြောင့် တစ်နိုင်ငံ၊ နှစ်နိုင်ငံလောက်က တင်းတင်းမာမာဖြစ်နေတဲ့အချိန်မှာ ကျန်တဲ့နိုင်ငံတွေကလဲ ကျွန်တော်တို့နဲ့ ပုံမှန်ဆက်ဆံဖို့အတွက် အခက်အခဲရှိနေတယ်။

ဒါပေမဲ့ အခုကျွန်တော်တို့ ဆက်ဆံရေးကောင်းတွေရှိပါတယ်။ တစ်ဦးချင်းဆိုလဲ ကျွန်တော်နဲ့ ဆက်ဆံရေးတွေကောင်းပါတယ်။ ကျွန်တော်သမ္မတအရွေးခံရတဲ့အချိန်မှာ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပို့တဲ့နိုင်ငံတွေ အာဆီယံနိုင်ငံတွေ အများကြီးရှိတာပဲ။ ဒါကိုကြည့်မယ်ဆိုရင် ကောင်းတဲ့ဆက်ဆံရေးရှိတယ်လို့ဆိုရမယ်။ ကျွန်တော်တို့လဲ အာဆီယံအပေါ်မှာ ကောင်းတဲ့အမြင်ရှိပါတယ်။

**မေး။ သမ္မတကြီးခင်ဗျာ၊ ကျွန်တော်တို့ရဲ့ တွေ့ဆုံဆွေးနွေးမှုကို နိဂုံးချုပ်ပါတော့မယ်။ ဒီတွေ့ဆုံဆွေးနွေးမှုကို ကြည့်တဲ့ ကမ္ဘာပေါ်က ပရိသတ်တွေကိုလဲ မြန်မာနိုင်ငံနဲ့ပတ်သက်ပြီး ဘာပြောချင်ပါသလဲ။**

**ဖြေ။** ကျွန်တော်တို့ မြန်မာနိုင်ငံ၊ ကျွန်တော်တို့နိုင်ငံက ကျွန်တော်တို့ နိုင်ငံသားတွေ မျှော်မှန်းတဲ့လမ်းကြောင်းပေါ်မှာ မှန်မှန်ကန်ကန်လျှောက်လှမ်းနေပြီဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ ကမ္ဘာနဲ့လက်တွဲပြီးလုပ်ဖို့လဲ အဆင်သင့်ရှိတယ်။ ဒါကြောင့် ကျွန်တော်တို့ရဲ့ပြုပြင်ပြောင်းလဲ ဆောင်ရွက်မှုတွေအပေါ်မှာ ကျွန်တော်တို့နိုင်ငံကို လာရောက်လေ့လာကြည့်စေလိုပါတယ်။ ဖြစ်ပျက်နေတဲ့အခြေအနေတွေကို လာပြီးကြည့်စေလိုတယ်။ ပြီးတော့မှ ကျွန်တော်တို့နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုနဲ့ပတ်သက်ပြီး ကျွန်တော်တို့နဲ့ ပူးပေါင်းမှုတွေလုပ်တာပိုပြီး ကောင်းမယ်လို့ယူဆပါတယ်။ ကျွန်တော်တို့နဲ့ ပူးပေါင်းဆောင်ရွက်လိုက်မယ်ဆိုရင် မြန်မာပြည်သူတွေရဲ့ လက်ရှိဆောင်ရွက်နေတဲ့ သူတို့ရဲ့ဘဝအခြေအနေတွေ အားလုံးကိုတိုးတက်အောင်လုပ်နိုင်တဲ့ အခွင့်အရေးတွေ သူတို့ရလာပါလိမ့်မယ်။ ဒါကြောင့် ကမ္ဘာကလဲ ဒီဟာကိုလာပြီးတော့ ကြည့်စေလိုတယ်။ ပူးပေါင်းဆောင်ရွက်စေလိုတယ်။ မြန်မာနိုင်ငံက တကယ်ကို မှန်မှန်ကန်ကန်နဲ့ ပြည်သူကရွေးချယ်တဲ့ မှန်ကန်တဲ့လမ်းကြောင်းပေါ်မှာရောက်ရှိလျှောက်လှမ်းနေပြီလို့ ပြောလိုပါတယ်။

သို့သော်လည်းပဲ "စံ"ဆိုတာကတော့မျိုးစုံရှိပါတယ်။ တစ်နိုင်ငံနဲ့တစ်နိုင်ငံက စံနှုန်းမတူဘူး။ ခင်ဗျားတို့ အိန္ဒိယနိုင်ငံရဲ့စံနဲ့ တခြားအာရှနိုင်ငံတွေရဲ့ စံနဲ့မတူသလိုဘဲ အနောက်နိုင်ငံက စံတွေနဲ့လဲ မတူဘူး။ ဒီမိုကရေစီမှာလဲ စံချိန်တွေ မတူလောက်ပါဘူး။ မြန်မာနိုင်ငံလဲ မြန်မာနိုင်ငံရဲ့ကိုက်ညီတဲ့ ဒီမိုကရေစီစနစ်ကို ကျွန်တော်တို့သွားတာဖြစ်ပါတယ်။ ကျွန်တော်တို့က နိုင်ငံရေးမှာနှစ်ခုရှိပါတယ်။ တစ်ခုကတော့ စစ်မှန်တဲ့ပါတီစုံဒီမိုကရေစီစနစ်ကို ခိုင်ခိုင်မာမာဖြစ်ဖို့၊ နှစ်အချက်ကတော့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုကိုတည်ဆောက်ဖို့က ကျွန်တော်တို့ရဲ့ရည်မှန်းချက်ပါ။ ဒီအတိုင်းပဲ ကျွန်တော်လုပ်နေပါတယ်။ ဒါကို ကျွန်တော်တို့ မယိမ်းမယိုင်နဲ့ လုပ်သွားမယ်ဆိုတာ ကမ္ဘာကိုကျွန်တော်ပြောလိုပါတယ်။

## မိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်းတို့ ဖြစ်ပေါ်နိုင်

နေပြည်တော် ဇွန် ၄

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။



မြစ်ကြီးနားမြို့သို့ ကုန်ပစ္စည်း ပို့ဆောင်သည့် မော်တော်ယာဉ်များ မန္တလေးမြို့သို့ ပြန်လည်ရောက် ရှိလာစဉ်။

**❖ မန္တလေးမြို့သို့ပြန်လည်ရောက်ရှိ**

နန့်စီးအောင်-မိုးညှင်း-မိုးကောင်း-မြစ်ကြီးနား ဆက်သွယ်ရေးလမ်းကြောင်းကို မေ ၆ ရက်တွင် အပြည့်အဝထိန်းချုပ်၍ ပြန်လည်ဖွင့်လှစ်ပေးခဲ့ပြီး အဆိုပါဒေသများတွင် နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်မှုယန္တရားများ ပြန်လည် လည်ပတ်နိုင်ရေး၊ ဒေသခံတိုင်းရင်းသားပြည်သူများ စားဝတ်နေရေး အဆင်ပြေချောမွေ့စေရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်သည်များ ဖြည့်ဆည်းပေးနိုင်ရေးအတွက် နိုင်ငံတော်အစိုးရနှင့် တပ်မတော်၏ စီမံဆောင်ရွက်မှုဖြင့် အခြေခံစားသောက်ကုန်များ၊ လူသုံးကုန်ပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ ဆေးနှင့်ဆေးပစ္စည်းများ၊ ကျောင်းသုံးစာရေးကိရိယာများ၊ စက်သုံးဆီများကို မော်တော်ယာဉ်များဖြင့် မန္တလေးမြို့မှ မြစ်ကြီးနားမြို့သို့ ဒုတိယအကြိမ် ထပ်မံပို့ဆောင်ပေးခဲ့ရာ မေ ၃၁ ရက်တွင် မြစ်ကြီးနားမြို့ထိ ရောက်ရှိခဲ့ပြီးဖြစ်သည်။

အဆိုပါ မြစ်ကြီးနားမြို့တွင် ရောက်ရှိနေသည့် မော်တော်ယာဉ်များနှင့်အတူ မြစ်ကြီးနားမြို့အပါအဝင် လမ်းကြောင်းတစ်လျှောက်ရှိ မြို့ရွာများမှ မန္တလေးမြို့တွင် ပို့ဆောင်ရောင်းချမည့် ဒေသထွက်ကုန်ပစ္စည်းများ၊ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ကြမည့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် မိသားစုဝင်များ၊ သင်တန်းတက်ရောက်ရန် သွားရောက်မည့် ဌာနဆိုင်ရာဝန်ထမ်းများ လိုက်ပါ၍ ဇွန် ၃ ရက်တွင် မြစ်ကြီးနားမြို့မှ ပြန်လည်ထွက်ခွာလာကြရာ ဇွန် ၄ ရက် ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရနှင့် တပ်မတော်၏ စီမံဆောင်ရွက်မှုများဖြင့် မန္တလေး-မြစ်ကြီးနား ဆက်သွယ်ရေးလမ်းကြောင်းကို ပြန်လည်ဖွင့်လှစ်နိုင်ခဲ့သည့်အပြင် ဒေသဖွံ့ဖြိုးရေးအတွက် အဓိကလိုအပ်သည့် လုပ်ငန်းသုံးပစ္စည်းများကို အချိန်မီ ပို့ဆောင်ဖြည့်ဆည်းပေးခြင်း၊ အကြမ်းဖက်သမားများ ဖောက်ခွဲဖျက်ဆီးခဲ့သည့် လမ်း၊ တံတားများကို ပြန်လည်ပြုပြင်ခဲ့ခြင်းများကြောင့် အဆိုပါလမ်းကြောင်းတစ်လျှောက်တွင် ခရီးသွားမော်တော်ယာဉ်များ၊ ကုန်စည်ပို့ဆောင်ရေးမော်တော်ယာဉ်များ ပုံမှန်အတိုင်း ပြန်လည်သွားလာလျက်ရှိပြီး ဒေသခံပြည်သူများအနေဖြင့်လည်း ၎င်းတို့၏ သွားလာနေထိုင်ရေးနှင့် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများ ပုံမှန်အတိုင်း အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အဆိုပါဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့်အတူ ဝိုင်းဝန်းပူးပေါင်း ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၁)

## ချင်းပြည်နယ်တရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် ၅၆ / ၂၀၂၆**

၁၃၈၈ ခုနှစ် နယုန်လပြည့်ကျော် ၅ ရက်

၂၀၂၆ ခုနှစ် ဇွန်လ ၄ ရက်

**ချင်းပြည်နယ်တရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၈ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၄)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၈၂၊ ပုဒ်မခွဲ (ဃ)၊ ပြည်ထောင်စုတရားစီရင်ရေး ဥပဒေပုဒ်မ ၄၅ နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၈၊ ပုဒ်မခွဲ (ဃ)တို့အရ ဒေါ်နှင်းကေသီဝင်း ကို ချင်းပြည်နယ်တရားလွှတ်တော် တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**(ပုံ) မင်းအောင်လှိုင်**

**နိုင်ငံတော်သမ္မတ**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**☆ ကျောဖုံးမှအဆက်**

အခမ်းအနားသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ ကာဂျစ်စတန်သမ္မတနိုင်ငံအစိုးရအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံပေါင်း ၁၃၀ ကျော်မှ အကြီးအကဲများနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး၊ စိန့်ပီတာစဘတ်မြို့ မြန်မာကောင်စစ်ဝန်ချုပ်နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် နိုင်ငံများမှ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဦးစွာ ၂၉ ကြိမ်မြောက် နိုင်ငံတကာစီးပွားရေးဖိုရမ် (29 th St. Petersburg International Economic Forum- SPIEF 2026) မှတ်တမ်းဗီဒီယိုကိုပြသပြီး စိန့်ပီတာစဘတ် အုပ်ချုပ်ရေးမှူးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတ ဦးညိုစောက ဆွေးနွေးပြောကြားရာတွင် မြန်မာနိုင်ငံသည် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် ကြီးမားသောအလားအလာများရှိသကဲ့သို့ အရှေ့အာရှ၊ အရှေ့တောင်အာရှနှင့် တောင်အာရှတို့၏ ဆုံချက်တွင် တည်ရှိသဖြင့် မဟာဗျူဟာမြောက် ထူးခြားသော ပထဝီဝင်အနေအထားကို ပိုင်ဆိုင်ထားပါကြောင်း၊ မြန်မာနိုင်ငံသည် ဒေသတွင်းဈေးကွက်များကို ချိတ်ဆက်ပေးပြီး ကုန်သွယ်မှု၊ သယ်ယူပို့ဆောင်ရေးနှင့် စီးပွားရေးပေါင်းစည်းမှုတို့ကို လွယ်ကူချောမွေ့စေသည့် သဘာဝကုန်းတွင်းတံတား (Natural Land Bridge) တစ်ခု အဖြစ်တည်ရှိနေကြောင်း၊ ယခုကဲ့သို့ အားသာချက်များကို အမိအရ အသုံးချနိုင်ရန်အတွက် မြန်မာနိုင်ငံအစိုးရသည် ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးနှင့် စီးပွားရေးလုပ်ကိုင်ရမှု ပတ်ဝန်းကျင် တိုးတက်ကောင်းမွန်စေရေးတို့ကို ဦးတည်သည့် မူဝါဒများကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ထို့ပြင် မိမိတို့နိုင်ငံသည် ကုန်ထုတ်စွမ်းအားမြှင့်တင်ရန်၊ စားရေရိက္ခာလုံခြုံမှု အားကောင်းစေရန်နှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်ရန်အတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍများကို စနစ်တကျ ပြုပြင်ပြောင်းလဲတိုးတက် ဆောင်ရွက်လျက်ရှိသည့်အတွက် နည်းပညာအပါအဝင် ကဏ္ဍများတွင် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများ ဆောင်ရွက်လျက်ရှိကြောင်း၊ အထူးသဖြင့် သယ်ယူပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ဒစ်ဂျစ်တယ် အခြေခံအဆောက်အအုံ၊ ထောက်ပံ့ပို့ဆောင်ရေး (Logistics)၊ ပို့ကုန်ဦးတည်ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ နည်းပညာနှင့် ဒစ်ဂျစ်တယ်ဝန်ဆောင်မှု ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ကာဂျစ်စတန်သမ္မတနိုင်ငံ အစိုးရအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ အာရှ-ပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့ အမှုဆောင်ညွှန်ကြားရေးမှူးနှင့် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်တို့က ဆွေးနွေးပြောကြားကြသည်။

နံနက်ပိုင်းကလည်း ဒုတိယသမ္မတ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် အီးအေအီးယူ-အာဆီယံ (EAEU-ASEAN) စီးပွားရေးဆွေးနွေးပွဲသို့ တက်ရောက်ကြပြီး အဆိုပါဆွေးနွေးပွဲတွင် အမျိုးသား စီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုးက အီးအေအီးယူနှင့် အာဆီယံတို့အကြားကာလလတ်နှင့် ကာလရှည်တွင် စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးနှင့် အီးအေအီးယူနှင့် အာဆီယံတို့မှ စီးပွားရေးအသိုက်အဝန်းများအကြား အပြန်အလှန် စီးပွားရေးအကျိုးဖြစ်ထွန်းစေမည့် ဖန်တီးမှုရှိသော စီးပွားရေးနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်ရေးတို့ကို ပါဝင်ဆွေးနွေးသည်။

ထို့နောက် ဒုတိယသမ္မတသည် လီနင်ဂရက်ဒေသအုပ်ချုပ်ရေးမှူး Mr. Alexander Drozdenko နှင့် ရုရှားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး Mr . Maksim Reshetnikov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ကို စင်တာ၌ သီးခြားစီလက်ခံတွေ့ဆုံပြီး မြန်မာနိုင်ငံနှင့် လီနင်ဂရက်ဒေသအကြား ပြည်နယ်၊ ဒေသအစိုးရအချင်းချင်း ဆက်ဆံရေးသာမက ပြည်သူအချင်းချင်းထိတွေ့ ဆက်သွယ်မှုများထိ မြှင့်တင်ဆောင်ရွက်သွားနိုင်ရေး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်နိုင်ရေး၊ မြန်မာ-ရုရှား အစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး ကော်မရှင်အနေဖြင့် နှစ်နိုင်ငံ ကုန်သွယ်ရေးနှင့် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများ လုပ်ငန်းစဉ်များအလိုက် ဖြစ်ပေါ်တိုးတက်မှု အခြေအနေများနှင့် ဆက်လက်တိုးမြှင့် ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများ၊ စက်မှုကဏ္ဍ၊ ဓာတ်သတ္တုကဏ္ဍ၊ အလုပ်သမားရေးရာကဏ္ဍနှင့် စွမ်းအင်ကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်သွားနိုင်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## တောမီးလောင်ကျွမ်းမှုမရှိစေရေး သတိပြုရန်

တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောသယံဇာတအရင်းအမြစ်များ ဆုံးရှုံးခြင်း၊ မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများဆုံးရှုံးခြင်းတို့ကို ဖြစ်ပေါ်စေပါသည်။ တောမီးလောင်ကျွမ်းမှုမရှိစေရေးအတွက် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရန်-

(က) တောထဲတွင် မီးမွှေးခြင်း၊ ချက်ပြုတ်ခြင်း၊ မီးရှို့ခြင်း မပြုလုပ်ရန်၊

( ခ ) တောမီးရှို့၍ အမဲလိုက်ခြင်း လုံးဝမပြုလုပ်ရန်၊

( ဂ ) ဆေးလိပ်မီး အကြွင်းအကျန်များကို စည်းကမ်းမဲ့စွန့်ပစ်ခြင်း မပြုလုပ်ရန်၊

(ဃ) အိမ်သုံးစွန့်ပစ်အမှိုက်များကို သတ်မှတ်နေရာတွင် စွန့်ပစ်ရန်၊

( င ) တောမီးလောင်ကျွမ်းမှုတွေ့ရှိရပါက သက်ဆိုင်ရာသို့ အမြန်ဆုံးသတင်းပို့ရန်။

## တောင်ယာခုတ်ထွင် မီးရှို့ခြင်း၊ ရိုးပြတ်များ မီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းကြောင့် ထိခိုက်နိုင်မှုများ

တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များ မီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းကြောင့် အောက်ပါအချက်များ ဖြစ်ပေါ်နိုင်ပါသည်-

(က) မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်းနှင့် ကျန်းမာရေးထိခိုက်နိုင်ခြင်း၊

( ခ ) ကမ္ဘာကြီးပူနွေးလာခြင်းနှင့် ရာသီဥတုပြောင်းလဲမှု ဖြစ်ပေါ်ခြင်း၊

( ဂ ) မြေဆီလွှာဓာတ်ခန်းခြောက်ခြင်းနှင့် သီးနှံများ အထွက်နှုန်း လျော့နည်းခြင်း၊

(ဃ) သစ်တောထွက်ပစ္စည်းများ ဆုံးရှုံးခြင်းနှင့် လူနေမှုဘဝကို ထိခိုက်စေနိုင်ခြင်း။

# တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့ကျင်းပ




**နေပြည်တော် ဇွန် ၄**

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ပထမနေ့သို့တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း ဦးရေ ၅၆၀ ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၅၅၈ ဦး တက်ရောက်သဖြင့် ၉၉ ဒသမ ၆၄ ရာခိုင်နှုန်းရှိသည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်၏အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက ဦးအောင်လင်းဒွေးက နှုတ်ခွန်းဆက်အမှာစကား ပြောကြားရာတွင် ကျင်းပပြီးစီးခဲ့သည့် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန် အစည်းအဝေးတွင် မိမိတို့ ဥပဒေပြုလွှတ်တော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ အုပ်ချုပ်ရေးမဏ္ဍိုင်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံတော်အကြီးအကဲဖြစ်သည့် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ရေးလုပ်ငန်းစဉ်များကို အောင်မြင်စွာဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

ထို့ပြင် ပြည်ထောင်စုအစိုးရအဖွဲ့ ဖွဲ့စည်းခြင်းဆိုင်ရာဝန်ကြီးဌာန အရေအတွက်နှင့် အမည်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ ခန့်အပ်တာဝန်ပေးနိုင်ရေးအတွက် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်းနှင့် သဘောတူညီချက်ရယူပေးခြင်းများ၊ တရားစီရင်ရေးမဏ္ဍိုင်ဆိုင်ရာ ပြည်ထောင်စုတရားသူကြီးချုပ်၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်၊ တရားသူကြီးများ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေးနိုင်ရေး လွှတ်တော်၏ သဘောတူညီချက်များကို ရယူပေးနိုင်ခဲ့ကြောင်း။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့ဝင်များကိုလည်း လွှတ်တော်၏ သဘောတူညီချက်ရယူပေးနိုင်ခဲ့ခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဒီမိုကရေစီနိုင်ငံတော်အဖြစ် ဆက်လက်လျှောက်လှမ်းမည့် လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းဖြစ်ကြောင်း။

ယခုကျင်းပမည့် ဒုတိယပုံမှန်အစည်းအဝေးမှစတင်ပြီး ဥပဒေပြုရေးအာဏာကို အကောင်အထည်ဖော်ဆောင်ရွက်မည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပြည်သူများ၏အသံကို ကိုယ်စားပြုသော၊ ပြည်သူများ၏ အခြေခံအခွင့်အရေးနှင့် တရားမျှတမှုကို ကာကွယ်ပေးသောဥပဒေများ ရေးဆွဲပြဋ္ဌာန်းခြင်း၊ မိမိတို့နိုင်ငံ ခေတ်စနစ်နှင့် ကိုက်ညီမှုရှိစေမည့် ဥပဒေအသစ်များ ပြဋ္ဌာန်းပေးခြင်း၊ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ရုပ်သိမ်းခြင်းများ ပြုလုပ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ပြင် နှစ်စဉ်နိုင်ငံတော်၏ ဘတ်ဂျက်၊ အမျိုးသားစီမံကိန်းနှင့် အခွန်အကောက်ဆိုင်ရာ ကိစ္စရပ်များကိုလည်း ဆွေးနွေးခြင်း၊ စိစစ်ခြင်း၊ အတည်ပြုခြင်းများ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့်လည်း မိမိတို့လုပ်ငန်းတာဝန်များ ဆောင်ရွက်ကြသည့်အခါ လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများပါ တာဝန်၊ လုပ်ပိုင်ခွင့်၊ ကျင့်ဝတ်နှင့် စည်းကမ်းသတ်မှတ်ချက်များအတိုင်း လိုက်နာကျင့်သုံးဆောင်ရွက်ရန် မှာကြားလိုကြောင်း၊ ဥပဒေပြုရေးမဏ္ဍိုင်၏ ဂုဏ်သိက္ခာနှင့် စွမ်းဆောင်ရည်မှာ မိမိတို့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးချင်းစီ၏ စည်းကမ်းစနစ်ကျနမှု၊ လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို လေးစားလိုက်နာမှုနှင့် အရည်အသွေးမြင့်မားမှုများအပေါ်တွင် မှီတည်နေကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆောင်ရွက်ချက်တိုင်းသည် နိုင်ငံတော်၏အကျိုးစီးပွားနှင့် ပြည်သူများ၏ အကျိုးစီးပွားကို အမှန်တကယ်အကျိုးပြုစေမည့် ဆောင်ရွက်ချက်များ ဖြစ်ရန်လိုကြောင်း၊ နိုင်ငံအတွင်းရှိ နိုင်ငံသူ၊ နိုင်ငံသားများ၏လိုအပ်ချက်များ၊ မျှော်မှန်းချက်များကို သိရှိအောင်ဆောင်ရွက်ပြီး ဥပဒေပြုရေးအခန်းကဏ္ဍမှ တစ်ဆင့် ဖြည့်ဆည်းဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း။

လက်ရှိအချိန်တွင် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝ မြှင့်တင်ရေးတို့အတွက် ချမှတ်ထားသည့် အဓိကမူဝါဒလမ်းစဉ်များအတိုင်း အရှိန်အဟုန်ဖြင့် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်နေသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ထို့ပြင် ပြည်သူလူထု၏ အရေးတကြီးလိုအပ်ချက်များကို အချိန်တိုအတွင်း ထိရောက်အောင်မြင်စွာ ဖြည့်ဆည်းပေးနိုင်ရေး ပြည်သူ့အတွက် “ပထမ ရက် ၁၀၀ စီမံချက်” ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရကြောင်း။

နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်ရေးမဏ္ဍိုင်က ချမှတ်ထားသည့် မူဝါဒလမ်းစဉ်များနှင့် လုပ်ငန်းစဉ်များ အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် ဥပဒေပြုရေး မဏ္ဍိုင်ဖြစ်သည့် လွှတ်တော်များ၏ အပြန်အလှန်ထိန်းကျောင်း တည့်မတ်မှု၊ ပူးပေါင်းဆောင်ရွက်မှုများသည် အရေးကြီးသည့် အခန်းကဏ္ဍတွင် ပါဝင်နေကြောင်း၊ မိမိတို့မဲဆန္ဒနယ်မြေများအလိုက် စီမံချက်ပါလုပ်ငန်းစဉ်များ မြေပြင်တွင် ထိရောက်မှု ရှိ၊ မရှိ၊ ပြည်သူလူထုထံသို့ အကျိုးကျေးဇူးများ တိုက်ရိုက်သက်ရောက်မှုရှိမရှိကို မျက်ခြည်မပြတ်လေ့လာစောင့်ကြည့်ပြီး အုပ်ချုပ်ရေးမဏ္ဍိုင်၏ ကောင်းမွန်သည့် ခြေလှမ်းများကို ပိုမိုတွန်းအားပေးကူညီကြရန်နှင့် လိုအပ်သည်များကိုလည်း လွှတ်တော်ယန္တရားမှ တစ်ဆင့် အပြုသဘောဆောင်လျက် ပူးပေါင်းဖြည့်ဆည်း ပံ့ပိုးပေးကြရန် တိုက်တွန်းလိုကြောင်း။

လွှတ်တော် ကိုယ်စားလှယ်များ၏ အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများကို ထပ်လောင်းပြောကြားလိုကြောင်း၊ မိမိတို့ကို ရွေးကောက်တင်မြှောက်လိုက်သည့် ပြည်သူလူထု၏ အကျိုးစီးပွားနှင့် နိုင်ငံတော်၏အကျိုးစီးပွားကို ရှေးရှုပြီး လွှတ်တော်သို့ တင်သွင်းလာသည့် ဥပဒေကြမ်းများကို စိစစ်ဆွေးနွေးကြရမည်ဖြစ်ကြောင်း၊ ထိုသို့ ဆွေးနွေးကြရာတွင် အချက်သုံးချက်နှင့် အလေးထား စဉ်းစားဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

ပထမအချက်အနေဖြင့် ပြည်သူ့ဗဟိုပြု စဉ်းစားတွေးခေါ်ခြင်းဖြစ်ကြောင်း၊ မိမိတို့ဆွေးနွေးမည့် ဥပဒေကိစ္စရပ်တိုင်းသည် ပြည်သူလူထု၏ တစ်နေ့တာလူမှုစီးပွားဘဝများအပေါ် မည်သို့သက်ရောက်မှုရှိမည်ကို အစဉ်အမြဲရှေ့တန်းတင် စဉ်းစားကြရမည်ဖြစ်ကြောင်း။

ဒုတိယအချက်အနေဖြင့် မျှတစွာ ထိန်းကျောင်းတည့်မတ်ခြင်းဖြစ်ကြောင်း၊ အုပ်ချုပ်ရေးမဏ္ဍိုင်၏ လုပ်ငန်းဆောင်ရွက်ချက်များကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေဘောင်အတွင်းက ထိရောက်စွာစိစစ်တည့်မတ်ပေးပြီး ပြည်သူ့ဘဏ္ဍာလေလွင့်ဆုံးရှုံးမှုမရှိစေရေး ဘက်လိုက်မှုကင်းစွာဖြင့် ဝေဖန်အကြံပြုကြရန်ဖြစ်ကြောင်း။

တတိယအချက်အနေဖြင့် စည်းလုံးညီညွတ်မှုကို ရှေးရှုခြင်းဆိုသည့် မတူကွဲပြားသောအမြင်များကို အပြန်အလှန် လေးစားမှုဖြင့် အပြုသဘောဆောင် ဆွေးနွေးပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး အတွက် အရေးကြီးသောဆုံးဖြတ်ချက်များကို ညီညီညွတ်ညွတ်ချမှတ်ဆောင်ရွက်ကြရန်ဖြစ်ကြောင်း။

ယနေ့နိုင်ငံတော်အစိုးရက ဖော်ဆောင်နေသည့် ပြုပြင်ပြောင်းလဲမှုများကို အောင်မြင်ရန်အတွက် မိမိတို့လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့ မဲဆန္ဒနယ်မြေအသီးသီးက ပြည်သူလူထုနှင့် အစိုးရဌာနများအကြား ခိုင်မာသည့် “ပေါင်းကူးတံတားတစ်စင်း” သဖွယ် ကူညီချိတ်ဆက်ပေးကြရန်လိုအပ်ကြောင်း၊ မြေပြင်တွင် အမှန်တကယ်လိုအပ်နေသည့် ပြည်သူများ၏လိုအပ်ချက်၊ အခက်အခဲများနှင့် သဘောထားအမြင်များကို စနစ်တကျပြုစုဆန်းစစ်ပြီး လွှတ်တော်၏ ယန္တရားများဖြစ်သည့် သက်ဆိုင်ရာ ကော်မတီ၊ ကော်မရှင်များမှတစ်ဆင့် နိုင်ငံတော်အဆင့် မူဝါဒ၊ ရေးရာများတွင် ထိရောက်စွာအကျိုးပြုနိုင်အောင် တင်ပြဆွေးနွေးပေးစေလိုကြောင်း။

မိမိတို့ဆွေးနွေးမည့် ကိစ္စရပ်တိုင်းအတွက် လိုအပ်သည့်သတင်းအချက်အလက်များကို ကြိုတင်လေ့လာဆန်းစစ်ပြီး နိုင်ငံတကာဖြစ်ပေါ် တိုးတက်မှုများနှင့် နှိုင်းယှဉ်မြော်တွေးလျက် အနာဂတ် နိုင်ငံတော်၏ ရေရှည်အကျိုးစီးပွားကို ရှေးရှုနိုင်မည့် ခေတ်မီဆန်းသစ်သည့် ဥပဒေပြုရေးဆိုင်ရာ အကြံဉာဏ်များကို ဖော်ထုတ်ပေးကြလိမ့်မည်ဟု အပြည့်အဝမျှော်လင့်ပါကြောင်း။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အနှစ်သာရသည် နိုင်ငံတော်အချုပ်အခြာအာဏာ၏ မဏ္ဍိုင်ကြီး သုံးရပ်ဖြစ်သည့် ဥပဒေပြုလွှတ်တော်၊ အုပ်ချုပ်ရေးအစိုးရအဖွဲ့နှင့် တရားစီရင်ရေးတို့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေက ခွဲဝေအပ်နှင်းထားသည့် အာဏာများဖြင့် ရည်မှန်းချက်တာဝန်ကို လွတ်လပ်စွာ ဖော်ဆောင်ရန်ဖြစ်ကြောင်း၊ ထို့ပြင် ဒီမိုကရေစီကျင့်သုံးမှုပုံစံ တည့်မတ်မှန်ကန်စေရေးအတွက် အချင်းချင်းအပြန်အလှန် ထိန်းကျောင်းပြုပြင်ရန်ဖြစ်ကြောင်း။

တစ်ဖက်နှင့်တစ်ဖက် ဝင်ရောက်စွက်ဖက်လိုသော၊ လွှမ်းမိုးလိုသော ပွတ်တိုက်မှုပုံစံမဖြစ်ပေါ်စေရန် သတိပြုရှောင်ကြဉ်ရမည်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ယခုကျင်းပသည့် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် ဆောင်ရွက်ကြရမည့်လုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ပါစေကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက က တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်၊ ရုရှားဖက်ဒရေးရှင်းသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာပူတင်၊ အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှရီနာရန်ဒရာမိုဒီ၊ ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အဇစ် အလီ ဇာဒါရီ၊ ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာအလက်ဇန္ဒားလူကာရှန်ကို၊ အီရန်အစ္စလာမ်မစ် သမ္မတနိုင်ငံ သမ္မတ H.E. Dr. Masoud PEZESHKIAN၊ ကာဇက်စတန်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကာစင်ဂျိုမတ်တိုခါယက်ဗ်၊ အီသီယိုးပီးယားဖက်ဒရယ် ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ H.E.Taye Atske-Selassie၊ အယ်လ်ဂျီးရီးယားနိုင်ငံ သမ္မတ H.E. Mr.Abdelmadjid Tebboune၊ နီပေါနိုင်ငံ သမ္မတ မစ္စတာရမ်ချန်ဒရာပေါ်ဒဲလ်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ထောင်လွှန်းဆီဆုလစ်၊ ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ် ပရယ်ဘတ်ဆမ်ဒက်ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီ၊ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင်မင်းမြတ် ဆူလ်တန် ဟာဂျီဟာဆာနာလ် ဘိုလ်ကီးယား မူအစ်ဇာဒင်ဝါဒူလာ၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် Anutin Charnvirakul၊ နီကာရာဂွာသမ္မတနိုင်ငံ ပူးတွဲသမ္မတနှင့်ဇနီး မစ္စတာ ဒန်နီရယ် အော်တီဂါ ဆာဗေဒရာနှင့် မစ္စစ် ရိုဆာရီယိုမူရီလို၊ ဘူတန်ဘုရင့်နိုင်ငံ ဝန်ကြီးချုပ် ဒါရှိုရှားရင်းတော့ဘ်ဂေး၊ ကမ္ဘောဒီးယားနိုင်ငံ အထက်လွှတ်တော် ဥက္ကဋ္ဌ ဆမ်ဒက် အာခါ မိုဟာဆီနာ ပါတိုင်းတဲ့ချိ ဟွန်ဆင်၊ နီကာရာဂွာသမ္မတနိုင်ငံ

စာမျက်နှာ ၂၀ သို့

စာမျက်နှာ ၁၉ မှအဆက်

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဒေါက်တာ ဂူစတာဗိုပေါရပ်စ်၊ ထိုင်းနိုင်ငံ ဒုတိယ ဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ sihasak Phuangketkeow၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီ အတွင်းရေးမှူး မစ္စတာ ဆာဂေးရှွိုင်းဂူ၊ တပ်မတော်ဦးစီးချုပ်နှင့် ကာကွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး(၁) ဗိုလ်ချုပ်ကြီး ဂါရာစီမော့ဗ်၊ ဘူရားတီးရား ပြည်နယ် အကြီးအကဲနှင့် အစိုးရအဖွဲ့ ဥက္ကဋ္ဌ မစ္စတာ အလက်စီဆမ်ဘူယဲဗစ် စီဂျယ်နေ့ဗ်၊ ကာလ်မီးကီယာပြည်နယ် အကြီးအကဲ မစ္စတာ ဘာတူခါစီကော့စ်၊ တာတာစတန်ပြည်နယ် အကြီးအကဲ မစ္စတာ ရုစတမ် မီနီခါနော့ဗ်၊ သမ္မတ၏ အကြံပေးပုဂ္ဂိုလ် မစ္စတာ အန်တွန်ကို ဗျာကော့ဗ်၊ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူး မစ္စတာ တာရာ့နီကော့ဗ်အန်ဒရေအလက် ဇန် ဒရီဗစ်ချ်၊ စိန့်ပီတာစဘတ်အုပ်ချုပ်ရေး မှူး မစ္စတာ အလက်ဇန်းဒါးဘယ်ဂ် လော့နှင့် စိန့်ပီတာစဘတ်အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေး ကော်မတီဥက္ကဋ္ဌ မစ္စတာ ရယ်ဂန်းနီဂရီဂေါ်ရက်ဖ်တို့က နိုင်ငံတော်သမ္မတထံသို့ ပေးပို့လာသော ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာ များကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြပြီး မှတ်တမ်းတင်သည်။

ဆက်လက်၍ ရခိုင်ပြည်နယ် အမျိုး သားလွှတ်တော်ကိုယ်စားလှယ် အမှတ် (၁၀) ဒေါက်တာခိုင်ခိုင်ဆုက ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော် သမ္မတ ဦးမင်းအောင်လှိုင်သည် အိန္ဒိယ သမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှရီနာရန်ဒရာ မိုဒီ၏ ဖိတ်ကြားချက်အရ အိန္ဒိယသမ္မတ နိုင်ငံသို့ တရားဝင်ခရီးစဉ်သွားရောက်ခဲ့ပါ ကြောင်း၊ အိန္ဒိယနိုင်ငံသည် ဒီမိုကရေစီ ထွန်းကားသော ကမ္ဘာ့နိုင်ငံကြီးများထဲမှ တစ်နိုင်ငံဖြစ်သည့်အပြင် မြန်မာနိုင်ငံနှင့် နယ်မြေချင်းထိစပ်လျက်ရှိသော ယဉ်ကျေး မှု၊ ဘာသာရေး၊ စီးပွားရေး၊ လူမှုရေး စသည်တို့ ကူးလူးယှက်နွယ်နေသော အိမ်နီးချင်းနိုင်ငံတစ်နိုင်ငံလည်း ဖြစ်ပါ ကြောင်း၊ ထိုခရီးစဉ်သည် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံချစ်ကြည်ရေး အခွန့်ရှည်ရန် အတွက် များစွာသော အကျိုးကျေးဇူးများ ဖြစ်ထွန်းမည်ဟု ယုံကြည်ပါကြောင်းနှင့် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၏ အိန္ဒိယသမ္မတနိုင်ငံသို့ တရားဝင်ခရီးစဉ် အတွက် လှိုက်လှဲဝမ်းမြောက်စွာ ဂုဏ်ပြုပါ ကြောင်းနှင့် နှစ်နိုင်ငံချစ်ကြည်ရေး အခွန့် ရှည် တည်တံ့ခိုင်မြဲပါစေဟု ဆုမွန်ကောင်း တောင်းအပ်ပါကြောင်း၊ ထို့နည်းတူ နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား ပိုမိုခိုင်မာသော စီးပွားရေး၊ ဘာသာရေး၊ ယဉ်ကျေးမှုနှင့် လူမှုရေးဆိုင်ရာ ကိစ္စရပ် များကို ပိုမိုခိုင်မာအောင် ဆောင်ရွက်နိုင် ပါစေဟု ဆန္ဒပြုပါကြောင်း အဆို တင်သွင်းသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က ယင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသည့်အတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်တော်သမ္မတ ဦးမင်းအောင်လှိုင်၏ အိန္ဒိယသမ္မတနိုင်ငံ တရားဝင်ခရီးစဉ်ကို ဂုဏ်ပြုဝမ်းမြောက် လှိုက်လှဲစွာကြိုဆိုပါ ကြောင်း အဆိုကို မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ယင်းနောက် အဂတိလိုက်စားမှုတိုက် ဖျက်ရေးကော်မရှင် အဖွဲ့ဝင်အဖြစ် ခန့်အပ် တာဝန်ပေးအပ်ပြီးဖြစ်သော ဦးဝင်းဇော်မိုးက ပြည်ထောင်စုလွှတ်တော် နာယက၏ ရှေ့မှောက်၌ ကတိသစ္စာ ပြုသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် နာယက က နိုင်ငံတော်သမ္မတထံမှ ပေးပို့ ထားသော ပြည်ထောင်စုအတိုင်ပင်ခံ ကောင်စီတွင် ကောင်စီဥက္ကဋ္ဌ ဦးစိုးဝင်း၊ အတွင်းရေးမှူး ဦးမောင်မောင်အေးနှင့် ကောင်စီဝင်များ၊ ပြည်ထောင်စုရာထူးဝန် အဖွဲ့ဥက္ကဋ္ဌ ဦးတင်မောင်ဝင်းနှင့် အဖွဲ့ဝင် များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်းနှင့် ကောင်စီဝင်များ အား ခန့်အပ်တာဝန်ပေးအပ်ခြင်းတို့ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြပြီး မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က နိုင်ငံတော်သမ္မတထံမှ ပေးပို့ ထားသော တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များ၊ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ ဦးသစ် လင်းအုန်းနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စု ဝန်ကြီးဌာနများတွင် ဒုတိယဝန်ကြီးများ နှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံး ဒုတိယ ရှေ့နေချုပ် ဒေါက်တာထိန်လင်းဦးတို့အား ခန့်အပ်တာဝန်ပေးခြင်းတို့ကို ပြည်ထောင်စု လွှတ်တော်သို့တင်ပြပြီး မှတ်တမ်းတင် ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက က နိုင်ငံတော်သမ္မတထံမှ ပေးပို့ ထားသော ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ဒုတိယစာရင်းစစ်ချုပ် ဒေါ်ခိုင်ခိုင်အောင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တရား လွှတ်တော် တရားသူကြီးချုပ်များအား ခန့်အပ်တာဝန်ပေးခြင်းတို့ကို ပြည်ထောင်စု လွှတ်တော်သို့တင်ပြပြီး မှတ်တမ်းတင် ကြောင်း ကြေညာသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတရုံး၏ ဥပဒေကဲ့သို့ အာဏာတည်သော အမိန့် အမှတ် (၁/၂၀၂၆) အရေးပေါ် အခြေအနေ ကြေညာခြင်းနှင့် အမိန့်အမှတ်(၂/၂၀၂၆) စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ပြန်ခြင်း အဆိုနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက တာဝန်ပေးအပ်သော ဥပဒေရေးရာဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာ သီတာဦးက ယခုအခါ ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်း ချက်များနှင့်အညီ အဆင့်ဆင့်ဆောင်ရွက် ပြီး ရွေးကောက်ပွဲများကျင်းပ၍ ဒီမို ကရေစီနည်းလမ်းကျ ရွေးကောက်တင် မြှောက်သော လွှတ်တော်အသီးသီးနှင့် အစိုးရတစ်ရပ် ပေါ်ပေါက်လာပြီဖြစ် ကြောင်း၊ သို့သော်လည်း အချို့သောအရပ် ဒေသများတွင် တရားဥပဒေစိုးမိုးရေး၊ နယ်မြေတည်ငြိမ်အေးချမ်းမှု ရရှိရေး၊ အကြမ်းဖက်သောင်းကျန်းမှုများချုပ်ငြိမ်း ရေးတို့ကို ဆက်လက်ဆောင်ရွက်သွားရန် လိုအပ်လျက်ရှိကြောင်း။

ထို့ကြောင့် နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၂ ပုဒ်မခွဲ (က)အရ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံ ရေးကောင်စီနှင့်ညှိနှိုင်းပြီး ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်အမှတ် ၁/၂၀၂၆ ကို ထုတ်ပြန်၍ စုစုပေါင်း မြို့နယ် ၆၀ ကို ၂၀၂၆ ခုနှစ် ဧပြီ ၂၃ ရက်မှစ၍ ရက်ပေါင်း ၉၀ ထိ အတည်ဖြစ်သည့် အရေးပေါ် အခြေအနေကြေညာခဲ့ပါကြောင်း။

တစ်ဆက်တည်းမှာပင် နိုင်ငံတော် သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၃၊ ပုဒ်မခွဲ(ခ)အရ ရက်ပေါင်း ၉၀ ထိ အတည်ဖြစ်သည့် စစ်အုပ်ချုပ်ရေးအမိန့်ကို ၂၀၂၆ ခုနှစ် ဧပြီ ၂၃ ရက်တွင် ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ် ၂/၂၀၂၆ ဖြင့် ထုတ်ပြန်ခဲ့ပြီး ဥပဒေကဲ့သို့အာဏာ တည်သောအမိန့်အမှတ် ၁/၂၀၂၆ ဖြင့် အရေးပေါ်အခြေအနေကြေညာထားသည့် မြို့နယ်များတွင် အုပ်ချုပ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေးတို့ကို မူလအခြေအနေသို့ ပြန်လည်ရောက်ရှိစေခြင်းငှာ ထိုမြို့နယ် များ၏ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး တာဝန်များကိုဆောင်ရွက်ရန် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ကို အာဏာ အပ်နှင်းခဲ့ပါကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၁၂ ပုဒ်မခွဲ (ခ)တွင် နိုင်ငံတော်သမ္မတသည် ဥပဒေ ကဲ့သို့ အာဏာတည်သောအမိန့်ကို ရုပ်သိမ်းခြင်းမရှိလျှင် ယင်းအမိန့်ထုတ်ပြန် သည့်နေ့ရက်မှ ရက်ပေါင်း ၆၀ အတွင်း ကျင်းပသော အနီးကပ်ဆုံး ပြည်ထောင်စု လွှတ်တော်အစည်းအဝေးသို့ တင်ပြ၍ အတည်ပြုချက်ရယူရမည်ဟု ပြဋ္ဌာန်း ထားပါကြောင်း။

အဆိုပါပြဋ္ဌာန်းချက်နှင့်အညီ ဥပဒေ ကဲ့သို့ အာဏာတည်သော အမိန့်အမှတ် ၁/၂၀၂၆ နှင့် အမိန့်အမှတ် ၂/၂၀၂၆ တို့ကို ပြည်ထောင်စုလွှတ်တော်က အတည်ပြု ပေးနိုင်ပါရန်နှင့် အဆိုပါဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အတည်ဖြစ် ကြောင်း ထုတ်ပြန်ကြေညာထားသည့် ရက်ပေါင်း ၉၀ ကိုလည်း ခွင့်ပြုပေးနိုင်ပါရန် နိုင်ငံတော်သမ္မတ၏ကိုယ်စား အဆို တင်သွင်းသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က ယင်းအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စား လှယ်ရှိပါက ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ဒီဇယ်ဆီ HSD (500 ppm) အပေါ်ကျသင့်သည့် အထူးကုန်စည် ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ် ခွင့်ပြုနိုင်ရေးကိစ္စနှင့် စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးဟန်ဝင်းအောင်က ယခုကာလ တွင် အရှေ့အလယ်ပိုင်းဒေသပဋိပက္ခများ ကြောင့် အခြားဒေသတွင်းနိုင်ငံများ နည်းတူ နိုင်ငံတော်အစိုးရအနေဖြင့် အခြေခံစားသောက်ကုန်၊ ကုန်စည်ဈေး နှုန်းများ တည်ငြိမ်မှုရှိစေရေး ထိန်းညှိ ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် ကုန်စည်သယ်ယူပို့ဆောင်ရေး မော်တော်ယာဉ်များ၊ စိုက်ပျိုးရေးလုပ်ငန်း သုံး စက်၊ ယန္တရားများနှင့် ကုန်ထုတ် လုပ်ငန်းများ ဆောင်ရွက်ရာတွင် အများဆုံးအသုံးပြုသည့် ဒီဇယ်ဆီ HSD(500 ppm) အပေါ် ကောက်ခံခဲ့သည့် အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်း ခွန်တို့ကို ကင်းလွတ်ခွင့်ပြုနိုင်ရေး ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း။

ဒီဇယ်ဆီသည် နိုင်ငံတော်အတွင်း ကုန်စည်သယ်ယူပို့ဆောင်ရေးနှင့် ကုန် ထုတ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် အဓိကကျသည့် စွမ်းအင်အရင်းအမြစ် တစ်ခုဖြစ်သည့်အတွက် ဒီဇယ်ဆီ HSD (500 ppm) အပေါ် အခွန်ကင်းလွတ်ခွင့် ပြုခြင်းအားဖြင့် ပြည်သူလူထုအတွက် အခြေခံစားသောက်ကုန်နှင့် ကုန်စည် ဈေးနှုန်းများ တည်ငြိမ်မှုရှိစေသည့် အကျိုးကျေးဇူးများ ရရှိစေမည်ဖြစ်ပါ ကြောင်း၊ တစ်ဖက်တွင်လည်း နိုင်ငံတော် အနေဖြင့် ဒီဇယ်ဆီ HSD(500 ppm) အပေါ် အထူးကုန်စည်ခွန်နှင့် ကုန်သွယ် လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုခြင်းကြောင့် လျော့နည်းသွားမည့် အခွန်ငွေများကို လည်း ပြန်လည်ဖြည့်ဆည်းပေးနိုင်ရေး အတွက် အခွန်နှုန်းထားများ တိုးမြှင့်ခြင်း မပြုဘဲ အခွန်အခြေချဲ့ထွင်ခြင်းဖြင့် ရသင့်ရထိုက်သည့် အခွန်များကို ပိုမို ကောက်ခံရရှိအောင် ဆောင်ရွက်သွား မည်ဖြစ်ပါကြောင်း။

ဒီဇယ်ဆီ HSD (500ppm) အပေါ် ကောက်ခံသည့် အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြု နိုင်ရေးအတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရ အဖွဲ့အစည်းအဝေး အမှတ်စဉ်(၃/၂၀၂၆) ၏သဘောတူခွင့်ပြုချက်အရ ပြည်ထောင်စု လွှတ်တော်၏ အတည်ပြုချက်ရယူရန် တင်ပြရခြင်းဖြစ်ပါကြောင်း အဆို တင်သွင်းသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် နာယက က ဒီဇယ်ဆီ HSD (500 ppm) အပေါ် ကျသင့်သည့်အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြု နိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေး လိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိ ပါက ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ရုံးထံ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ပထမနေ့ကို ရပ်နားလိုက် ပြီး အစည်းအဝေး ဒုတိယနေ့ကို ဇွန် ၉ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ် ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**


## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | | | |
|---|---|---|---|---|
| ၁။ ကာကွယ်ရေးဝန်ကြီးဌာန | ၂။ ဥပဒေရေးရာဝန်ကြီးဌာန | ၃။ ပြန်ကြားရေးဝန်ကြီးဌာန | ၄။ Myawady Webportal | ၅။ Myanmar National Portal |
| (https://www.mod.gov.mm) | (https://www.mlis.gov.mm) | (https://www.moi.gov.mm) | (https://myawady.net.mm) | (https://myanmar.gov.mm) |


## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ လျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်း ဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

# တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင်၊ မြိတ်ခရိုင်အတွင်းရှိ ၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ၌ အသုံးပြုခဲ့သော မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)များ ထိန်းသိမ်းထားရှိမှုကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုး ကြည့်ရှုစစ်ဆေး



နေပြည်တော် ဇွန် ၄

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသန်းစိုးသည် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးအောင်လွင်ဦး၊ ဦးသန်းထွတ်သိန်းတို့နှင့် အတူ ယနေ့တွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင်၊ မြိတ်ခရိုင်အတွင်းရှိ ၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ၌ အသုံးပြုခဲ့သော မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)များ ထိန်းသိမ်းထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ MEVM မဲပေးစက်ဆိုင်ရာ ကြီးကြပ်မှုကော်မတီဝင်များနှင့်လည်းကောင်း၊ မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မဲပေးစက်ဆိုင်ရာကြီးကြပ်မှုကော်မတီမှ တာဝန်ရှိသူများနှင့်လည်းကောင်း သီးခြားစီ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ကျင်းပပြီးစီးခဲ့သည့် ရွေးကောက်ပွဲ အတွေ့အကြုံများအပေါ် အားနည်းချက်၊ အားသာချက်များကို သုံးသပ်ပြီး နောင်ကျင်းပမည့် ရွေးကောက်ပွဲများအတွက် ကြိုတင်ပြင်ဆင်ထားရန်လိုကြောင်း၊ ရွေးကောက်ပွဲကျင်းပရာတွင် မဲစာရင်းမှန်ကန်ရေးသည် အလွန်အရေးကြီးသည့်အတွက် သက်ဆိုင်ရာအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့ လစဉ်တိုက်ဆိုင်စစ်ဆေးရန် လိုအပ်ကြောင်းဖြင့် ဆွေးနွေးမှာကြားသည်။

ထို့နောက် MEVM မဲပေးစက်များ ထိန်းသိမ်းထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး မဲပေးစက်များသည် ကြီးကြပ်ကန့်သတ်ပစ္စည်းများဖြစ်၍ ထိခိုက်ပျက်စီးမှုမရှိစေရေး အီလက်ထရောနစ်မဲပေးစက် စစ်ဆေးထိန်းသိမ်းခြင်းဆိုင်ရာ လုပ်ငန်းလမ်းညွှန်ချက်အတိုင်း အလေးထားဆောင်ရွက်ရန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ရေဘေးအန္တရာယ်နှင့် ရေပြင်ရှာဖွေကယ်ဆယ်ရေးဇာတ်တိုက်လေ့ကျင့်မှု ပြုလုပ်

နေပြည်တော် ဇွန် ၄

ရေဘေးအန္တရာယ်နှင့် ရေပြင်ရှာဖွေကယ်ဆယ်ရေး ဇာတ်တိုက်လေ့ကျင့်မှုကို ယနေ့နံနက်ပိုင်းတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ကချင်စုရပ်ကွက်ရှိ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ နယ်မြေမီးသတ်ရေကင်းကြည့်စခန်း၌ ပြုလုပ်ရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့် တာဝန်ရှိသူများ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ရေပြင်ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ခင်းကျင်းပြသထားသော ရေပြင်ရှာဖွေကယ်ဆယ်ရေး ပစ္စည်းကိရိယာများကို လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများသည် ရေပြင်ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ၏ ရှာဖွေကယ်ဆယ်ရေး စက်လှေဖြင့် ကယ်ဆယ်ရေးသရုပ်ပြသခြင်း၊ LifeBouy အသုံးပြု၍ ကယ်ဆယ်ရေးသရုပ်ပြသခြင်းနှင့် ရှာဖွေကယ်ဆယ်ရေးစက်လှေများဖြင့် ချီတက်သရုပ်ပြသခြင်းတို့နှင့် ဇာတ်တိုက်သရုပ်ပြလေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များကို အသက်ကယ်အင်္ကျီ(Life Jacket)များနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)



ရေဘေးအန္တရာယ်နှင့် ရေပြင်ရှာဖွေကယ်ဆယ်ရေးဇာတ်တိုက်လေ့ကျင့်မှု ပြုလုပ်စဉ်။

# မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းသား၊ကျောင်းသူများအတွက် ကျောင်းဝတ်စုံ၊ ကျောင်းသုံးဗလာစာအုပ်၊ စာရေးကိရိယာများ ပထမအကြိမ် ချီးမြှင့်ပေးအပ်




နေပြည်တော် ဇွန် ၄

မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံ၊ ကျောင်းသုံးဗလာစာအုပ်၊ စာရေးကိရိယာများ ပထမအကြိမ်ချီးမြှင့်ပေးအပ်ခြင်းကို

မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေး ကျောင်းသားတစ်ဦးကို ကျောင်းဝတ်စုံ၊ ကျောင်းသုံးဗလာစာအုပ်များ၊ စာရေးကိရိယာများ ပေးအပ်ချီးမြှင့်စဉ်။

ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ ဗလမင်းထင်ခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသားမိဘများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် တက်ရောက် ပညာသင်ကြားနေသော ကျောင်းသား၊ ကျောင်းသူများ၊ တိုင်းစစ်ဌာနချုပ်ရှိ ပညာပါရမီဘော်ဒါဆောင်နှင့် အောင်စိုးမိုး(၁) စစ်မှုထမ်းဟောင်းအိမ်ရာတို့ရှိ ကျောင်းသား၊ကျောင်းသူများအတွက် ကျောင်းဝတ်စုံ၊ ကျောင်းသုံးဗလာစာအုပ်များ၊ စာရေးကိရိယာများနှင့် ဆရာ၊ ဆရာမများအတွက် ကျောင်းဝတ်စုံ ပိတ်စအဖြူ အစိမ်းတို့ကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက တက်ရောက်လာကြသည့် ဆရာ၊ ဆရာမများ၊ ကျောင်းသားမိဘများနှင့် ကျောင်းသား၊ ကျောင်းသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၅) သင်တန်းတွင် တက်ရောက်လျက်ရှိသည့် နိုင်ငံ့သားကောင်းများကို သွားရောက်တွေ့ဆုံအားပေး

နေပြည်တော် ဇွန် ၄

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့ရှိ နယ်မြေခံသင်တန်းကျောင်း၌ ဖွင့်လှစ်သင်ကြားလျက်ရှိသည့် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၅) သင်တန်းမှ နိုင်ငံ့သားကောင်း သင်တန်းသားများကို ယနေ့နံနက်ပိုင်းတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများက သွားရောက်တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်း သင်တန်းသားများကို အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက သင်တန်းသား အိပ်ဆောင်များနှင့် စားရိပ်သာတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းမှူးနှင့်တာဝန်ရှိသူများသည် သင်တန်းသားစားရိပ်သာ၌ သင်တန်းသားများနှင့်အတူ နေ့လယ်စာသုံးဆောင်ကြပြီး သင်တန်းသားများကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် သင်တန်းသားများ နေ့လယ်စာသုံးဆောင်နေမှုကို ကြည့်ရှုအားပေးစဉ်။



# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် ရှမ်းနီအမျိုးသားများညီညွတ်ရေးအဖွဲ့တို့ တွေ့ဆုံဆွေးနွေး



**နေပြည်တော် ဇွန် ၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဖော်ဆောင်ရာတွင် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရန်နှင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရန် အထူးလိုအပ်သည်ဟု ယုံကြည်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကြိုတင်ကန့်သတ်ချက်များမထားသည့် ဆွေးနွေးပွဲများ ပြုလုပ်နိုင်ရန် ကြေညာချက်အမှတ် ၁/၂၀၂၆ ဖြင့် ၂၀၂၆ ခုနှစ် ဧပြီ ၂၁ ရက်တွင် ကမ်းလှမ်းဖိတ်ခေါ်ထားရှိသည်။

ရှမ်းနီအမျိုးသားများညီညွတ်ရေးအဖွဲ့အနေဖြင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေး တည်ဆောက်မှုအတွက် ပူးပေါင်း ပါဝင်ဆွေးနွေးလိုသည့်အတွက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့်ရှမ်းနီအမျိုးသားများညီညွတ်ရေးအဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရွှေစံအိမ်ဟိုတယ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ ရှမ်းနီအမျိုးသားများ ညီညွတ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) စဝ်စိုင်းကမ်၊ ဗဟိုကော်မတီဝင် စဝ်ဆေကောင်းဆိုင်၊ တွဲဖက်အတွင်းရေးမှူး စဝ်ဆေဝမ်းဖှ၊ အလှည့်ကျဗဟိုကော်မတီဝင် စဝ်စိုင်းလင်းအောင်၊ ဗဟိုအကြံပေး စဝ်ဆေအိုက်စိုင်းဟန်တို့ပါဝင်သည့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က ရှမ်းနီအမျိုးသားများ ညီညွတ်ရေးအဖွဲ့သည် ဒေသတည်ငြိမ်ရေးကိစ္စရပ်များကို တပ်မတော်နှင့် ပူးပေါင်းဆောင်ရွက်နေပြီး ဒေသနေပြည်သူလူထုများ၏ လုံခြုံရေးကို ဆောင်ရွက်နေသည်ဟု သိရကြောင်း၊ ရှမ်းနီအမျိုးသားများ ညီညွတ်ရေးအဖွဲ့အနေဖြင့် နိုင်ငံရေး၊ ဒေသတည်ငြိမ်အေးချမ်းရေးအတွက် ဆက်လက်လုပ်ဆောင်မည်များကို ပွင့်ပွင့်လင်းလင်းဆွေးနွေးပေးစေလိုကြောင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို နှစ်ဖက်ညှိနှိုင်းပြီး လိုအပ်သည်များကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာသည့် ရှမ်းနီအမျိုးသားများ ညီညွတ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) စဝ်စိုင်းကမ်က အစိုးရသစ်ကာလ ရက် ၁၀၀ စီမံကိန်းတွင် ပါဝင်ဆွေးနွေးခွင့်ရသည့်အတွက် ဝမ်းသာပါကြောင်း၊ ဒေသတည်ငြိမ်အေးချမ်းရေးအတွက် တပ်မတော်နှင့်ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း၊ ဆက်လက်ပြီး နယ်မြေ ဖွံ့ဖြိုးရေးအတွက်လည်း တပ်မတော်နှင့်အတူ ပူးပေါင်းပါဝင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက ဒေသတည်ငြိမ်အေးချမ်းရေးနှင့်စပ်လျဉ်း၍ ဆက်လက်ဆောင်ရွက်မည့်အခြေအနေ၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ရှမ်းနီ (တိုင်းလျှန်၊ တိုင်းလိုင်) တိုင်းရင်းသားများနေထိုင်မှု၊ ဥပဒေနှင့်အညီ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရရှိလိုမှု၊ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးဆောင်ရွက်ရာ၌ ကြုံတွေ့ရသောလိုအပ်ချက်များ၊ နိုင်ငံတော်အစိုးရနှင့်အတူလက်တွဲပြီး ပြည်ထောင်စုအဝန်းအဝိုင်းအတွင်း အေးအတူပူအမျှနေထိုင်ရေး၊ နေရပ်စွန့်ခွာပြည်သူများကို လူသားချင်းစာနာထောက်ထားမှု အကူအညီပေးနိုင်ရေးနှင့် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုအခြေအနေများကို အပြန်အလှန်ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ဆက်လက်ပြီး ရှမ်းနီ(တိုင်းလျှန်၊ တိုင်းလိုင်) လူမျိုးများ၏ သမိုင်းကြောင်းအရ ပျံ့နှံ့နေထိုင်မှု၊ မှတ်ပုံတင်အရ လူမျိုးအမည်အသုံးအနှုန်း၊ ဒေသအသိအမှတ်ပြုလိုမှုတို့နှင့်ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လွှတ်တော်သို့ တင်ပြဆောင်ရွက်နိုင်မည့် အခြေအနေများကို အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီက အသေးစိတ် ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က ဆွေးနွေးချက်များမှ ရှေ့ဆက်လက် ဆောင်ရွက်သွားနိုင်မည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များကို ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ရှမ်းနီအမျိုးသားများ ညီညွတ်ရေးအဖွဲ့ ကိုယ်စားလှယ်ခေါင်းဆောင်ဒုတိယဥက္ကဋ္ဌ(၁) စဝ်ဆေစိုင်းကမ်က ကျေးဇူးတင်စကားပြောကြားပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က နိဂုံးချုပ် အမှာစကားပြောကြားကာ အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်၍ ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---



❍ လမ်းပြုပြင်ခြင်းလုပ်ငန်းမှ

ကချင်ပြည်နယ်အစိုးရအဖွဲ့မှ သိရသည်။

ထိုသို့ တိုးချဲ့ပြေးဆွဲနိုင်ရန် ပြည်နယ်အစိုးရအဖွဲ့သည် မြစ်ကြီးနား-မိုးကောင်း-မိုးညှင်း မီးရထားခရီးစဉ် တိုးချဲ့ပြေးဆွဲနိုင်ရေး၊ ရထားလမ်းဖွင့်လှစ်နိုင်ရေး လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက ပြုလုပ်ခဲ့သည်။

အဆိုပါလမ်းပိုင်း ဆောင်ရွက်ပြီးစီးပါက မိုးညှင်း-မြစ်ကြီးနား၊ မြစ်ကြီးနား-မိုးညှင်းရထားပြေးဆွဲနိုင်ရေး မြင်းကောင်ရေ ၁၃၀၀ အား စက်ခေါင်း၊ မြင်းကောင်ရေ ၂၀၀၀ အား စက်ခေါင်းများဖြင့် ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရပြီး လူစီးတွဲများကိုလည်း Auto Coupler တွဲဆိုင်းများဖြင့် ပြေးဆွဲသွားနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိကာ ရိုးရိုးတန်းလူစီးတွဲ လေးတွဲ၊ အထက်တန်းလူစီးတွဲ တစ်တွဲ၊ ကုန်တင်ဘရိတ်တွဲ တစ်တွဲ ပါဝင်သောတွဲဆိုင်းများဖြင့် ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုအခါ မိုးကောင်း-မိုးညှင်းလမ်းပိုင်း ရထားလမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရထားလမ်းမိုင် ၅၂ ဒသမ ၂၅ မိုင် ရှိသည့်အနက် လမ်းပိုင်းပြုပြင် ပြီးစီးမှု ၃၉ မိုင်၊ ရာခိုင်နှုန်းအားဖြင့် ၇၄ ဒသမ ၆၄ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ ရထားလမ်းပိုင်းအတွင်းရှိ ဘူတာ ရှစ်ဘူတာပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ထို့ပြင် ရထားလမ်းပိုင်းရှိ တံတားပြုပြင်မှုတွင် သံဘောင်ပြုပြင်ခြင်းလုပ်ငန်းကို ရာခိုင်နှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ပြီး တံတားရေလယ်တိုင်များ ပြုပြင်ခြင်းကို ဆက်လက်ဆောင်ရွက်လျက်ရှိကာ လာမည့်ဇူလိုင်လ ဒုတိယပတ်တွင် လမ်းပိုင်းပြုပြင်ခြင်းလုပ်ငန်းအားလုံး ဆောင်ရွက်ပြီးစီးနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကချင်ပြည်နယ်အတွင်း အကြမ်းဖက်အဖွဲ့အစည်းများက မီးရထားလမ်းများကို ဖျက်ဆီးမှုကြောင့် ရထားပြေးဆွဲခြင်းကို ၂၀၂၁ ခုနှစ် ဩဂုတ်လမှ စတင်ကာ ရပ်ဆိုင်းထားခဲ့ရသော်လည်း ပြည်နယ်အစိုးရအဖွဲ့၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် မြန်မာ့မီးရထားတို့ ပူးပေါင်း၍ ပြုပြင်ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁ ရက်တွင် မြစ်ကြီးနား-မိုးကောင်း မီးရထားလမ်းပိုင်း ခရီးမိုင် ၃၆ ဒသမ ၇၅ မိုင်ကို ပြန်လည်ပြေးဆွဲနိုင်ခဲ့ပြီး စတင်ပြေးဆွဲချိန်က RBE ကားရထားဖြင့်သာပြေးဆွဲခဲ့သော်လည်း ယခုအခါ ရထားစီးပြည်သူ များပြားလာသည့်အတွက် စက်ခေါင်း လူစီးတွဲ လေးတွဲ၊ ဘရိတ်တွဲ တစ်တွဲဖြင့် ပြေးဆွဲပေးလျက်ရှိကြောင်း မြန်မာ့မီးရထားမှ သတင်းရရှိသည်။ ပြည်နယ်(ပြန်/ဆက်)

---

## ယာဉ်အို၊ ယာဉ်ဟောင်းများ ပယ်ဖျက်ရေးနှင့် အစားထိုးလျှပ်စစ်သုံးယာဉ်များတင်သွင်းရေး အသိပေးကြေညာချက်

မော်တော်ယာဉ်များထုတ်လုပ်ခဲ့သည့်ခုနှစ်ကြာမြင့်ပြီး အိုမင်းဟောင်းနွမ်းသောမော်တော်ယာဉ်များသည် စက်သုံးဆီပိုမိုသုံးစွဲရခြင်းကြောင့် ပြည်သူ့ဘဏ္ဍာငွေများ လေလွင့်မှုဖြစ်ခြင်း၊ ယာဉ်များ၏ကြံ့ခိုင်မှုအားနည်းခြင်းသည် ယာဉ်မတော်တဆမှုများဖြစ်ပေါ်ခြင်း၊ ယာဉ်မှပိုမိုထွက်သောမီးခိုးငွေ့များသည် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးစေခြင်းတို့ကို ဖြစ်ပေါ်စေသောကြောင့် ထုတ်လုပ်သည့်ခုနှစ်မှ သက်တမ်းနှစ် ၂၀ ကျော်လွန်ယာဉ်များ၊ မော်တော်ယာဉ်ကို အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်ရန် ပြင်ဆင်၍မရနိုင်သည့်ယာဉ်များနှင့် ထုတ်လုပ်သည့်ခုနှစ်မှ သက်တမ်းနှစ် ၂၀ မကျော်သော်လည်း မိမိဆန္ဒအရအပ်နှံလိုသည့် ယာဉ်များကို အပ်နှံယာဉ်၏တန်ဖိုးနှင့်အညီ လျှပ်စစ်သုံးယာဉ်(EV)ယာဉ်များကို အစားထိုးလဲလှယ်နိုင်ရေး ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

ယာဉ်အို၊ယာဉ်ဟောင်းအပ်နှံမှုအတွက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနကထုတ်ပေးသည့် ဖျက်သိမ်းယာဉ် ထောက်ခံချက်ပုံစံ(ဃ)တင်ပြပါက အပ်နှံသည့်ယာဉ်အမျိုးအစားအလိုက် သင့်လျော်သော လျှပ်စစ်သုံးယာဉ်(EV)တစ်စီးကို အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့်ဆက်စပ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီကစိစစ်၍ အစားထိုးတင်သွင်းခွင့်ပြုမည်ဖြစ်ပြီး ကျသင့်မည့် နိုင်ငံခြားငွေများကိုလည်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်က သင့်တင့်သောဈေးနှုန်းဖြင့် ရောင်းချပေးသွားမည်ဖြစ်ပါသည်။

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

---

**လျှပ်စစ်မီတာခ သက်သာဖို့ LED ပစ္စည်း သုံးကြစို့။**

# အစိုးရဓမ္မာစရိယစာမေးပွဲ အထူးအောင်ပုဂ္ဂိုလ်များစာရင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဇွန် ၄

သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနကကြီးမှူး၍ ကျင်းပပြီးစီးခဲ့သော ၁၃၈၇ ခုနှစ် (၂၀၂၆ ခုနှစ်)၊ အစိုးရဓမ္မာစရိယစာမေးပွဲတွင် သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် လူပုဂ္ဂိုလ်များ ဝင်ရောက်ဖြေဆိုကြရာ ကျမ်းရင်း သုံးကျမ်းအောင်(ကျမ်းပြီး) (၇၁၉)ပါး/ဦး၊ နှစ်ကျမ်းအောင် (၅၁၈) ပါး/ဦး၊ တစ်ကျမ်းအောင် (၅၂၈) ပါး/ဦး၊ မြန်မာဂုဏ်ထူးကျမ်းအောင် (၇) ပါး၊ စုစုပေါင်း (၁၇၇၂) ပါး/ဦး အောင်မြင်ကြသည်။

စုစုပေါင်းဖြေဆိုသူ (၁၆၄၄၄)ပါး/ဦးအနက် အောင်မြင်သူ(၁၇၇၂)ပါး/ဦးဖြစ်၍ ၁၀ ဒသမ ၇၈ ရာခိုင်နှုန်း အောင်မြင်ကြသည်။

၁၃၈၇ ခုနှစ် (၂၀၂၆ ခုနှစ်)၊ အစိုးရဓမ္မာစရိယစာမေးပွဲတွင် သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအနက် ဓမ္မာစရိယသုံးကျမ်းအောင် (ပထမ၊ ဒုတိယ၊ တတိယ) ရရှိခဲ့ကြသော အထူးအောင် ပုဂ္ဂိုလ်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်သည်။

| စဉ် | ဂုဏ်ထူး | ခုံအမှတ် | ဘွဲ့တော် | ကျောင်းတိုက်နှင့်တည်နေရာ |
|---|---|---|---|---|
| ၁။ | ပထမ (အဂ္ဂမဟာကျော်) | ၀ခ-၄၅၄ | အရှင်ပညာသာရ ၉/အမဇ(သ)၀၀၄၅၈၀ | ဓမ္မပါကဋ္ဌကျောင်း၊ မစိုးရိမ်တိုက်သစ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂။ | ဒုတိယ | ၀ခ-၂၀ | အရှင်ပညာသိရီ လင်္ကာရ ၉/အမရ(သ)၀၀၆၁၇၆ | ဓမ္မာဓိပတိကျောင်း မစိုးရိမ်တိုက်သစ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၃။ | တတိယ | ၀ဂ-၂၃ | အရှင်နရပတိလင်္ကာရ ၉/အမရ(သ)၀၀၆၁၁၀ | မဟာဂန္ဓာရုံကျောင်းတိုက်၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |

၁၃၈၇ ခုနှစ် (၂၀၂၆ ခုနှစ်) အစိုးရဓမ္မာစရိယစာမေးပွဲ အောင်စာရင်းအပြည့်အစုံကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ Website www.mahana.org.mm ၊ သာသနာရေးဝန်ကြီးဌာန Website www.mora.gov.mm နှင့် သာသနာရေးဦးစီးဌာန Website www.dra.gov.mm တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း သိရသည်။

(သတင်းစဉ်)




## အသိပေးကြေညာချက်

အမှတ်(၂) ယာဉ်ထိန်းရဲတပ်ဖွဲ့မှူးရုံး(ရန်ကုန်)ရှိ Online Complain Centre(OCC) သို့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဖောက်ဖျက်ကျူးလွန်သည့်ယာဉ်များကို Viber ဖုန်းနံပါတ်(၀၉ ၇၇၇၄၃၆၂၃၂) သို့ မှတ်တမ်းဓာတ်ပုံပေးပို့တိုင်တန်းမည်ဆိုပါက နေ့ရက်၊ အချိန်၊ နေရာ၊ နံပါတ်၊ ပြစ်မှုထင်ရှားသည့် မှတ်တမ်းဓာတ်ပုံ၊ ဗီဒီယိုများနှင့် အတူ ပေးပို့တိုင်ကြားပါက အရေးယူဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ မိမိယာဉ်ကို သက်တမ်းတိုးမည်ဆိုပါက ပြစ်မှုကင်းရှင်းကြောင်း သက်သေခံအထောက်အထား စာရွက်စာတမ်းကို ပုဇွန်တောင်မြို့နယ် အမှတ်(၂)ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူးရုံး မှုသေးစစ်ဌာနတွင်လည်းကောင်း၊ မြင်သာ၊ အင်းစိန်၊ ဒဂုံတောင်၊ ရွာသာကြီး (ဒဂုံအရှေ့)၊ သန်လျင်ရှိ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန One Stop Service များတွင်လည်းကောင်း ထုတ်ယူရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ**

# ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦး ရော့စ်ကွန်ဂရက်စ်ငွေကြေးရန်ပုံငွေအဖွဲ့ ညွှန်ကြားရေးမှူး Mr. Alexander Sergeevich Shatirov ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



နေပြည်တော် ဇွန် ၄

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦးသည် ရော့စ်ကွန်ဂရက်စ်ငွေကြေးရန်ပုံငွေအဖွဲ့ ညွှန်ကြားရေးမှူး Mr. Alexander Sergeevich Shatirov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ ဒေသစံတော်ချိန် မွန်းလွဲပိုင်းတွင် စိန့်ပီတာစဘတ်မြို့ရှိ EXPOFORUM Convention and Exhibition Centre ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဓာတ်သတ္တုတူးဖော်ရေးကဏ္ဍနှင့် အခြားကဏ္ဍများ ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

(သတင်းစဉ်)

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ

❑ **တီးတိန်မြို့၊ ဖလမ်းမြို့မှ** တီးတိန်မြို့နယ် လမ်းဦးစီးဌာနမှ လက်ထောက်အင်ဂျင်နီယာ ဦးဆောင်သောအဖွဲ့က အသေးစိတ်တိုင်းတာစိစစ်နေမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

အလားတူ ချင်းပြည်နယ်လမ်းဦးစီးဌာနနှင့် အဆောက်အအုံအထူးအဖွဲ့တို့မှ လက်ထောက်အင်ဂျင်နီယာ ဦးဆောင်သောအဖွဲ့သည် ဖလမ်းမြို့ အမှတ် (၃) အခြေခံပညာ အထက်တန်းကျောင်းရှိ ကျောင်းဆောင်များ ပျက်စီးနေမှုအခြေအနေကို အသေးစိတ်တိုင်းတာစိစစ်ခဲ့ကြကြောင်း သတင်းရရှိသည်။။

ခရိုင်(ပြန်/ဆက်)

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)ရရှိသူ လိုက်နာရမည့်စည်းကမ်းချက်များ

(က) ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း လယ်ယာမြေကို လုပ်ကိုင်ရမည်။

(ခ) လယ်ယာမြေနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ စည်းကြပ်သောမြေခွန်နှင့် အခြားအခွန်အခများကို ပေးဆောင်ရမည်။

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းတို့ကို ဆောင်ရွက်သည့်အခါ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က သတ်မှတ်သည့်တန်ဖိုးနှင့်အညီ တည်ဆဲဥပဒေအရ သတ်မှတ်သော တံဆိပ်ခေါင်းခွန်နှင့် ဦးစီးဌာနက သတ်မှတ်သည့် စာချုပ်စာတမ်းမှတ်ပုံတင်ခတို့ကိုပေးဆောင်၍ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(ဃ) တည်ဆဲဥပဒေနှင့်အညီ အမွေဆက်ခံခြင်းဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ကိုရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(င) စိုက်ပျိုးထုတ်လုပ်မှုအရင်းအနှီးအတွက်သာ လယ်ယာမြေလုပ်ပိုင်ခွင့်ကိုပေါင်နှံခွင့်ရှိပြီး အစိုးရဘဏ် သို့မဟုတ် အစိုးရက အသိအမှတ်ပြုသောဘဏ်တွင်သာ ပေါင်နှံရမည်။

(စ) လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းသုံးစွဲခြင်းမပြုရ။

(ဆ) လယ်ယာမြေကို ရာသီသီးနှံအမျိုးအစားမှ အခြားသီးနှံအမျိုးအစားသို့ ခွင့်ပြုချက်မရှိဘဲ ပြောင်းလဲစိုက်ပျိုးခြင်းမပြုရ။

(ဇ) ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ လယ်ယာမြေကို လှပ်ထားခြင်းမပြုရ။ သို့ရာတွင် လယ်ယာမြေကို လှပ်ထားရန် အကြောင်းတစ်စုံတစ်ရာပေါ်ပေါက်ပါက မြေတည်ရှိရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှတစ်ဆင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်။ ယင်းသို့လှပ်ထားခြင်းသည်လည်း ရွှေပြောင်းတောင်ယာမြေမှအပ နှစ်နှစ်ဆက်တိုက်ထက် မပိုစေရ။

(ဈ) လယ်ယာမြေလုပ်ပိုင်ခွင့်မရမီကာလအတွင်း သို့မဟုတ် လယ်ယာမြေလုပ်ပိုင်ခွင့်နှင့်စပ်လျဉ်း၍ အငြင်းပွားမှုဖြစ်ပေါ်နေသောကာလအတွင်း လယ်ယာမြေကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ပေးကမ်းခြင်းမပြုရ။

ထို့ပြင် လယ်ယာမြေနှင့်စပ်လျဉ်း၍ သက်ဆိုင်သူမည်သူမဆို သက်ဆိုင်ရာလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်က ဥပဒေနှင့်အညီ ချမှတ်ထားသောအမိန့်ကို လိုက်နာရမည်။

(လယ်ယာမြေဥပဒေပုဒ်မ ၁၂၊၁၃)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ရရှိသူ၏ အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကိုအားလုံးဖြစ်စေ၊တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အားသတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့်စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းမရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများနှင့်လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင်နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပါဝင်သောအဖွဲ့အစည်းနှင့်ပူးပေါင်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေပုဒ်မ ၉)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

# နှစ်နိုင်ငံချစ်ကြည်ရေးမှသည် အနာဂတ်အကျိုးတူဖွံ့ဖြိုးရေးဆီသို့

သက်လွင်(PPIB)

(ဇွန် ၃ ရက်နေ့မှအဆက်)

ယခုအခါ နိုင်ငံတော်သမ္မတကြီး ဦးမင်းအောင်လှိုင်၏ အိန္ဒိယနိုင်ငံသို့ တရားဝင်ခရီးစဉ် အတွင်း အိန္ဒိယနိုင်ငံရဲ့ ခေါင်းဆောင်များဖြစ်ကြတဲ့ အိန္ဒိယနိုင်ငံဝန်ကြီးချုပ်နဲ့ အိန္ဒိယနိုင်ငံသမ္မတတို့ကို တွေ့ဆုံပြီး နှစ်နိုင်ငံတွေ့ဆုံပွဲတွေကို အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုတွေ့ဆုံမှု တွေမှာ အဓိကအားဖြင့် နှစ်နိုင်ငံအကြားချစ်ကြည် ရင်းနှီးမှုနဲ့ ပူးပေါင်းဆောင်ရွက်မှုကဏ္ဍတွေ အပါအဝင်ကဏ္ဍပေါင်းစုံကို ဆွေးနွေးနိုင်ခဲ့ပါတယ်။ အိန္ဒိယနိုင်ငံက စီးပွားရေးလုပ်ငန်းရှင်များနဲ့လည်း တွေ့ဆုံဆွေးနွေးပြီးရင်းနှီးမြှုပ်နှံမှုနဲ့ ကုန်သွယ်မှု လုပ်ငန်းတွေတိုးတက်အောင်ဆောင်ရွက်ဖို့ဆွေးနွေး နိုင်ခဲ့ပါတယ်။

ဒီလို ကုန်သွယ်မှုလုပ်ငန်းတွေတိုးတက်ဖို့ လုပ်ဆောင်တဲ့အခါမှာ တစ်နိုင်ငံနဲ့ တစ်နိုင်ငံအကြား ငွေပေးချေမှုစနစ်ဟာလည်း အင်မတန်အရေးပါတဲ့ အခန်းကဏ္ဍကနေပါရှိပါတယ်။ ကျွန်တော်တို့မြန်မာ နိုင်ငံအနေနဲ့ အိန္ဒိယနိုင်ငံနဲ့ ကုန်သွယ်မှုလုပ်ငန်းတွေ တိုးတက်စေဖို့ဆောင်ရွက်တဲ့နေရာမှာ တိုက်ရိုက် ပေးချေဆောင်ရွက်နိုင်ဖို့ ရူပီး - ကျပ် ကုန်သွယ်မှုငွေ ပေးချေမှုစနစ် (Rupee Kyat Trade Settlement Mechanism) ကို ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလမှာ စတင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါတယ်။

ကုန်သွယ်မှုလုပ်ငန်းနဲ့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း တွေဆောင်ရွက်ရာမှာ ဘဏ်လုပ်ငန်းစနစ်ဟာလည်း အင်မတန်အရေးပါတဲ့ အခန်းကဏ္ဍကပါဝင်ပါတယ်။ ဒါကြောင့် နိုင်ငံတော်သမ္မတကြီးဟာ အိန္ဒိယနိုင်ငံကို တရားဝင်ခရီးစဉ် ရောက်ရှိနေစဉ်အတွင်းမှာ အိန္ဒိယ နိုင်ငံ၊ Reserve Bank of India ရဲ့ ဥက္ကဋ္ဌနဲ့ တွေ့ဆုံ ဆွေးနွေးခဲ့ပြီး နှစ်နိုင်ငံအကြား ကုန်သွယ်မှုလုပ်ငန်း တွေမှာ ငွေပေးချေမှုများ ပိုမိုမြန်ဆန်ချောမွေ့စေရေး အတွက် နှစ်နိုင်ငံဘဏ်လုပ်ငန်းများ ပူးပေါင်းဆောင် ရွက်သွားမယ့်ကိစ္စရပ်တွေ၊ ကုန်သွယ်မှုလုပ်ငန်းများ အတွက် ရူပီးနဲ့ ကျပ်ငွေ တိုက်ရိုက်ပေးချေနိုင်ရေး ဆောင်ရွက်လျက်ရှိတဲ့ အခြေအနေတွေနဲ့ အခြား ဘဏ်လုပ်ငန်းစနစ်တွေနဲ့ပတ်သက်ပြီး ကျယ်ကျယ် ပြန့်ပြန့်ဆွေးနွေးဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဒီလို ဆောင်ရွက်နိုင်ခဲ့မှုတွေကြောင့် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံရဲ့ အပြန်အလှန်ကုန်သွယ်မှုတွေနဲ့ ရင်းနှီး မြှုပ်နှံမှုဆိုင်ရာ လုပ်ငန်းရပ်တွေဟာ ယခင်ကထက် ပိုမိုမြန်ဆန်ချောမွေ့လာမှာပဲဖြစ်ပါတယ်။

ဒီနောက်မှာတော့ နိုင်ငံတော်သမ္မတကြီး ဦးမင်းအောင်လှိုင် ဦးဆောင်တဲ့ မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ဟာ နယူးဒေလီမြို့ Palam လေတပ်စခန်းဌာနချုပ်ကနေ အထူးလေယာဉ်နဲ့ နိုင်ငံနဲ့ အိန္ဒိယနိုင်ငံတို့အကြား ဆိပ်ကမ်းဆိုင်ရာ ကိစ္စရပ်များကို ပူးပေါင်းဆောင်ရွက်ပြီး ကုန်သွယ်မှု မြှင့်တင်ရေးလုပ်ငန်းတွေဆောင်ရွက်နိုင်မှု အခြေအနေ တွေနဲ့ အပြန်အလှန်ပူးပေါင်းဆောင်ရွက်နိုင်မယ့် ကိစ္စရပ်တွေ၊ ဆိပ်ကမ်းဆိုင်ရာ ပညာရပ်များကို မျှဝေပေးနိုင်မှုအခြေအနေတွေကို စိတ်ပါဝင်စားစွာ နဲ့ရှင်းလင်းတင်ပြခဲ့ကြပါတယ်။

ရှင်းလင်းတင်ပြမှုတွေအပေါ် နိုင်ငံတော် သမ္မတကြီးက ဆိပ်ကမ်းကိုလာရောက် လေ့လာခဲ့ရ တဲ့ရည်ရွယ်ချက်တွေ၊ မြန်မာနိုင်ငံနဲ့ အိန္ဒိယနိုင်ငံ အကြားကုန်သွယ်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု တွေ မြှင့်တင်နိုင်ဖို့အတွက် မြန်မာနိုင်ငံမှာရှိတဲ့ ဆိပ်ကမ်းတွေကို အဆင့်မြှင့်တင်နိုင်ဖို့ လိုအပ်မှုတွေ၊ မြန်မာနိုင်ငံက ဆိပ်ကမ်းတွေ အဆင့်မြှင့်တင်နိုင်ဖို့ အတွက် အိန္ဒိယနိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်သွား မယ့်အခြေအနေတွေကို စိတ်ပါဝင်စားစွာနဲ့ ပြန်လည် ဆွေးနွေးပြောကြားခဲ့ပါတယ်။ အစည်းအဝေးခန်းမ မှာ ရှင်းလင်းပြောကြားမှုတွေပြီးတဲ့ အချိန်မှာတော့ မွမ်ဘိုင်းမြို့ကို ဆက်လက်ထွက်ခွာကြတဲ့အခါမှာ အိန္ဒိယအစိုးရအဖွဲ့ဝင်ဖြစ်သူ Minister of State for External Affairs Shri Kirti Vardhan Singh နဲ့ အိန္ဒိယအစိုးရအဖွဲ့က တာဝန်ရှိသူတွေ၊ သံရုံး၊ စစ်သံရုံး မိသားစုတွေက လေဆိပ်မှာ ပို့ဆောင်နှုတ်ဆက်ခဲ့ကြ ပါတယ်။ နိုင်ငံတော်သမ္မတကြီး စီးနင်းလိုက်ပါလာတဲ့ အထူးလေယာဉ်ဟာ မွန်းလွဲပိုင်းမှာ မွမ်ဘိုင်းမြို့ Chhatrapati Shivaji Maharaj အပြည်ပြည်ဆိုင်ရာ လေဆိပ်ကို ရောက်ရှိကြရာ မဟာရာရှ်ထရာ ပြည်နယ် အုပ်ချုပ်ရေးမှူး Shri. Jishnu Dev နဲ့ပြည်နယ်အစိုးရ အဖွဲ့တာဝန်ရှိသူတွေ၊ ကိုလ်ကတ္တားမြို့၊ မြန်မာ ကောင်စစ်ဝန်ချုပ်နဲ့ ဝန်ထမ်းမိသားစုတွေက လေဆိပ်မှာ ကြိုဆိုနှုတ်ဆက်ခဲ့ကြပါတယ်။

နိုင်ငံတော်သမ္မတကြီးဦးဆောင်တဲ့ မြန်မာ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဟာ ညနေပိုင်းမှာ မွမ်ဘိုင်းမြို့ရဲ့ အရှေ့ဘက်၊ နာဗာရှီဗာ ဒေသမှာရှိတဲ့ ဂျဝါဟာလာနေရူးဆိပ်ကမ်း(JNPA)ကို သွားရောက် လေ့လာခဲ့ပါတယ်။ နိုင်ငံတော်သမ္မတကြီးဦးဆောင် တဲ့မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ကို ဆိပ်ကမ်း အာဏာပိုင်အဖွဲ့ဥက္ကဋ္ဌနဲ့ တာဝန်ရှိသူတွေက ဆိပ်ကမ်းအစည်းအဝေးခန်းမမှာ ဆိပ်ကမ်းဆိုင်ရာ အချက်အလက်တွေနဲ့ ဆိပ်ကမ်းရဲ့ စွမ်းဆောင်နိုင်မှု အခြေအနေတွေကို Power Point တွေ၊ မှတ်တမ်း ဗီဒီယိုတွေနဲ့ ပြည့်ပြည့်စုံစုံ ရှင်းလင်းတင်ပြခဲ့ကြပါ တယ်၊ ဒီလိုရှင်းလင်းပြသတဲ့အချိန်မှာလည်း ဆိပ်ကမ်း ဥက္ကဋ္ဌနဲ့တာဝန်ရှိသူတွေက နိုင်ငံတော်သမ္မတကြီး ဦးဆောင်တဲ့ မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ ကို လှိုက်လှဲနွေးထွေးစွာနဲ့ ကြိုဆိုကြောင်း၊ မြန်မာ



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မွမ်ဘိုင်းမြို့ ဂျဝါဟာလာနေရူးဆိပ်ကမ်း(JNPA)အတွင်း ဇွန်လ ၂ ရက်နေ့က ကြည့်ရှုလေ့လာစဉ်။

နိုင်ငံတော်သမ္မတနဲ့အဖွဲ့ဝင်တွေဟာဂျဝါဟာလာနေရူး ဆိပ်ကမ်း(JNPA)အတွင်း လှည့်လည်ကြည့်ရှုခဲ့ကြ ပြီး နိုင်ငံတော်သမ္မတကြီးက တာဝန်ရှိသူတွေရဲ့ တင်ပြမှုအပေါ် သိရှိလိုတာတွေကို စိတ်ပါဝင်စား စွာနဲ့ ပြန်လည်မေးမြန်း ဆွေးနွေးပြောကြားခဲ့ပါ တယ်။

နိုင်ငံတော်သမ္မတကြီးဦးဆောင်တဲ့ မြန်မာ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ သွားရောက်လေ့လာ ခဲ့တဲ့ ဂျဝါဟာလာနေရူးဆိပ်ကမ်း(JNPA)ဟာ အိန္ဒိယ နိုင်ငံ၊ မဟာရာရှ်ထရာပြည်နယ်၊ မွမ်ဘိုင်းမြို့၏ အရှေ့ဘက်၊ နာဗာရှီဗာ ဒေသတွင်တည်ရှိပါတယ်။ ဆိပ်ကမ်းရဲ့ကုန်သွယ်နိုင်မှုက ကမ္ဘာ့အဆင့် (၂၃) နေရာမှာရှိပြီး အိန္ဒိယနိုင်ငံရှိ အဓိကကျတဲ့ ဆိပ်ကမ်း ၁၂ ခုအနက်မှ အဆင့် (၁) ရှိတဲ့ အဆင့်မီဆိပ်ကမ်းကြီး တစ်ခုဖြစ်ပါတယ်။ အိန္ဒိယတစ်နိုင်ငံလုံးရဲ့ ကွန်တိန်နာ သယ်ပို့မှု ၅၀ ရာခိုင်နှုန်းကို ယခုဆိပ်ကမ်းကနေ သယ်ယူပို့ဆောင်နေခြင်းဖြစ်ပါတယ်။ ယခုဆိပ်ကမ်း ကြီးဟာ အိန္ဒိယနိုင်ငံ၏ကုန်သွယ်မှုကို အကောင် အထည်ဖော်ရာမှာ အရေးကြီးတဲ့ အခန်းကဏ္ဍက ပါဝင်လျက်ရှိပြီး အရှေ့တောင်အာရှဒေသနဲ့ အဓိက ဆက်သွယ်ဆောင်ရွက်လျက်ရှိတဲ့ ဆိပ်ကမ်းကြီး တစ်ခုဖြစ်ပါတယ်။ ဒီလိုအဆင့်မီဆိပ်ကမ်းကြီး တစ်ခုကို သွားရောက်လေ့လာခွင့်ရခဲ့ခြင်းအားဖြင့် မိမိတို့မြန်မာနိုင်ငံအတွက် ကုန်သွယ်မှုကဏ္ဍ အတွက် လိုအပ်လျက်ရှိတဲ့ ဆိပ်ကမ်းများ ဖွံ့ဖြိုး တိုးတက်ရေးကို များစွာအထောက်အကူပြုစေနိုင် မှာပဲ ဖြစ်ပါတယ်။

ညပိုင်းမှာတော့ နိုင်ငံတော်သမ္မတဦးဆောင်တဲ့ မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ဟာ Maharashtra Lok Bhavan Mumbai (Governor's House) မှာ မဟာရာရှ်ထရာပြည်နယ်အုပ်ချုပ်ရေးမှူး က တည်ခင်းဧည့်ခံတဲ့ ဂုဏ်ပြုညစာစားပွဲကို တက်ရောက်ခဲ့ကြပါတယ်။ ညစာစားပွဲ မကျင်းပမီ မှာ နိုင်ငံတော်သမ္မတနဲ့ ပြည်နယ်အုပ်ချုပ်ရေးမှူးတို့ ဟာ သီးခြားတွေ့ဆုံပြီး နှစ်နိုင်ငံအကြား ချစ်ကြည် ရင်းနှီးမှုနဲ့

စာမျက်နှာ ၂၅ သို့




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာ-အိန္ဒိယ စီးပွားရေးဆွေးနွေးပွဲ (Myanmar-India Business Dialogue) သို့ ဇွန်လ ၃ ရက်နေ့က တက်ရောက်စဉ်။

**❝ နိုင်ငံတော်သမ္မတကြီးဟာ အိန္ဒိယနိုင်ငံကို တရားဝင်ခရီးစဉ် ရောက်ရှိနေစဉ် အတွင်းမှာ အိန္ဒိယနိုင်ငံ၊ Reserve Bank of India ရဲ့ ဥက္ကဋ္ဌနဲ့ တွေ့ဆုံ ဆွေးနွေးခဲ့ပြီး နှစ်နိုင်ငံအကြား ကုန်သွယ်မှုလုပ်ငန်းတွေမှာ ငွေပေးချေမှုများ ပိုမိုမြန်ဆန်ချောမွေ့စေရေးအတွက် နှစ်နိုင်ငံဘဏ်လုပ်ငန်းများ ပူးပေါင်း ဆောင်ရွက်သွားမယ့်ကိစ္စရပ်တွေ၊ ကုန်သွယ်မှုလုပ်ငန်းများအတွက် ရူပီးနဲ့ ကျပ်ငွေ တိုက်ရိုက်ပေးချေနိုင်ရေးဆောင်ရွက်လျက်ရှိတဲ့ အခြေအနေတွေနဲ့ အခြားဘဏ်လုပ်ငန်းစနစ်တွေနဲ့ပတ်သက်ပြီး ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေး ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဒီလို ဆောင်ရွက်နိုင်ခဲ့မှုတွေကြောင့် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံရဲ့ အပြန်အလှန်ကုန်သွယ်မှုတွေနဲ့ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ငန်းရပ် တွေဟာ ယခင်ကထက် ပိုမိုမြန်ဆန်ချောမွေ့လာမှာပဲဖြစ် ❞**

စာမျက်နှာ ၂၄ မှအဆက်

ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်လျက်ရှိတဲ့ အခြေအနေတွေ၊ နှစ်နိုင်ငံပြည်သူတွေအကြား ကူးလူးဆက်ဆံမှုများရှိတဲ့ အခြေအနေတွေနဲ့ နှစ်နိုင်ငံအကြား ယခုထက်ပိုမို ပူးပေါင်းဆောင်ရွက်သွားမယ့်အခြေအနေတွေကို ရင်းရင်းနှီးနှီးနဲ့ ဆွေးနွေးနိုင်ခဲ့ပါတယ်။

ဆွေးနွေးပွဲပြီးတဲ့အချိန်မှာတော့ နိုင်ငံတော်သမ္မတကြီးနဲ့ ပြည်နယ်အုပ်ချုပ်ရေးမှူးတို့ဟာ ဂုဏ်ပြုညစာစားပွဲနဲ့ တည်ခင်းဧည့်ခံမယ့်နေရာကို ရောက်ရှိချိန်မှာ ပြည်နယ်ဂုဏ်ပြုတီးဝိုင်းအဖွဲ့က နှစ်နိုင်ငံ နိုင်ငံတော်သီချင်းတွေကို ဂုဏ်ပြုတီးမှုတ်ခဲ့ကြပါတယ်။ ဂုဏ်ပြုညစာသုံးဆောင်နေစဉ်မှာလည်း ပြည်နယ်ဂုဏ်ပြုတပ်ဖွဲ့က နှစ်နိုင်ငံ တေးသီချင်းတွေကို တီးမှုတ်ဖျော်ဖြေခဲ့ကြပါတယ်။ ဒီလိုနှစ်နိုင်ငံ နိုင်ငံတော်သီချင်းနဲ့ နှစ်နိုင်ငံ တေးသီချင်းတွေ ဂုဏ်ပြုတီးမှုတ်ခဲ့ကြတာကို ကြည့်ခြင်းအားဖြင့် မိမိတို့သမ္မတကြီး ဦးဆောင်တဲ့ မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ရဲ့ ခရီးစဉ်အပေါ်မှာ အိန္ဒိယနိုင်ငံရဲ့ အလေးအနက်ထားမှုတွေကို ထင်ဟပ်စေပါတယ်။

နောက်တစ်နေ့မှာတော့ နိုင်ငံတော်သမ္မတဟာ မွမ်ဘိုင်းမြို့ The Taj Mahal Palace ဟိုတယ်မှာ ကျင်းပပြုလုပ်တဲ့ မြန်မာ-အိန္ဒိယ စီးပွားရေးဆွေးနွေးပွဲ (Myanmar-India Business Dialogue)ကို တက်ရောက်ပြီး အဖွင့်အမှာစကားပြောကြားကာ အိန္ဒိယနိုင်ငံစီးပွားရေးလုပ်ငန်းရှင်တွေနဲ့ အပြန်အလှန်ဆွေးနွေးခဲ့ပါတယ်။

နိုင်ငံတော်သမ္မတကြီးက အဖွင့်အမှာစကားပြောကြားရာမှာ နှစ်နိုင်ငံကုန်းမြေနှင့် ရေကြောင်းနယ်နိမိတ်များ ထိစပ်နေသည့်အပြင် ယခုအချိန်သည် စီးပွားရေး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများမှတစ်ဆင့် နှစ်နိုင်ငံအကြားပူးပေါင်းဆောင်ရွက်မှုကို အရှိန်မြှင့်တင်ရန် အကောင်းဆုံးအချိန်လည်းဖြစ်ကြောင်း၊ ယခုခရီးစဉ်သည် အိန္ဒိယနိုင်ငံ၏ အရှေ့ထိတွေ့ဆက်ဆံမှု (Act East Policy) နှင့် အိမ်နီးချင်းဦးစားပေးမူဝါဒ(Neighborhood First Policy) တို့အရ မြန်မာနိုင်ငံနှင့် စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်မှု၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု၊ တန်ဖိုးကွင်းဆက်(Supply Chain) များကို မြှင့်တင်ပေးနိုင်မည့် မဟာဗျူဟာကျသည့် မောင်းနှင်အားတစ်ရပ်ဖြစ်သည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ယခုအခါ မြန်မာနိုင်ငံတွင် ရွေးကောက်ပွဲကိုအောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီး ဒီမိုကရေစီအရတည်ဆောက်ခဲ့သည့် အစိုးရတစ်ရပ်ပေါ်ပေါက်လာပြီဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံရေးအရတည်ငြိမ်မှုရှိလာသည့် မြန်မာနိုင်ငံအနေဖြင့် အိန္ဒိယနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မည်ဆိုပါက အဆွေတော်တို့အတွက် အခွင့်အလမ်းများစွာ ရှိလာမည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် နိုင်ငံတော်သမ္မတအဖြစ် တာဝန်ယူပြီးချိန်တွင် စီးပွားရေးနှင့် ကုန်သွယ်မှုများ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ရန်အတွက် အိန္ဒိယနိုင်ငံသို့ ပထမဆုံးလာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့လာရောက်စဉ်အတွင်း အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Shri Narendra Modi နှင့် အိန္ဒိယသမ္မတနိုင်ငံသမ္မတ H.E. Smt. Droupadi Murmu တို့နှင့် တွေ့ဆုံခဲ့သကဲ့သို့ နယူးဒေလီမြို့တွင် မြန်မာ-အိန္ဒိယ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဆွေးနွေးပွဲကို ကျင်းပပြီး နှစ်နိုင်ငံစီးပွားရေးဆိုင်ရာ မြှင့်တင်နိုင်ရေးအတွက် ဆောင်ရွက်နိုင်ခဲ့ကာ သဘောတူညီချက်များလည်းရရှိခဲ့ကြောင်း၊ ယခုကဲ့သို့ အခြေအနေများအရ အိန္ဒိယနိုင်ငံမှ တာဝန်ရှိသူများအနေဖြင့် မြန်မာနိုင်ငံနှင့် ယုံကြည်စိတ်ချစွာဖြင့် ပူးပေါင်းဆောင်ရွက်နိုင်သည်ကို ပြောကြားလိုကြောင်းနှင့် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာများမှာ ပူးပေါင်းဆောင်ရွက်နိုင်တဲ့ ကိစ္စရပ်များကို အကျယ်တဝင့်ဆွေးနွေးပြောကြားခဲ့ပါတယ်။



ဇွန် ၃ ရက်က အိန္ဒိယနိုင်ငံမှပြန်လည်ရောက်ရှိလာသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ဒေသခံပြည်သူများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အလံနှင့် အိန္ဒိယသမ္မတနိုင်ငံအလံတို့ကို ကိုင်ဆောင်ဝေ့ယမ်းကာ သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုနှုတ်ဆက်ကြစဉ်။

အိန္ဒိယနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များကလည်း မြန်မာနိုင်ငံသို့လာရောက်ပြီး နည်းပညာကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ ဇီဝစွမ်းအင် (Bio Energy) ထုတ်လုပ်မှုလုပ်ငန်းတွင် ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍ၊ သတ္တုတူးဖော်ရေးကဏ္ဍ၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် စက်ပစ္စည်းကိရိယာများနှင့် ဓာတ်မြေဩဇာများထုတ်လုပ်ရေးကဏ္ဍတို့နှင့်ပတ်သက်ပြီး ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်ရေး ဆွေးနွေးတင်ပြကြပါတယ်။ ဆွေးနွေးတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတကြီးက လိုအပ်တာတွေကို ဖြည့်စွက်ဆွေးနွေးခဲ့ပါတယ်။

အဲဒီနောက်မှာတော့ နိုင်ငံတော်သမ္မတကြီးနဲ့ အဖွဲ့ဝင်တွေဟာ မွမ်ဘိုင်းမြို့ရဲ့ သမိုင်းဝင်အထင်ကရနေရာဖြစ်တဲ့ Gateway of India, Mumbai သို့ သွားရောက်ကြည့်ရှုလေ့လာခဲ့ကြပြီး ထိုမှတစ်ဆင့် Chhatrapati Shivaji Maharaj အပြည်ပြည်ဆိုင်ရာလေဆိပ်အတွင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေတွေကို သွားရောက်လေ့လာခဲ့ကြပါတယ်။

နိုင်ငံတော်သမ္မတကြီး ဦးဆောင်တဲ့ မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဟာ ညနေပိုင်းမှာ မွမ်ဘိုင်းမြို့ Chhatrapati Shivaji Maharaj အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြန်လည်ထွက်ခွာကြတဲ့အခါ မဟာရာရှ်ထရာပြည်နယ် အစိုးရအဖွဲ့ဝန်ကြီး H.E. Sawant နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်တွေ၊ အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးဇော်ဦး၊ ကိုလ်ကတ္တားမြို့ မြန်မာကောင်စစ်ဝန်ချုပ်နှင့် တာဝန်ရှိသူတွေက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ခဲ့ကြပါတယ်။

နိုင်ငံတော်သမ္မတကြီး ဦးမင်းအောင်လှိုင် ဦးဆောင်တဲ့ မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ လိုက်ပါလာတဲ့ အထူးလေယာဉ် နေပြည်တော်လေဆိပ်သို့ မရောက်ရှိမီ လာရောက်ကြိုဆိုနေကြတဲ့ ပြည်သူလူထု ဧည့်ပရိသတ်အပေါင်းတို့ဟာလည်း လေဆိပ်တစ်ခွင် နေရာယူလျက်ရှိနေကြပါတယ်။ နိုင်ငံတော်သမ္မတကြီး ဦးဆောင်တဲ့ မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အနေနဲ့ နိုင်ငံတော်အကျိုးစီးပွားကို တစိုက်မတ်မတ်ဦးတည်ပြီး ခရီးစဉ်အတွင်း အိန္ဒိယသမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား စိုက်ပျိုးရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ ကုန်သွယ်ရေးကဏ္ဍ၊ ပညာသင်ကြားမှုမြှင့်တင်ရေးဆိုင်ရာကိစ္စ၊ ခရီးသွားကဏ္ဍများ တိုးမြှင့်ရေးဆိုင်ရာကိစ္စများမှာ ပြည်သူအချင်းချင်း၊ လုပ်ငန်းရှင်တွေအချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်မယ့် အခွင့်အလမ်းတွေ ပေါ်ပေါက်လာစေရေး ကြိုးပမ်းအားထုတ်ဆောင်ရွက်နိုင်ခဲ့လို့လည်း ပြည်သူလူထုက အခုလို အိမ်အပြန်ခရီးမှာ သောင်းသောင်းဖြဖြနဲ့ နွေးထွေးစွာ ကြိုဆိုနေကြတာ ဖြစ်ပါတယ်။

လေယာဉ်ဆိုက်ရောက်လာတာနဲ့ တစ်ပြိုင်တည်း အိန္ဒိယရိုးရာယဉ်ကျေးမှုအဖွဲ့တွေ၊ တိုင်းရင်းသား တိုင်းရင်းသူ သားငယ် သမီးငယ်များ၊ ဘင်ခရာ၊ ပန်းဖွားအကအဖွဲ့များ၊ ရိုးရာအကအလှအဖွဲ့များက အပြုံးပန်းဝေဆာစွာနဲ့ ကြိုဆိုကြပါပြီ။ အိမ်အပြန်ခရီးဟာ သာယာချောမွေ့စွာနဲ့ ကောင်းခြင်းအပေါင်းကို ဆောင်ကြဉ်းပေးနိုင်ခဲ့ပါပြီ။

နိုင်ငံတော်သမ္မတကြီးအနေနဲ့ ယခုအိန္ဒိယနိုင်ငံခရီးစဉ်ဟာဆိုရင် သမ္မတ တာဝန်ထမ်းဆောင်ချိန်မှာ ပထမဆုံးပြည်ပခရီးစဉ်လည်း ဖြစ်ပါတယ်။ ခရီးစဉ်တစ်လျှောက်လုံးမှာဆိုရင်လည်း သမ္မတကြီးအနေနဲ့ အိန္ဒိယနိုင်ငံသမ္မတနဲ့ တွေ့ဆုံဆွေးနွေးခြင်း၊ ဝန်ကြီးချုပ်နဲ့တွေ့ဆုံ၍ နှစ်နိုင်ငံဆွေးနွေးပွဲများ ကျင်းပခြင်းတို့ကိုဆောင်ရွက်ခဲ့ပြီး အိန္ဒိယအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်အကြီးအကဲများနှင့် စီးပွားရေးအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များကိုလည်း လက်ခံတွေ့ဆုံနိုင်ခဲ့ကာ နိုင်ငံတော်နှင့် ပြည်သူတို့အတွက် အကျိုးဖြစ်ထွန်းစေနိုင်မယ့် ဆွေးနွေးချက်တွေကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ခရီးစဉ်နောက်ဆုံးနေ့ရဲ့ နေ့ရက်လေးဟာဆိုရင် ရာသီသဘာဝရဲ့ အေးချမ်းခြင်း၊ ကြိုဆိုနှုတ်ဆက်သူများရဲ့ ချစ်ကြည်နွေးထွေးခြင်း၊ ဘာသာသာသနာရဲ့ အေးချမ်းတည်ငြိမ်ခြင်းများနဲ့ နိုင်ငံတော်နဲ့ ပြည်သူလူထုတို့အတွက် ကောင်းခြင်းအပေါင်းကို ဆောင်ကြဉ်းပေးနိုင်ခဲ့ပြီဖြစ်ပြီး နိုင်ငံတော်သမ္မတကြီး ဦးဆောင်တဲ့ အစိုးရအဖွဲ့အနေနဲ့ နိုင်ငံတော်ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များကို ဆတက်ထမ်းပိုးဆောင်ရွက်နိုင်ပါရန် ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး စည်ပင်သာယာဝပြောပါစေကြောင်း၊ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ ချစ်ကြည်ရေးမှသည် အနာဂတ်အကျိုးတူဖွံ့ဖြိုးရေးဆီသို့ ဆောင်ကြဉ်းပေးနိုင်ပါစေကြောင်း ဆုတောင်းဖော်ပြရင်း စာဖတ်သူအပေါင်းကို နှုတ်ခွန်းဆက်သလိုက်ရပါတယ်။ ။



# မြန်မာနိုင်ငံနှင့် ဥရောပအာရှ စီးပွားရေးကော်မရှင်တို့အကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပူးတွဲလုပ်ငန်းအဖွဲ့၏ ပူးတွဲဥက္ကဋ္ဌများ အစည်းအဝေးကျင်းပ

နေပြည်တော် ဇွန် ၄

မြန်မာနိုင်ငံနှင့် ဥရောပအာရှစီးပွားရေးကော်မရှင်တို့အကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာပူးတွဲလုပ်ငန်းအဖွဲ့၏ ပူးတွဲဥက္ကဋ္ဌများအစည်းအဝေးကို ယနေ့တွင် ကျင်းပရာ ပူးတွဲဥက္ကဋ္ဌများဖြစ်ကြသည့် အမျိုးသားစီမံကိန်း၊ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုးနှင့်ဥရောပအာရှစီးပွားရေးကော်မရှင်မေခရို(အကြီးစား) စီးပွားရေးနှင့်ပေါင်းစည်းရေးဝန်ကြီး Mr. Danilar Imanaliev တို့ကဦးဆောင်၍ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပူးတွဲလုပ်ငန်းအဖွဲ့၏ တတိယအကြိမ်အစည်းအဝေးကျင်းပရေး၊ အာဆီယံမူဘောင်အတွင်း ပူးပေါင်းဆောင်ရွက်မှု ဖွံ့ဖြိုးတိုးတက်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့သည်။

အစည်းအဝေးသို့ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ဥရောပအာရှစီးပွားရေးကော်မရှင်မေခရို (အကြီးစား) စီးပွားရေးနှင့် ပေါင်းစည်းရေးဝန်ကြီး Mr. Danilar Imanaliev၊ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် ဥရောပအာရှစီးပွားရေးကော်မရှင်မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ ကျင်းပ



မန္တလေး ဇွန် ၄

တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် အောင်မြေသာစံမြို့နယ်ရှိ တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးတရားသူကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၁၁ ဦး မေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်း ၁၅ ခုကို သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားကြပြီး မန္တလေးတိုင်းဒေသကြီးလွှတ်တော် ကော်မတီ ငါးခု၏ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ ပြောင်းလဲ၊ ဖြည့်စွက်တာဝန်ပေးအပ်ရန် အမည်စာရင်းများနှင့် ပတ်သက်၍ လွှတ်တော်၏သဘောထားကိုရယူအတည်ပြုကြသည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ရပ်နားလိုက်ကြောင်းနှင့် အစည်းအဝေး တတိယနေ့ကို ဇွန် ၅ ရက် နံနက်ပိုင်းတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ မြင့်မော်ထွန်း(ပြန်/ဆက်)

# တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များ နေပြည်တော်ရှိ အထင်ကရနေရာများ သွားရောက်လေ့လာ

နေပြည်တော် ဇွန် ၄

တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များ၊ အုပ်ချုပ်သူများနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အထင်ကရနေရာများကို သွားရောက်လေ့လာကြသည်။

ဦးစွာ ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြပြီး ဂန္ဓကုဋိတိုက်များ၊ ကျောက်စာရုံစေတီများနှင့် အခြားသာသနိကအဆောက်အအုံများကို ကြည့်ရှုလေ့လာကာ ရုပ်ပွားတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံရန် အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။



ထို့နောက် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပလျက်ရှိသည့် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့ကျင်းပနေမှုကို တက်ရောက်ကြည့်ရှု လေ့လာကြသည့်အပြင် ဧည့်ကြိုဆိုရေးအဆောင်အတွင်းရှိ မြန်မာ့ရိုးရာယဉ်ကျေးမှုအထိမ်းအမှတ် ယွန်းထည်ဆွမ်းအုပ်ကြီးနှင့် သစ်အမျိုးအစား ၈၂ မျိုး ပြသထားရှိမှုကိုလည်း လေ့လာကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် အဆောက်အအုံများ၊ အစည်းအဝေးခန်းမများနှင့် လွှတ်တော်ဆိုင်ရာ အထောက်အကူပြုနေရာများကို လှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လွှတ်တော်များ၏ လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်နှင့် လွှတ်တော်ရေးရာ ဗဟုသုတများကို ရှင်းလင်းပြောကြားသည်။

မွန်းလွဲပိုင်းတွင် လေ့လာရေးအဖွဲ့သည် ဇေယျာသီရိမြို့နယ်ရှိ သူရဲကောင်းဗိမာန် (နေပြည်တော်)ကို သွားရောက်ပြီး နိုင်ငံတော်အတွက် သက်စွန့်ကြိုးပမ်း တာဝန်ထမ်းဆောင်ရင်း အသက်ပေးလှူသွားခဲ့ကြသည့် သူရဲကောင်းစစ်သည်များကိုအလေးပြုကာ ဗိမာန်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ လေ့ခွင်းတောင်အပန်းဖြေစခန်းသို့ သွားရောက်လေ့လာကြကြောင်း သတင်းရရှိသည်။

မင်းကျော်စွာ

# ၄-၆-၂၀၂၆ တွင် နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၄၈ ~ ၃၆၆၉ | ၅၅၅.၃ ~ ၅၅၈.၇ | ၁၂၄.၉ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၂၀,၅၇၉,၄၆၀.၇၄ | ၁,၄၁၀,၉၈၀.၂၉ | ၁၅,၁၂၆,၂၄၇.၀၆ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ဆေးနှင့် ဆေးဝါး ကုန်ကြမ်းပစ္စည်းများ၊ စက်မှုကုန်ကြမ်း၊ ဓာတ်မြေသြဇာ၊ စားသုံးကုန်စည်၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ ကား၊ ဆိုင်ကယ်အပိုပစ္စည်း၊ အီလက်ထရောနစ်ပစ္စည်း၊ စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်း တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၂ ဒသမ ၉၁ သန်းကိုလည်းကောင်း၊ CMP ကဏ္ဍသို့ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၁ သန်းကိုလည်းကောင်း၊ LNG ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၃ ဒသမ ၀၀ သန်းကိုလည်းကောင်း၊ Non Trade ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၁၆၅၀ ကိုလည်းကောင်း ရောင်းချပေးခဲ့ပါသည်။

# ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ၃၃ ကေဗွီ လယ်ဝေးတပ်နယ်ဓာတ်အားလိုင်း ထိန်းသိမ်းပြုပြင်ရေးလုပ်ငန်း ဆောင်ရွက်

နေပြည်တော် ဇွန် ၄

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ဓာတ်အားပြတ်တောက်မှု လျော့နည်းစေရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး ဓာတ်အားလိုင်းများ တစ်လျှောက် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ၊ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ဓာတ်အားလိုင်းထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အတွက် ဇွန် ၅ ရက်နှင့် ၆ ရက်တွင် နံနက် ၈ နာရီခွဲမှ ညနေ ၆ နာရီထိ လယ်ဝေးတပ်နယ်ရှိ အရေးကြီးနေရာများတွင် ဓာတ်အား ယာယီပြတ်တောက်နေမည်ဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

## ၂၀၂၆ ခုနှစ် ဇွန် ၄ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၇၁၀၀၀၀၀ ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာလျှင် ၇၃၅၄ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဇွန် ၄

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှ စားအုန်းဆီထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဇွန် ၅ ရက်မှ ၁၁ ရက်ထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ၇၃၅၄ ကျပ်ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ် သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov. mm၊Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)




**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# မြစ်ကြီးနားမြို့ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဇွန် ၄**

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော် နယ်လှည့်ဆေးကုသရေးအဖွဲ့များက ဒေသအသီးသီးရှိ ဒေသခံတိုင်းရင်းသားပြည်သူများကို ၎င်းတို့၏ မြို့နယ်၊ ကျေးရွာများအရောက် သွားရောက်၍ လူမျိုး၊ ဘာသာမရွေး ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့သို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ ခေမာသီရိ ကျောင်းတိုက်၌အခြေပြု၍ အဆိုပါမြို့ပေါ်ရှိ သံဃာတော် အပါး ၃၀ တို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော သံဃာတော်များကို မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို မြစ်ကြီးနားတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး အဆိုပါကျောင်းတိုက်ရှိ သံဃာတော်များကို လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)



သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို မြစ်ကြီးနားတပ်နယ်မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

# ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် သုံးထပ်လူနေအဆောက်အအုံ သုံးလုံးကို စနစ်တကျထပ်မံဖြိုချဖျက်ဆီး

**နေပြည်တော် ဇွန် ၄**

အွန်လိုင်း လိမ်လည်လောင်းကစားမှုများကို အခြေချလုပ်ကိုင်ခဲ့ကြသည့် ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင် အဆောက်အအုံများအတွင်း အွန်လိုင်း လိမ်လည်လောင်းကစားမှုများ ထပ်မံကျူးလွန်ခြင်း မပြုနိုင်စေရေးအတွက် အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများနှင့် လုပ်ငန်းလုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့်ပစ္စည်းများ စနစ်တကျ ဖျက်ဆီးခြင်းများကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင်သုံးထပ်လူနေအဆောက်အအုံ သုံးလုံးကို ထပ်မံ၍ စနစ်တကျ ဖြိုချဖျက်ဆီးခဲ့ကြောင်း သိရသည်။

ရွှေကုက္ကိုလ် နယ်မြေအတွင်း၌ အွန်လိုင်း လိမ်လည်လောင်းကစား လုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံ ၇၇ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၇ လုံးနှင့် ဖောက်ခွဲဖျက်ဆီးမည့် အဆောက်အအုံ ၂၀ လုံးဟူ၍ အဆောက်အအုံ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဖြိုချဖျက်ဆီးလျက်ရှိကြောင်း သိရသည်။





ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလောင်းကစားလုပ်ငန်းလုပ်ကိုင်ခဲ့သည့် တရားမဝင် အဆောက်အအုံများ ဖြိုချဖျက်ဆီးမှုပြမြေပုံ။

ယနေ့တွင် ယာဉ်ယန္တရားဖြင့်ဖြိုချဖျက်ဆီးရန် သတ်မှတ်ထားသည့် အဆောက်အအုံ ၅၇ လုံးအနက် သုံးထပ်လူနေအဆောက်အအုံ သုံးလုံးကို ယာဉ်ယန္တရားများအသုံးပြု၍ စနစ်တကျ ထပ်မံဖြိုချဖျက်ဆီးခဲ့ရာ ယနေ့ထိ စုစုပေါင်း အဆောက်အအုံ ၃၃ လုံးကို စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖျက်ဆီးရန်ကျန်ရှိသည့် တရားမဝင် အဆောက်အအုံ ၄၄ လုံးကိုလည်း ဆက်လက်၍ စနစ်တကျဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်း လိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ်ခံယူ၍ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေ၌ အွန်လိုင်းလောင်းကစားလုပ်ငန်းများလုပ်ကိုင်ခဲ့သော အဆောက်အအုံများ မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီးစီးမှု မှတ်တမ်းဓာတ်ပုံ။





# PDF အမည်ခံ အကြမ်းဖက်သမားများက Drop Bomb ချ တိုက်ခိုက်မှုကြောင့် အေးချမ်းစွာပညာသင်ကြားလျက်ရှိသည့် ကျောင်းသားတစ်ဦး ဗုံးသီးစထိမှန် ဒဏ်ရာများရရှိ





ဗုံးသီးစထိမှန်၍ ဒဏ်ရာရရှိသည့် ကျောင်းသား ဆေးကုသမှုခံယူနေမှုကို တွေ့ရစဉ်။

**နေပြည်တော် ဇွန် ၄**

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ၏ အနာဂတ်ဖြစ်သည့် မျိုးဆက်သစ်ရင်သွေးငယ်များ၏ ပညာရေးတွင် နောက်ကျကျန်ရစ်မှုမဖြစ်ပေါ်စေရေးအတွက် ပညာသင်ကြားနိုင်မှုအခွင့်အလမ်းကို အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး စာသင်ကျောင်းများကို ဇွန် ၁ ရက်မှစတင်၍ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

သို့ရာတွင် PDF အမည်ခံအကြမ်းဖက်သမားများသည် အနာဂတ်ရင်သွေးငယ်များ၏ ပညာသင်ကြားသင်ယူခွင့် အခွင့်အလမ်းများပျက်ပြား၍ ပညာမဲ့လူတန်းစားများဖြစ်ပေါ်လာစေရန်နှင့် ၎င်းတို့ကို အကြောက်တရားဖြင့် ထောက်ခံအားပေးလာစေရန် ယုတ်မာရိုင်းစိုင်းသော ရည်ရွယ်ချက်များဖြင့် ကျောင်းသား၊ ဆရာ၊ မိဘများကို ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ပညာရေးဆိုင်ရာ အဆောက်အအုံများကို မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်း၊ အထောက်အကူပြုပစ္စည်းများနှင့် ကျောင်းသုံး ပုံနှိပ်စာအုပ်များ၊ ကျောင်းသုံးစာအုပ်များကို မီးရှို့ဖျက်ဆီးခြင်း၊ အတင်းအဓမ္မလုပ်ယူခြင်း စသည့် နည်းလမ်းမျိုးစုံအသုံးပြုကာ ပညာရေးကဏ္ဍမြင့်မားရေးကို နှောင့်ယှက်ဖျက်ဆီးလျက်ရှိသည်။

ထိုသို့ အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိသည့် PDF အမည်ခံအကြမ်းဖက်သမားများသည် ဇွန် ၃ ရက် မွန်းလွဲပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့၏ အရှေ့တောင်ဘက် မီတာ ၃၃၀၀ ခန့်အကွာမှနေ၍ Drone ယာဉ်နှစ်စင်းဖြင့် အမှတ်(၃)ရပ်ကွက် ရွှေအိုးကွင်းရပ်ရှိ အခြေခံပညာအထက်တန်းကျောင်း အနီးသို့ ဗုံးသီး လေးလုံးဖြင့် လာရောက်ပစ်ချတိုက်ခိုက်ခဲ့သဖြင့် စာသင်ကျောင်းအတွင်း အေးချမ်းစွာပညာသင်ကြားလျက်ရှိသည့် အဋ္ဌမတန်းကျောင်းသားတစ်ဦးဖြစ်သည့် မောင်သူရနိုင် အသက် ၁၄ နှစ် (ဘ)ဦးရန်နိုင်အေးတွင် ယာလက်မောင်း ဗုံးသီးစထိမှန်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ဗုံးသီးစထိမှန်၍ ဒဏ်ရာရရှိသူကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝက်လက်မြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ လိုအပ်သည့်ဆေးဝါးကုသမှုများ ခံယူစေလျက်ရှိသည်။

PDF အမည်ခံအကြမ်းဖက်သမားများ အနေဖြင့် ယခုကဲ့သို့ စစ်ရေးပစ်မှတ်နှင့် သက်ဆိုင်ခြင်း မရှိသည့်အပြင် နိုင်ငံတော်၏ အနာဂတ်ပန်းကလေးများ ပွင့်လန်းရာ စာသင်ကျောင်းနေရာသို့ အသိတရားကင်းမဲ့စွာဖြင့် Drop Bomb ချတိုက်ခိုက်သည့် အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်ခဲ့ခြင်းအတွက် ဒေသခံပြည်သူများ အနေဖြင့် ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် အကြမ်းဖက်မှုကျူးလွန်သူများကို အမြန်ဆုံးဖမ်းဆီးဖော်ထုတ်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူများနှင့် ပူးပေါင်း၍ စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

# ရုပ်ရှင်ရုံထဲက လက်ခုပ်သံ

**ဆူးသစ်**

လွန်ခဲ့တဲ့လက ကျွန်တော်ရယ်၊ ကျွန်တော့်ဇနီးရယ် အားလပ်ရက်တစ်ရက်မှာ စင်ကာပူက Jurong Point ဆိုတဲ့ Shopping Center မှာ ရုပ်ရှင်သွားကြည့်ခဲ့ကြတယ်။ ကျွန်တော့်အနေနဲ့ကတော့ စင်ကာပူရောက်ပြီး နှစ်နှစ်ပြည့်ခါနီးမှာ ပထမဆုံးအကြိမ် ရုပ်ရှင်ရုံကိုရောက်ဖူးတာပါပဲ။ ကျွန်တော့်ဇနီး အိမ်မှာ ပျင်းနေတာရယ်၊ ရုပ်ရှင်တွေက ကောင်းနေတာရယ်ကြောင့် စိတ်အပန်းဖြေတဲ့အနေနဲ့ သွားခဲ့ကြတာပါ။

တကယ်တော့ စင်ကာပူမှာ ရုပ်ရှင်ကြည့်ဖို့ဆိုတာ ကျွန်တော်တို့ မြန်မာတွေအနေနဲ့ တော်တော်စဉ်းစားယူရတဲ့ကိစ္စပါ။ လက်မှတ်တစ်စောင် စင်ကာပူဒေါ်လာတစ်ဆယ်လေ။ မြန်မာငွေနဲ့တွက်ရင် တစ်ဒေါ်လာကို ခုနစ်ရာပဲထားပါအုံး။ လက်မှတ်တစ်စောင် ခုနစ်ထောင်ဖြစ်နေပြီ။ ကျွန်တော်တို့ မြန်မာပြည်မှာဆိုရင် ရုပ်ရှင်ကိုနှစ်ယောက်ကြည့်လို့ရတဲ့အပြင် မုန့်ပါစားလို့ရနေပြီ။ ဒီတော့ လက်မှတ်နှစ်စောင်ဝယ်ကြည့်တဲ့ ကျွန်တော်တို့ လင်မယား တစ်ယောက်နဲ့တစ်ယောက် နောက်မိပါတယ်။

"နောက်နှစ်နှစ်လောက်နေမှ ရုပ်ရှင်တစ်ခါကြည့်ကြတာပေါ့"လို့။ ရုပ်ရှင်ရုံမှာ လက်မှတ်ဝယ်ပြီး မဝင်ခင် ကံစမ်းမဲဖောက်တဲ့စက်တွေရှိလို့ ဝင်စမ်းကြည့်တာ ဩစတြေးလျက ဟိုတယ်မှာ နှစ်ရက်စာ အလကား တည်းခိုခွင့်ရတဲ့ ကံစမ်းမဲပေါက်ပါတယ်။ သွားနိုင်ရင်ကောင်းပေမဲ့ ခုနစ်ရက်ခရီးမှာ ငါးရက်က ပိုက်ဆံပေးရမဲ့အပြင် လေယာဉ်ခပါကုန်မှ ဒီကံစမ်းမဲက အသုံးဝင်မှာမို့ သုံးမရတဲ့ ကံစမ်းမဲအဖြစ်သာ ထားလိုက်ရပါတော့တယ်။

ဒီလိုနဲ့ ရုပ်ရှင်ရုံထဲဝင်ပြီး ရုပ်ရှင်ကြည့်ဖြစ်ကြတယ်ဆိုပါတော့။ အမှန်ကတော့ သူတို့ဆီမှာ ရုပ်ရှင်ရုံတွေက အများကြီးပါ။ တစ်နေရာမှာကို လေးငါးကား တစ်ပြိုင်တည်းနဲ့ လေးငါးရုံပြနေတာပါ။ ငါးမိနစ်၊ ဆယ်မိနစ်စီ ခြားတာပဲရှိတယ်။ တချို့ကတော့ဇာတ်လမ်းအရအချိန်ကွာသွားတာပဲရှိတယ်။ ကျွန်တော်တို့ လင်မယားကတော့ ရုပ်ရှင်ရုံရောက်တဲ့ အနီးဆုံးကပ်လျက်အချိန်မှာ ရွေးလို့ရတဲ့ကားက ဂျက်ကီချန်းပါတဲ့ The Karate Kid ဖြစ်နေလို့ အဲဒီကားပဲ ရွေးကြည့်မိလိုက်ပါတယ်။

အဲဒီလို ရွေးကြည့်မိတာကနေ ဒီဆောင်းပါးရေးဖို့ ဖြစ်လာတာပါ။ ဇာတ်လမ်းအကျဉ်းကလေးကတော့ ဒီလိုပါ။

Dre Parker (ဒရေပါကား)ဆိုတဲ့ ဆယ့်နှစ်နှစ်အရွယ်ကောင်ကလေးဟာ သူ့အမေ Sherry Parker (ရှယ်ရီပါကား) အလုပ်ပြောင်းတဲ့ တရုတ်ပြည်ကို လိုက်သွားရတယ်။ ပီကင်းရောက်တော့ သူတို့လို နိုင်ငံခြားသားတွေပါ တက်လို့ရတဲ့ ကျောင်းမှာ သူ့အမေထားပေးလို့ ကျောင်းတက်ရတယ်ဆိုပါတော့။ သူတို့သားအမိက လူမည်းတွေပါ။

အဲဒီကျောင်းမှာက တရုတ်တွေနဲ့အတူ အခြားနိုင်ငံခြားသားတွေလဲ ရှိနေတယ်။ အဲဒီ ဒရေပါကားဆိုတဲ့ ကောင်ကလေးဟာ မမျှော်လင့်ဘဲ ပန်းခြံထဲမှာ တယောထိုးနေတဲ့ Mei Ying (မေရင်း)ဆိုတဲ့ ကောင်မကလေးကိုသွားတွေ့ပါရော။ ဒါပေမဲ့ အဲဒီကောင်မကလေးကိုကြိုက်နေတဲ့ မိဘချင်းလဲ ရင်းနှီးပြီးသားဖြစ်နေတဲ့ Cheng (ချန်)ဆိုတဲ့ ကောင်ကလေးက ရှိနေတော့ ဒရေကိုရန်ပြုပါလေရော။ ချန်က ကွန်ဖူးတော်တဲ့ ချာတိတ်ကလေးပေါ့။ ဒရေကတော့ သူ့အမေအလုပ်ပြောင်းလို့သာ ပါလာတာ ဘာသိုင်းမှ မတတ်ဘူး။

ဒီလိုနဲ့ ကျောင်းထဲမှာ ဒရေကို ချန်တို့အဖွဲ့က တွေ့တဲ့နေရာ လိုက်နှောင့်ယှက်၊ နှိပ်စက်တော့ ဒရေဟာ ချန်ကိုတွေ့ရင် ပုန်းနေရတဲ့အဆင့် ရောက်လေရော။ တစ်ခါတော့ မခံနိုင်တာနဲ့ ဒရေက ချန်တို့အဖွဲ့ကိုချောင်းပြီး ညစ်ပတ်တဲ့ရေတွေနဲ့ ပက်ပြီး ပြန်ထွက်ပြေးတာ ချန်နဲ့ သူ့သူငယ်ချင်းတွေက နောက်ကတောက်လျှောက်လိုက်တာပေါ့။

> **❖ လူကြီးပဲဖြစ်ဖြစ်၊ လူငယ်ပဲဖြစ်ဖြစ် ရှင်သန်နေရချိန်အတွင်းမှာ အမှန်တရားကို ချစ်မြတ်နိုးတတ်ပါစေ။ ကမ္ဘာပေါ်က ဘယ်နိုင်ငံမှာမဆို လူသားတိုင်းဟာ စစ်မှန်တဲ့အတွေးအခေါ်တွေနဲ့ အမှန်တရားကိုသာ တန်ဖိုးထားတတ်ကြတာပါပဲ။ အဲဒီ "စံ"ကနေ လွဲချော်သွားရင်တော့ နေရာတိုင်းမှာ မတရားတာတွေ၊ အမုန်းတွေ၊ ရန်ငြိုးတွေ၊ ပဋိပက္ခတွေဟာ ပြည့်နှက်နေတော့တာပါပဲ။ အမှန်တရားကို ချစ်မြတ်နိုးဖို့ဆိုရင် ချစ်တတ်တဲ့ နှလုံးသားနဲ့စစ်မှန်တဲ့ အတွေးအခေါ် ရှိဖို့ လိုအပ်ပါလိမ့်မယ်။ ❖**

နောက်ဆုံး ခြံတစ်ခြံထဲမှာ ပိတ်မိသွားတော့ ဒရေကို ချန်နဲ့ သူ့သူငယ်ချင်းတွေက ဝိုင်းပြီးထိုးကြကြိတ်ကြနဲ့ နောက်ဆုံး ဒရေတစ်ယောက်မြေပေါ်မှာ လဲသွားပါလေရော။

အဲဒီမှာ ချန်က ဒရေကို ထပ်ထိုးမယ်လုပ်တုန်း Mr. Han (မစ္စတာဟန်) (ဂျက်ကီချန်း) က ဝင်ကယ်လိုက်ပါတယ်။ ပြီးတော့ဒရေကို ဆေးကုပေးပြီး ချန်တို့ရှိတဲ့နေရာကို သွားတွေ့ပါတယ်။ ချန်ဟာ လက်ရှိမှာ ကွန်ဖူးသင်တန်းကျောင်းတစ်ကျောင်းမှာ တော်တော်ကို တတ်မြောက်နေတဲ့ သင်တန်းသားတစ်ယောက်ဖြစ်ပြီး သူတို့ရဲ့ ဆရာကတော့ "ပြိုင်ဘက်ကို ဘယ်တော့မှ မညှာတာရဘူး"လို့ လက်စွဲထားပြီး သင်တန်းပေးနေသူပေါ့။

ဒရေနဲ့ မစ္စတာဟန်တို့က ပြေငြိမ်းဖို့လာတဲ့ကိစ္စမှာ ချန်ရဲ့ဆရာကိုယ်တိုင်က လက်မခံဘဲ သူ့သင်တန်းထဲလာပြီးရင် သူနဲ့ပညာစမ်းပြီးမှ ပြန်ရမယ်လို့တောင် ပြောခဲ့တယ်။ ဒါပေမဲ့ မစ္စတာဟန်က ဒရေနဲ့ပဲ လာမဲ့ပြိုင်ပွဲကျရင် ကလေးချင်းပြိုင်ပါဆိုပြီး ကွန်ဖူးပြိုင်ပွဲအတွက် ဖိတ်ခေါ်ခဲ့တယ်။

ပြိုင်ပွဲမတိုင်ခင် မစ္စတာဟန်က ဒရေကို လေ့ကျင့်ပေးတယ်။ ဒရေဟာ မေရင်းနဲ့လဲ ဆက်ပြီးခင်ခွင့်ရတယ်။ ချန်တို့ဘက်ကိုလဲ မစ္စတာဟန်က ပြိုင်ပွဲမတိုင်ခင်ထိ ဒရေကို ဘာမှမလုပ်ရဘူးလို့ ကတိတောင်းထားတာကိုး။ မစ္စတာဟန်ဟာ တစ်ချိန်က ကွန်ဖူးကို တော်တော်ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်ထားသူပါ။ ဒီတော့ ဒရေကိုလဲ ကောင်းကောင်းသင်ပေးနိုင်ခဲ့တယ်။

ဒီလိုနဲ့ ပြိုင်ပွဲရောက်တော့ ဒရေကောချန်ပါ ဗိုလ်လုပွဲထိ တက်လာခဲ့တယ်။ တစ်ယောက်ကို နှစ်ပွဲစီနိုင်ပြီးတဲ့နောက် နောက်ဆုံးနိုင်သူက ချန်ပီယံပေါ့။ အဲဒီအချိန်မှာ ဒရေရဲ့ခြေထောက်ကိုချိုးဖို့ ချန်ရဲ့ဆရာက ချန့်ကိုပြောတယ်။ ချန်က ဒရေကို သူနိုင်တယ်။ ခြေထောက်ကို ဘာလို့ချိုးရမှာလဲဆိုတာ နားမလည်နိုင်ဘူး။ ဒါပေမဲ့ ဆရာက ပြိုင်ဘက်ကို မညှာရဘူးဆိုပြီးပြောတော့ ချန်ဟာ ဒရေကိုအကွက်ရတာနဲ့ ခြေထောက်ကို နာကျင်အောင်လုပ်လိုက်တယ်။ ဒရေတော်တော်နဲ့ ပြန်မထနိုင်တော့ဘူး။

ဒါပေမဲ့ နောက်ဆုံးမှာတော့ ဒရေပြန်ထလာတယ်။ ချန်တို့ အံ့ဩနေတုန်းမှာပဲ ဒရေဟာ တိုက်ကွက်တစ်ခုနဲ့ ချန်ကိုအနိုင်ယူပြီး ချန်ပီယံဖြစ်သွားတယ်။ အဲဒါထက် ပိုပြီးအံ့ဩစရာက ချန်နဲ့ သူ့သူငယ်ချင်းတွေက မစ္စတာဟန်ကို ဆရာလို့ခေါ်ပြီး တပည့်ခံလိုက်ကြတာပါပဲ။

ရုပ်ရှင်တွေရဲ့ ထုံးစံ၊ ဇာတ်လိုက်သာ အနိုင်ရလို့ ဘာများထူးလို့လဲလို့ မထင်လိုက်နဲ့အုံး။ အဓိကပြောချင်တာ ဇာတ်လမ်းမဟုတ်ပါဘူး။ ဒီဇာတ်ကားရဲ့ Climax (အထွတ်အထိပ်)လို့ဆိုရမဲ့ ပြိုင်ပွဲလုပ်တဲ့နေရာမှာ ကျွန်တော်ပြောစရာလေးရှိနေလို့ပါ။

ရှေ့မှာ ကျွန်တော်ပြောခဲ့ပြီးပါပြီ။ ကျွန်တော်တို့ကြည့်တာ စင်ကာပူက ရုပ်ရှင်ရုံလို့။ ဒီတော့ ပြောရမယ်ဆို မြန်မာ၊ အိန္ဒိယတို့ထက် စင်ကာပူ တရုတ်တွေက ပိုများတာပေါ့။ ပြနေတဲ့ဇာတ်ကားက တရုတ်ပေကျင်းမှာ ရိုက်ထားတဲ့ဇာတ်ကား။ တစ်ကားလုံးမှာ အမေရိကန်သားဆိုလို့ အဲဒီဒရေပါကားနဲ့ ရှယ်လီပါကားဆိုတဲ့ လူမည်းသားအမိပဲပါတယ်။

ကျန်တာက ဂျက်ကီချန်းကစလို့ အားလုံး တရုတ်လူမျိုးတွေချည်းပဲ။ ဒါပေမဲ့ တစ်ကားလုံး နှိပ်စက်ခံလာရတဲ့ ဒရေပါကားကလေးကို ကျွန်တော်အပါအဝင် ရုပ်ရှင်ကြည့်ပရိသတ်က သနားနေပြီ။

ပြိုင်ပွဲရောက်တော့ နှစ်ပွဲသရေဖြစ်နေချိန်၊ ခြေထောက်ချိုးခံရတဲ့ ဒရေပါကားကလေး နိုင်ပါ့မလားပေါ့။ ရုပ်ရှင်ရဲ့သဘောအရ သူနိုင်မှာပဲလို့ ကျိန်းသေသိပေမဲ့ စိုးရိမ်နေကြတာပဲ။ ဒါပေမဲ့ မထင်မှတ်ဘဲ လေထဲကနေ တစ်ပတ်ကျွမ်းပစ်ပြီး ကောင်းတဲ့ ခြေတစ်ဖက်နဲ့ ချန်ရဲ့ခေါင်းကို ကန်ချလိုက်တဲ့အခါမှာတော့ ရုပ်ရှင်ကြည့်ပရိသတ်ဟာ လက်ခုပ်တွေက တဖြောင်းဖြောင်း တီးကြတော့တာပါပဲ။

တရုတ်တွေ အများစုကြည့်နေတဲ့ ရုပ်ရှင်ရုံထဲက ရုပ်ရှင်ထဲမှာ အမေရိကန်လူငယ်လေးတစ်ဦးက တရုတ်လူငယ်လေးတစ်ဦးကို အနိုင်ယူပြီး အောင်ပွဲခံလိုက်တာ အဲဒီရုပ်ရှင်ရုံထဲက တရုတ်တွေက လက်ခုပ်တီးသတဲ့။ ဘာဖြစ်လို့ပါလဲ။

ရှင်းပါတယ်။ အမှန်တရားကို ချစ်မြတ်နိုးလို့ပါ။ တစ်ချိန်လုံး အနှိပ်စက်ခံလာရတဲ့ လူငယ်ကလေးတစ်ဦးဘက်ကနေ အမှန်တရားကို မြတ်နိုးသူတွေ ရပ်တည်ပေးချင်လို့ပါ။

အဲဒီအတွက်လဲ နောက်ဆုံးမှာ လူမည်းကလေးနိုင်လိုက်တော့ တစ်ပြိုင်တည်း လက်ခုပ်တီးမိတဲ့ထိ ပွင့်ထွက်အံ့ကျလာတော့တာပါပဲ။ အံ့ဩစရာပါ။ ကျွန်တော်တို့လင်မယား လက်ခုပ်မတီးမိပါဘူး။ ဇာတ်လိုက်နိုင်မှာသိပေမဲ့ နိုင်စေချင်စိတ်တော့ရှိတာပါပဲ။ စိတ်ထဲကတော့ စင်ကာပူကလူတွေက တောသားရုပ်ရှင်ကြည့်သလိုပါလားလို့တောင် တွေးမိသေးတယ်။ ဇာတ်လိုက်နိုင်တိုင်း လက်ခုပ်တီးရရင် ဆုံးမှာမှမဟုတ်တာ။

ဒါပေမဲ့ ဖျတ်ခနဲပြန်တွေးမိတဲ့အခါမှာတော့ ကျွန်တော့်စိတ်ထဲက သူတို့ကို ရှုတ်ချချင်သလိုဖြစ်နေတဲ့ စိတ်ကလေးက လေးစားချင်စိတ်ပြန်ဖြစ်သွားပါပြီ။ ကိုယ်နဲ့လူမျိုးတူတစ်ယောက် ရုပ်ရှင်ထဲမှာ ကျရှုံးတာကို အမှန်တရားကို မြတ်နိုးစိတ်နဲ့ စစ်မှန်စွာ လက်ခုပ်တီးအားပေးတာကိုး။ ဘယ်သူမဆို မတရားတာ၊ အနိုင်ကျင့်တာမျိုးကို မကြိုက်ဘဲ အမှန်တရားကိုပဲ ချစ်မြတ်နိုးပါလားဆိုတာ သူတို့က သက်သေပြလိုက်တာပဲလေ။

လူကြီးပဲဖြစ်ဖြစ်၊ လူငယ်ပဲဖြစ်ဖြစ် ရှင်သန်နေရချိန်အတွင်းမှာ အမှန်တရားကို ချစ်မြတ်နိုးတတ်ပါစေ။ ကမ္ဘာပေါ်က ဘယ်နိုင်ငံမှာမဆို လူသားတိုင်းဟာ စစ်မှန်တဲ့အတွေးအခေါ်တွေနဲ့ အမှန်တရားကိုသာ တန်ဖိုးထားတတ်ကြတာပါပဲ။ အဲဒီ "စံ"ကနေ လွဲချော်သွားရင်တော့ နေရာတိုင်းမှာ မတရားတာတွေ၊ အမုန်းတွေ၊ ရန်ငြိုးတွေ၊ ပဋိပက္ခတွေဟာ ပြည့်နှက်နေတော့တာပါပဲ။

အမှန်တရားကို ချစ်မြတ်နိုးဖို့ဆိုရင် ချစ်တတ်တဲ့ နှလုံးသားနဲ့စစ်မှန်တဲ့ အတွေးအခေါ်ရှိဖို့ လိုအပ်ပါလိမ့်မယ်။ ပြီးတော့ ငယ်ရွယ်နုပျိုစဉ်မှာ အမှန်တရားကို ပိုပြီးတော့ ချစ်တတ်ပါလိမ့်မယ်။ အရွယ်ရလာသူတွေကျတော့ စဉ်းစားစရာတွေများလာပြီး တွေဝေသွားတတ်ကြပါတယ်။ အမှန်တရားကို ချစ်ပေမဲ့ အဲဒီအတိုင်း လိုက်မလုပ်နိုင်ကြတော့ပါဘူး။

ရုပ်ရှင်ရုံထဲမှာ လက်ခုပ်တီးလိုက်ကြပေမဲ့ အပြင်မှာ အားနည်းတဲ့သူဘက်က ဝင်ကူမဲ့သူတွေလဲ နည်းလာကြပါပြီ။

လူငယ်ပဲဖြစ်ဖြစ်၊ လူကြီးပဲဖြစ်ဖြစ် အမှန်တရားကို ချစ်ရင်မျက်နှာထသစ်တဲ့ မနက်ဖြန်တိုင်း လှနေမှာပါ။ လူငယ်ဖြစ်တဲ့ သူတွေရဲ့ ရင်ထဲမှာလဲ အမှန်ကို အမှန်အတိုင်း မမြင်တဲ့လူတွေကို ရှောင်ကြဉ်လို့ အမှန်တရားကို ချစ်တတ်သူတွေနဲ့သာ လောကသစ်ကို ဖွင့်လှစ်နိုင်ပါစေ။

**(ဆူးသစ်၏ ၂၀၁၁ ခုနှစ်ထုတ် အဝေးရောက်ထွန်းတောက်မြန်မာနှင့် ညီလေးဖတ်ဖို့ရေးတဲ့စာအုပ်မှ ဖော်ပြပါသည်။)**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# ဗြိတိန်နိုင်ငံ၌ ၂၀၄၀ ပြည့်နှစ်အရောက်တွင် ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ ထုတ်လွှတ်မှု ၈၇ ရာခိုင်နှုန်းထိလျှော့ချနိုင်ရေး ဆောင်ရွက်သွားမည်



**လန်ဒန် ဇွန် ၄**

ဗြိတိန်နိုင်ငံ၌ ၂၀၄၀ ပြည့်နှစ်အရောက်တွင် ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ ထုတ်လွှတ်မှု ၈၇ ရာခိုင်နှုန်းထိ လျှော့ချနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအေဂျင်စီ(EPA)က ထုတ်ပြန်ခဲ့သည်ဟု ဇွန် ၃ ရက် သတင်းများတွင် ဖော်ပြထားသည်။

EPA အနေဖြင့် ဗြိတိန်နိုင်ငံအတွင်းဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ထုတ်လွှတ်မှုအနေဖြင့် ၈၇ ရာခိုင်နှုန်းထိ လျှော့ချနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရုပ်ကြွင်းလောင်စာ သုံးစွဲမှုကို အဓိက လျှော့ချသွားမည်ဖြစ်ပြီး ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍကို တိုးမြှင့်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း၊ အဆိုပါ ရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်ရေးမှာလည်း စွမ်းအင်ဝန်ကြီးဌာနက အဓိကကျသည့်အတွက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အေဂျင်စီနှင့် စွမ်းအင်ဝန်ကြီးဌာနတို့ ပူးပေါင်း ဆောင်ရွက် သွားရမည်ဖြစ်ကြောင်း EPA က ထုတ်ပြန်ခဲ့သည်။

"ဗြိတိန်နိုင်ငံအတွင်း ရုပ်ကြွင်းလောင်စာသုံးစွဲမှုနှုန်း မြင့်မားတဲ့အတွက် ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ထုတ်လွှတ်မှုတွေ မြင့်တက်နေပါတယ်။ မှတ်တမ်းတွေအရ ရုပ်ကြွင်းလောင်စာသုံးစွဲမှုပမာဏမြင့်မားတဲ့ ဒုတိယမြောက် ဆယ်စုနှစ်တစ်စုဖြစ်ပါတယ်။ ဒီပြဿနာကို ဖြေရှင်းနိုင်ဖို့က ရုပ်ကြွင်းလောင်စာသုံး မော်တော်ယာဉ်တွေ မောင်းနှင်သုံးစွဲမှုကို ကန့်သတ်ရမယ်။ ပြည်သူတွေအနေနဲ့လဲ ပူးပေါင်းပါဝင်ပေးမှ သတ်မှတ်ထားတဲ့ ရည်မှန်းချက်ကို အရောက်လှမ်းနိုင်မှာဖြစ်ပါတယ်"ဟု စွမ်းအင်ဝန်ကြီး မီလီဘန့်က ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# စပိန်နိုင်ငံတွင် ယခုနှစ် မေလက ပင်လယ်ရေမျက်နှာပြင်အပူချိန် အမြင့်ဆုံးသောလအဖြစ် မှတ်တမ်းဝင်

**မက်ဒရစ် ဇွန် ၄**

စပိန်နိုင်ငံတွင် ယခုနှစ် မေလအတွင်း အပူလှိုင်းဖြတ်သန်းမှုများကြောင့် ပင်လယ်ရေ မျက်နှာပြင်အပူချိန်သည် ၂၆ ဒီဂရီစင်တီဂရိတ်ထိ ရောက်ရှိခဲ့ကာ ပင်လယ်ရေမျက်နှာပြင်အပူချိန် အမြင့်ဆုံးသောလအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း စပိန်မိုးလေဝသအေဂျင်စီက ထုတ်ပြန်ခဲ့သည်ဟု ဇွန် ၃ ရက် သတင်းများအရ သိရသည်။

ပင်လယ်ရေမျက်နှာပြင် အပူချိန်မြင့်တက်မှုသည် အယ်နီညိုရာသီဥတုနှင့် ဆက်စပ်နေသည့်အတွက် သဘာဝဘေးအန္တရာယ်များကိုဖြစ်စေကြောင်း၊ စပိန်နိုင်ငံ၏ ပင်လယ်ရေအောက်ကြမ်းပြင်များ၌လည်း အပူချိန်မြင့်တက်နေပြီး ရေအောက်သတ္တဝါများအတွက်လည်း အန္တရာယ်ရှိသည့်အခြေအနေဖြစ်ကြောင်း၊ စပိန်နိုင်ငံအတွင်း ပင်လယ်ရေမျက်နှာပြင်အပူချိန်သည် ပုံမှန်အားဖြင့် ၁၈ ဒီဂရီစင်တီဂရိတ်မှ ၂၁ ဒီဂရီစင်တီဂရိတ်ထိရှိသဖြင့် ယခုနှစ် မေလသည် ပင်လယ်ရေမျက်နှာပြင် အပူချိန် အမြင့်ဆုံးဖြစ်ခဲ့ကြောင်း စပိန်မိုးလေဝသအေဂျင်စီ (AEM-ET) က ထုတ်ပြန်ခဲ့သည်။

"စပိန်နိုင်ငံအတွင်းမှာရှိတဲ့ ပင်လယ်ရေ မျက်နှာပြင်တွေမှာ အပူချိန်မြင့်တက်မှုတွေ ဖြစ်ပေါ်နေပါတယ်။ ဒီနှစ် မေလဟာ ပင်လယ်ရေမျက်နှာပြင်အပူချိန် အမြင့်ဆုံးဖြစ်ခဲ့ပါတယ်။ ဒီနှစ်မှာတော့ ပင်လယ်ရေမျက်နှာပြင် အပူချိန်မြင့်တက်မှုတွေ ဆက်တိုက်ဖြစ်ပေါ်လာနိုင်ပါတယ်။ ပင်လယ်ရေမျက်နှာပြင် အပူချိန်မြင့်တက်တာဟာ အယ်နီညိုရာသီဥတုနဲ့ ဆက်စပ်နေပြီး သဘာဝဘေးအန္တရာယ်အမျိုးမျိုးနဲ့ ရင်ဆိုင်သွားရနိုင်ပါတယ်"ဟု စပိန်မိုးလေဝသအေဂျင်စီ(AEMET)မှ ပြောရေးဆိုခွင့်ရှိသူ ဒယ်ကမ်ပိုက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# ဂျပန်နိုင်ငံ အိုကီနာဝါစီရင်စုတွင် တိုက်ခတ်ခဲ့သော အပူပိုင်းမုန်တိုင်းက ကျူးရှူးကျွန်းမြောက်ဘက်သို့ ဦးတည်ရွေ့လျားနေ

**တိုကျို ဇွန် ၄**

ဂျပန်နိုင်ငံ အိုကီနာဝါစီရင်စုတွင် ဇွန် ၂ ရက်က တိုက်ခတ်ခဲ့သော အပူပိုင်းမုန်တိုင်းသည် ဇွန် ၃ ရက်က ကျူးရှူးကျွန်းမြောက်ဘက်သို့ ဦးတည်ရွေ့လျားနေကြောင်း ဂျပန်မိုးလေဝသအေဂျင်စီ (JMA) က ထုတ်ပြန်ခဲ့သည်။

အဆိုပါ အပူပိုင်းမုန်တိုင်းသည် အိုကီနာဝါစီရင်စုကို ဇွန် ၂ ရက် ဒေသစံတော်ချိန် နံနက် ၇ နာရီက စတင်ဝင်ရောက် တိုက်ခတ်ခဲ့ခြင်းဖြစ်ပြီး လေတိုက်နှုန်း တစ်နာရီလျှင် ၂၅ ကီလိုမီတာခန့်ဖြင့် မြောက်ဘက်မှ အရှေ့မြောက်ဘက်သို့ ရွေ့လျားနေကြောင်း၊ မုန်တိုင်းနှင့်အတူ လေပြင်းတိုက်ခတ်မှုကြောင့် အိုကီနာဝါစီရင်စုတွင် လူ ၁၀ ဦးကျော် ဒဏ်ရာရရှိခဲ့ကြောင်း၊ ဇွန် ၃ ရက် နံနက်ပိုင်းက အဆိုပါအပူပိုင်းမုန်တိုင်းသည် ဂျပန်နိုင်ငံ၏ အနောက်တောင်ပိုင်းဒေသများကို ဖြတ်ကျော်ပြီးနောက် ကျူးရှူးကျွန်းအနီး ပင်လယ်ပြင်ဘက်သို့ ဆက်လက်ရွေ့လျားနေကြောင်း ဂျပန်မိုးလေဝသအေဂျင်စီ(JMA)က ထုတ်ပြန်ထားသည်။

မုန်တိုင်း၏ သက်ရောက်မှုကြောင့် ကျူးရှူး၊ ရှီကိုကူနှင့်ဟွန်ရှူးကျွန်း တောင်ပိုင်းဒေသများတွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီး ဒေသတချို့၌ တစ်နာရီလျှင် မိုးရေချိန် မီလီမီတာ ၅၀ ကျော် ရွာသွန်းခဲ့ကြောင်း၊ အချို့ဒေသများတွင် သစ်ပင်များလဲကျခြင်း၊ လျှပ်စစ်ဓာတ်တိုင်များ ထိခိုက်ပျက်စီးခြင်းနှင့် နေအိမ်များ အမိုးလန်ပျက်စီးခြင်းများဖြစ်ပွားခဲ့ပြီး လျှပ်စစ်ဓာတ်အားပြတ်တောက်မှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ဂျပန် အာဏာပိုင်များက မုန်တိုင်းအရှိန်ကြောင့် မြေပြိုမှု၊ ရေကြီးရေလျှံမှုနှင့် မြစ်ရေလျှံမှု အန္တရာယ်များ ဆက်လက်ရှိနေနိုင်သေးကြောင်း သတိပေးထားပြီး အထူးသဖြင့် တောင်တန်းဒေသများနှင့် မြေနိမ့်ပိုင်းဒေသများတွင် နေထိုင်သူများအနေဖြင့် မိုးလေဝသ သတိပေးချက်များကို အနီးကပ်စောင့်ကြည့်ကာ လိုအပ်ပါက ဘေးလွတ်ရာသို့ အမြန်ဆုံး ရွှေ့ပြောင်းကြရန် တိုက်တွန်းထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ



# တာဂျစ်ကစ္စတန်နှင့် တရုတ်နိုင်ငံတို့က ဂေဟစနစ်နှင့် ရေအရင်းအမြစ်စီမံခန့်ခွဲရေး လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရန်စီစဉ်နေ

**ဒူရှန်ဘီ ဇွန် ၄**

တာဂျစ်ကစ္စတန်နှင့် တရုတ်နိုင်ငံတို့သည် ဂေဟစနစ်နှင့် ရေအရင်းအမြစ်စီမံခန့်ခွဲရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရန် စီစဉ်နေကြောင်း တာဂျစ်ကစ္စတန်နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်ဟု ဇွန် ၃ ရက် သတင်းများအရ သိရသည်။

တာဂျစ်ကစ္စတန်နိုင်ငံခြားရေး ဝန်ကြီး ဆီရိုဂျစ်ဒင်မူရစ်ဒင်၏ ပြောကြားချက်အရ နှစ်နိုင်ငံကြား ရေအရင်းအမြစ် ထိန်းသိမ်းရေး၊ ရေခဲမြစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် စိမ်းလန်းသော စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပူးတွဲစီမံကိန်းများကို အကောင်အထည်ဖော်လျက်ရှိပြီး ဂေဟစနစ်နှင့် ရေအရင်းအမြစ်စီမံခန့်ခွဲရေး လုပ်ငန်းများတွင်လည်း ထပ်မံပူးပေါင်းဆောင်ရွက်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

အထူးသဖြင့်ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုများကြောင့် ဗဟိုအာရှဒေသရှိ ရေခဲမြစ်များ အရည်ပျော်နှုန်း မြင့်တက်လာနေခြင်းကို နှစ်နိုင်ငံစလုံးက စိုးရိမ်လျက်ရှိကြောင်း၊ ထို့ကြောင့် ရေခဲမြစ်များကို စောင့်ကြည့်လေ့လာခြင်း၊ ရေအရင်းအမြစ်များကို ရေရှည်တည်တံ့စွာ စီမံခန့်ခွဲခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ သုတေသနလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်သွားရန် စီစဉ်နေခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် ရေအားလျှပ်စစ်၊ နေရောင်ခြည်စွမ်းအင်နှင့် လေစွမ်းအင်ကဲ့သို့သော စိမ်းလန်းသည့် စွမ်းအင်အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း နှစ်နိုင်ငံကြား ရင်းနှီးမြှုပ်နှံမှုများနှင့် နည်းပညာ ဖလှယ်မှုများကို မြှင့်တင် ဆောင်ရွက်လျက်ရှိပြီး ထိုပူးပေါင်း ဆောင်ရွက်မှုများသည် ဒေသတွင်းရေအရင်းအမြစ်လုံခြုံရေးကို အားကောင်းစေရုံသာမက ရာသီဥတုပြောင်းလဲမှု၏ အကျိုးသက်ရောက်မှုများကို လျှော့ချရာတွင်လည်း အထောက်အကူပြုမည် ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

# ကနေဒါနိုင်ငံ ပရင့်ဂျော့ရှ်မြို့အနီး တောမီးလောင်ကျွမ်းမှုကြောင့် ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းရန် သတိပေးထား

**အော့တဝါ ဇွန် ၄**

ကနေဒါနိုင်ငံ ဗြိတိသျှကိုလံဘီယာပြည်နယ် ပရင့်ဂျော့ရှ်မြို့အနီးတွင် တောမီးလောင်ကျွမ်းမှုဖြစ်ပေါ်နေပြီး တောမီးထိန်းချုပ်ရခက်သည့်အဆင့်သို့ ရောက်ရှိနေသဖြင့် ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းရန် သတိပေးထားကြောင်း ဗြိတိသျှကိုလံဘီယာပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ဇွန် ၃ ရက် သတင်းများတွင်ဖော်ပြထားသည်။

တောမီးသည် ပရင့်ဂျော့ရှ်မြို့အနောက်တောင်ဘက်ပိုင်းတွင် လောင်ကျွမ်းနေခြင်းဖြစ်ပြီး တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေသည့်အနီးမှ ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းရန် သတိပေးထားကြောင်း၊ တောမီးလောင်ကျွမ်းမှုဖြစ်ပွားသည့်နေရာသည် သစ်တောမြေ ၁၇၈၉၄ ဟက်တာထိ ကျယ်ဝန်းကြောင်း သိရသည်။

"ပရင့်ဂျော့ရှ်မြို့အနီးမှာ တောမီးလောင်ကျွမ်းမှု ဖြစ်ပွားနေပါတယ်။ တောမီးဟာ ထိန်းချုပ်ရခက်တဲ့အဆင့်ကို ရောက်ရှိနေပြီး နေအိမ်တွေနဲ့ အခြေခံအဆောက်အအုံတွေဆီကို ကူးစက်လာနိုင်တဲ့ အခြေအနေဖြစ်ပါတယ်။ အခြေခံအဆောက်အအုံနဲ့ နေအိမ် ၂၂ လုံးမှာ နေထိုင်တဲ့ဒေသခံတွေကို အမြန်ဆုံးဘေးလွတ်ရာရွှေ့ပြောင်းဖို့သတိပေးထားပြီး သတိပေးချက်လက်ခံရရှိတဲ့အချိန်မှာ ချက်ချင်းရွှေ့ပြောင်းဖို့ လိုအပ်ပါတယ်"ဟု ဗြိတိသျှကိုလံဘီယာ မီးသတ်တပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

# ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၃၄၅၆၆ ဧက စိုက်ပျိုးမည်


ယခင်နှစ်က စပါးစိုက်ခင်းကို တွေ့ရစဉ်။

**ဘုတလင် ဇွန် ၄**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာ ခရိုင် ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၃၄၅၆၆ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ဘုတလင်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဘုတလင်မြို့နယ်တွင် စပါး ၃၄၅၆၆ ဧက စိုက်ပျိုးရန် လျာထားပြီး အဆိုပါစပါးစိုက်ပျိုးမှုကို ဇူလိုင်လပထမပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဘုတလင်မြို့နယ်မှာ စပါး ၃၄၅၆၆ ဧကစိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားပါမယ်။ မိုးစပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့ နည်းပညာတွေ၊ မျိုးကောင်းမျိုးသန့်တွေ ဆောင်ရွက်ပေးမယ်။ တောင်သူတွေအနေနဲ့ မိုးစပါးတွေအချိန်မီ စိုက်ပျိုးနိုင်ဖို့ ကွင်းဆင်း ဆောင်ရွက်ပေးသွားမယ်"ဟု ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြသည်။

ဘုတလင်မြို့နယ်တွင် စိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်စေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးခြင်း၊ ပိုးမွှားကျရောက်မှု ကင်းထောက်ခြင်း၊ တမန်းနှိုးပေါင်းထိုးခြင်း၊ မျိုးကွဲနုတ်ပယ်ခြင်း၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲခြင်း စသည့် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း စားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြ၍ သိရသည်။

(၂၀၆)

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း မျှင်ငါးပိ ပိဿာချိန်အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

**လပွတ္တာ ဇွန် ၄**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် မေလအတွင်း မျှင်ငါးပိ ပိဿာချိန်အများအပြား တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် ငါးပိ၊ ငါးခြောက် ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းမော်က ပြောပြသည်။

လပွတ္တာမြို့နယ်မှ ဒေသထွက် မျှင်ငါးပိများကို ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချလျက်ရှိကြောင်း၊ ပြီးခဲ့သည့် ဧပြီလအတွင်း မျှင်ငါးပိ ပိဿာချိန် ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မေလအတွင်း မျှင်ငါးပိ ပိဿာချိန် ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"လပွတ္တာမြို့နယ်ကနေ မျှင်ငါးပိတွေအပါအဝင် ဒေသထွက်ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ထဲတင်ပို့ ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့တစ်လအတွင်း မျှင်ငါးပိ ပိဿာချိန် ၄၅၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ပါတယ်။ ရန်ကုန်ဈေးကွက်က လက်ရှိမှာလဲ မျှင်ငါးပိတွေ အမှာကုန်အရမ်းများနေပါတယ်။ မျှင်ငါးပိတွေကို ရန်ကုန်ဈေးကွက်အပြင် အခြားဒေသတွေကိုလဲ တင်ပို့ရောင်းချနေပါတယ်"ဟု လပွတ္တာမြို့နယ်မှ ငါးပိ၊ ငါးခြောက်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းမော်က ပြောပြသည်။

လပွတ္တာမြို့နယ်တွင် ငါးပိ၊ ငါးခြောက်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ပင်လယ်ကရရှိသော မျှင်ကောင်များကို ဝယ်ယူသန့်စင်ကာ အသင့်စားသုံးနိုင်သော မျှင်ငါးပိအဖြစ် ထုတ်လုပ်ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ မျှင်ငါးပိ တစ်ပိဿာလျှင် ငွေကျပ် ၃၅၀၀၀ မှ ၄၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

## ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေဖတ်ကြစို့









**မန္တလေးတိုင်းဒေသကြီး ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ကန်တော်ကြီး)အတွင်းရှိ အဆောင်အမှတ်(၁၃)ကို သတ်မှတ်ရေးဆွဲထားသော Structural design အတိုင်း ပြုပြင်ဆောက်လုပ်နိုင်ရေးအတွက် သတ်မှတ်ရက်တိုးမြှင့်၍ လုပ်ငန်းတင်ဒါခေါ်ယူခြင်း**

(၁) မန္တလေးတိုင်းဒေသကြီး ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ကန်တော်ကြီး)အတွင်းရှိ အဆောင်အမှတ်(၁၃)ကို သတ်မှတ်ရေးဆွဲထားသော Structural design အတိုင်း ပြုပြင်ဆောက်လုပ်နိုင်ရေးအတွက် လုပ်ငန်းအိတ်ပိတ်တင်ဒါတင်သွင်းရန် ပြည်တွင်းလုပ်ငန်းရှင်များအား ဖိတ်ခေါ်အပ်ပါသည်။

(၂) လုပ်ငန်းဆောင်ရွက်ရမည့်ပုံစံစာအုပ်ကို ၃-၆-၂၀၂၆ ရက်မှစ၍ ၇-၆-၂၀၂၆ရက် ရုံးချိန်အတွင်း ဝယ်ယူနိုင်သည်။ တင်ဒါတင်သွင်းလိုသူများအား ၈-၆-၂၀၂၆ ရက် နံနက် ၁၀ နာရီအချိန်တွင် တာဝန်ရှိသူများမှ တင်ဒါစည်းကမ်းချက်များနှင့်ပတ်သက်၍ ရှင်းလင်းဖြေကြားပေးပါမည်။ တင်ဒါကို ၁၂-၆-၂၀၂၆ ရက် နံနက် ၁၀ နာရီတွင် ချိတ်ပိတ်အိတ်ဖြင့် တင်သွင်းရန်နှင့် ယင်းနေ့ ၁ နာရီတွင် တင်ဒါဖွင့်လှစ်ပါမည်။

**တင်ဒါခေါ်ယူရေးနှင့် စိစစ်လက်ခံရေးကော်မတီ**
**ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ကန်တော်ကြီး) အဆောင်အမှတ်(၁)**
**မန္တလေးမြို့**

## အမည်မှန်

မန္တလေးမြို့ ပုသိမ်ကြီးမြို့နယ် ဘ/က(မူလွန်) အေးမြသာယာကျောင်း Grade-3 တွင် ပညာသင်ကြားခဲ့သော (ဘ) ဦးစိုးဝင်း၏ သမီး မသီရိရှင်းသန့်၏ အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ မရှင်းသန့်သီရိ ဖြစ်ပါကြောင်း။
**မရှင်းသန့်သီရိ**

## အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့ အထက(၂)ကျောင်း Grade-1 တွင် ပညာသင်ကြားခဲ့သော (ဘ) ဦးဇော်ဝင်းမောင်၏ သမီး မချယ်ရီမောင်၏ အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ မမေဘုန်းပြည့် ဖြစ်ပါကြောင်း။
**မမေဘုန်းပြည့်**

**ပျောက်ဆုံးကြောင်း**

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ် နောင်လိုင်ရွာနေ စိုင်းခမ်းပိုင် (ဘ) ဦးစိုင်းဆန်းမောင် (၁၃/တယန(နိုင်)၀၄၂၄၆၁)၏ ပတ်စ်ပို့အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-751171452**

**ပျောက်ဆုံးကြောင်း**

ပျော်ဘွယ်မြို့ မြို့မရပ်ကွက်နေ နန်းဆွေဟန် (ဘ) ဦးကျော်လှ (၁၃/သပန(နိုင်)၀၆၀၃၅၆)၏ ပတ်စ်ပို့အမှတ်(M 468164)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
**09-767690855**

**ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန**
**ပြည်တွင်းအခွန်များဦးစီးဌာန**
**မန္တလေးတိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးရုံး အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ၂၀၂၆-၂၀၂၇ ခု ဘဏ္ဍာရေးနှစ် ပြည်တွင်းအခွန်များဦးစီးဌာန၏ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် အမှတ်(၃) တန်းမြင့်ကျောင်းရပ်မြေဧရိယာ(၀.၃၆၂)ဧကပေါ်တွင် တောင်သာမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၏ ဝန်ထမ်းအိမ်ရာနှင့် စားဖိုဆောင်အုတ်ညှပ်၊ နံကပ်(၁)ထပ်(၃၀'x၂၀') (၁၀'x၁၀')အဆောက်အဦသစ်ဆောက်လုပ်ရန်အတွက် မြန်မာနိုင်ငံသားကုမ္ပဏီများအား အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | | |
|---|---|---|---|
| (က) | တင်ဒါပုံစံရောင်းချမည့်ရက် | - | ၁၀-၆-၂၀၂၆ |
| (ခ) | တင်ဒါပုံစံရောင်းချမည့်နေရာ | - | မန္တလေးတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံး၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့၊ ၆၅လမ်း၊ ၂၂-၂၃ လမ်းကြား။ |
| (ဂ) | တင်ဒါတင်သွင်းရမည့် နောက်ဆုံး ရက်/အချိန် | - | ၂၃-၆-၂၀၂၆ ညနေ ၁၅:၃၀နာရီ |
| (ဃ) | တင်ဒါဖွင့်လှစ်မည့်နေရာ | - | မန္တလေးတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံး၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့၊ ၆၅လမ်း၊ ၂၂-၂၃ လမ်းကြား။ |

၂။ အသေးစိတ်သိရှိလိုပါက ပြည်တွင်းအခွန်များဦးစီးဌာန မန္တလေးတိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးရုံး၊ ဖုန်း ၀၂-၄၀၃၅၉၁၀၆ သို့ ရုံးချိန်အတွင်း ဆက်သွယ်၍ မေးမြန်းနိုင်ပါကြောင်းနှင့် တင်ဒါဖွင့်လှစ်မည့် ရက်/အချိန်တို့ကို ထပ်မံ၍ ထုတ်ပြန်ကြေညာသွားမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**မန္တလေးတိုင်းဒေသကြီး အခွန်များဦးစီးဌာနမှူးရုံး၊ မန္တလေးမြို့။**

## အမည်မှန်

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် အထကမြို့မကျောင်းမှ Grade-4 တန်းတွင် ပညာသင်ကြားနေသော (ဘ) ဦးထွန်းဝေ၏သား မောင်ဖုန်းသူရိန်ထွန်း၏ အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ မောင်ဘုန်းသူရိန်ထွန်း ဖြစ်ပါကြောင်း။ **မောင်ဘုန်းသူရိန်ထွန်း**

## အမည်မှန်

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် UNITY ကိုယ်ပိုင်အထက်တန်းကျောင်းမှ Grade-9 တန်းတွင် ပညာသင်ကြားနေဆဲဖြစ်သော (ဘ) ဦးကျော်ဆန်းဝင်း၏ သား မောင်ထူးနန်းမင်းခန့်၏ အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ မောင်အံ့ထူးသစ်ဖြစ်ပါကြောင်း။ **မောင်အံ့ထူးသစ်**

## အမည်ပြောင်း

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် UNITY ကိုယ်ပိုင်အထက်တန်းကျောင်းမှ Grade-1 တန်းတွင် ပညာသင်ကြားနေသော (ဘ) ဦးချစ်မင်းသူ၏ သား မောင်အောင်ဘုန်းပြည့်အား မောင်အောင်ထက်မြတ်ဦးဟု အမည်ပြောင်းလဲခေါ်ပါရန်။ **မောင်အောင်ထက်မြတ်ဦး**

## အမည်မှန်

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် မူလွန်(၁၁)ကျောင်းမှ Grade-6 တန်းတွင် ပညာသင်ကြားနေသော (ဘ) ဦးသက်နိုင်၏ သမီး မစုမီမီကျော်၏ အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ မစုမေမီကျော် ဖြစ်ပါကြောင်း။
**မစုမေမီကျော်**

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ဒုတိယသမ္မတ ဦးညိုစော ၂၉ ကြိမ်မြောက် နိုင်ငံတကာစီးပွားရေးဖိုရမ် (29th St. Petersburg International Economic Forum- SPIEF 2026) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညိုစော ၂၉ ကြိမ်မြောက် နိုင်ငံတကာစီးပွားရေးဖိုရမ်(29th St. Petersburg International Economic Forum- SPIEF 2026) ဖွင့်ပွဲအခမ်းအနားတွင် ဆွေးနွေးပြောကြားစဉ်။

**နေပြည်တော် ဇွန် ၄**

၂၉ ကြိမ်မြောက် နိုင်ငံတကာစီးပွားရေးဖိုရမ် (29th St. Petersburg International Economic Forum-SPIEF 2026) ဖွင့်ပွဲအခမ်းအနားကို ယနေ့ ဒေသစံတော်ချိန် မွန်းလွဲပိုင်းတွင် စိန့်ပီတာစဘတ်မြို့ရှိ EXPOFORUM Convention and Exhibition Centre ၌ ကျင်းပရာ ဒုတိယသမ္မတ ဦးညိုစော တက်ရောက်ဆွေးနွေးပြောကြားသည်။


စာမျက်နှာ ၁၈ ကော်လံ ၁ ☆

နှစ်နိုင်ငံချစ်ကြည်ရေးမှသည် အနာဂတ်အကျိုးတူဖွံ့ဖြိုးရေးဆီသို့ ဆောင်းပါး စာမျက်နှာ - ၂၄

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့ကျင်းပ စာမျက်နှာ - ၁၉

ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် သုံးထပ်လူနေအဆောက်အအုံ သုံးလုံးကို စနစ်တကျ ထပ်မံဖြိုချဖျက်ဆီး စာမျက်နှာ - ၂၇

## အနောက်တောင်မုတ်သုံလေ မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဝင်ရောက်ခဲ့ပြီးဖြစ်




၂၀၂၆ ခုနှစ်၊ မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ အနောက်တောင်မုတ်သုံလေ ဝင်ရောက်သည့်ရက်များပြပုံ

**နေပြည်တော် ဇွန် ၄**

အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဝင်ရောက်ခဲ့ပြီးဖြစ်သည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

## ပြည်ထောင်စုနယ်မြေ နေပြည်တော် ၃၃ ကေဗွီဓာတ်အားခွဲရုံ အမှတ်(၁)ရှိ ၁၁ ကေဗွီ နိုင်ငံခြားရေးဓာတ်အားလိုင်းကို ထိန်းသိမ်းပြုပြင်ရေးလုပ်ငန်းဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ဓာတ်အားပြတ်တောက်မှု လျော့နည်းစေရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး ဓာတ်အားလိုင်းတစ်လျှောက် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ၊ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ပုံမှန်ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် ၃၃ ကေဗွီ ဓာတ်အားခွဲရုံအမှတ်(၁)မှ ဓာတ်အားဖြန့်ဖြူးပေးထားသော ၁၁ ကေဗွီ နိုင်ငံခြားရေးဓာတ်အားလိုင်းကို ၂၀၂၆ ခုနှစ် ဇွန် ၆ ရက်နှင့် ၁၃ ရက်တွင် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီထိ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်သဖြင့် ၁၁ ကေဗွီ နိုင်ငံခြားရေးဓာတ်အားလိုင်းမှ ဓာတ်အားဖြန့်ဖြူးပေးထားသော ဝန်ကြီးဌာနရုံးအချို့နှင့် အဖွဲ့အစည်းများအား ဓာတ်အားယာယီပြတ်တောက်နေမည်ဖြစ်ပြီး ဓာတ်အားပြတ်ရေိယာများရှိ အစိုးရရုံးဌာနများနှင့် အဖွဲ့အစည်းများကို ကြိုတင်အသိပေးထားပြီးဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

## မန္တလေး-မြစ်ကြီးနား လမ်းကြောင်းတစ်လျှောက်ရှိ မြို့ရွာများ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် လိုအပ်သောကုန်ပစ္စည်းများတင်ဆောင်၍ ဒုတိယအကြိမ် သွားရောက်ပို့ဆောင်သည့် မော်တော်ယာဉ်များ မန္တလေးမြို့သို့ ပြန်လည်ရောက်ရှိ

**နေပြည်တော် ဇွန် ၄**

တပ်မတော်အနေဖြင့် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားခဲ့သည့် မန္တလေးတိုင်းဒေသကြီးမှ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်အထိ ဆက်သွယ်ထားသော မန္တလေး-မတ္တရာ-သပိတ်ကျင်း-တကောင်း-ထီးချိုင့်-ကသာ-အင်းတော်-မော်လူး-

စာမျက်နှာ ၁၈ ကော်လံ ၁ ❖



မြစ်ကြီးနားမြို့သို့ ကုန်ပစ္စည်းပို့ဆောင်သည့် မော်တော်ယာဉ်များ မန္တလေးမြို့သို့ ပြန်လည်ရောက်ရှိလာစဉ်။

## အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေး နှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် ဇွန် ၄**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။ ကပ္ပလီပင်လယ်ပြင်၊ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။